# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျရောက်ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်နေ့ | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ် (၁၀၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝက ပေးအပ်ထားသည့် အားသာချက်များကို အကျိုးရှိစွာအသုံးချ၍ အထွက်နှုန်းကောင်းစေရန် စနစ်တကျဖြင့် မွေးမြူကြရန်လို

## မြိတ်မြို့ဆိပ်ကမ်းကိုလည်း နိုင်ငံတကာအဆင့်မီဆိပ်ကမ်းတစ်ခုဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ ငါးဖမ်းလုပ်ငန်း၊ ငါးပုစွန် မွေးမြူရေးလုပ်ငန်းနှင့် ဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများ ရှင်းလင်းတင်ပြခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ ငါးဖမ်းလုပ်ငန်း၊ ငါးပုစွန် မွေးမြူရေးလုပ်ငန်းနှင့် ဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများ ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မြိတ်မြို့ရှိ မြိတ်ကော်ပိုရေးရှင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ရုံး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ


*စာမျက်နှာ ၃ ကော်လံ ၁* ❐





# စည်းလုံးညီညွတ်မှုကို တည်ဆောက် အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်

၂၁ ရာစု ကမ္ဘာကြီး၏ အခင်းအကျင်းတွင် အင်ဒို-ပစိဖိတ်ရပ်ဝန်းက အင်အားကြီးတို့၏ အာရုံကျက်စားရာဖြစ်လာသည်။ မြန်မာနိုင်ငံအဖို့မူ အာရှနိုင်ငံကြီးနှစ်နိုင်ငံအကြားတွင် ပေါင်းကူးသဖွယ်ဆက်စပ်နေခြင်း၊ ကမ္ဘာ့စီးပွားရေးတွင် ထိပ်တန်းသို့ တက်လှမ်းလာသည့် နိုင်ငံ၊ ကမ္ဘာ့လူဦးရေထူထပ်သိပ်သည်းမှု အများဆုံးနိုင်ငံတို့နှင့် နယ်နိမိတ်များ ထိစပ်နေခြင်း၊ အိန္ဒိယသမုဒ္ဒရာနှင့်တစ်ဆက်တစ်စပ်တည်းဖြစ်သော ဘင်္ဂလားပင်လယ်အော်ကို မျက်နှာမူလျက် ပင်လယ်ကမ်းရိုးတန်းများ ပိုင်ဆိုင်ထားခြင်း ဆိုသည့် ပထဝီနိုင်ငံရေးဆိုင်ရာ အချက်အလက်များက မိမိတို့နိုင်ငံအတွက် အဓိကလိုအပ်ချက်တစ်ရပ်ကို ပြဋ္ဌာန်းထားသည်။ ယင်းအချက်မှာ မြန်မာနိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသားလူမျိုးများအားလုံး တစ်ခဲနက်စည်းလုံးညီညွတ်ကြရန် လိုအပ်ချက်ပင်ဖြစ်သည်။

မြန်မာနိုင်ငံအတွက် မရှိမဖြစ်သည့် စည်းလုံးညီညွတ်ရေးကို ခေတ်အဆက်ဆက် နိုင်ငံ့ခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များက ကြိုးပမ်းခဲ့ကြသည်။ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ခဲ့သည့် ၇၄ နှစ်တာကာလအတွင်း နိုင်ငံ၏တောင်ပေါ်မြေပြန့် ကမ်းရိုးတန်းစသည့် ဒေသအားလုံး တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အားသွန်ခွန်စိုက်တစည်းတလုံး တက်ညီလက်ညီ ဆောင်ရွက်ကြရမည့်အစား မယုံသင်္ကာသံသယများဖယ်ရှားရေး၊ အငြိုးအတေး အာဃာတတို့ ကင်းစင်ရေးနှင့် နိုင်ငံတစ်စစီ မပြိုကွဲမပျက်စီးအောင် ထိန်းသိမ်းရေးတို့ကိုသာ ကာလတာရှည် ဆောင်ရွက်ခဲ့ရသည်။ လက်ရှိအခြေအနေတွင်လည်း မြန်မာနိုင်ငံသည် ပြည်ပနိုင်ငံအုပ်စုများ၏ သွေးထိုးလှုံ့ဆော်မှုများ၊ အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးဆောင်စည်းရုံးမှု၊ ခြိမ်းခြောက်မှုများ၊ သတင်းတု သတင်းယောင်များနှင့် နိုင်ငံကိုလုပ်ကြံဖျက်ဆီးနေသည့် ပြည်ပလက်ဝေခံမီဒီယာများ၏ ထုတ်လွှင့်မှုများကြောင့် နိုင်ငံ၏ ဒေသအချို့တွင် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှုတို့ ပျက်ပြားလျက်ရှိသည်။

ယင်းသို့သော ဒေသများတွင် ပြည်သူလူထုများအကြား အသိအမြင်လွဲမှားမှု၊ ကြောက်ရွံ့ထိတ်လန့်မှုများနှင့်အတူ အကြမ်းဖက်သမားများ၊ အကြမ်းဖက်အဖွဲ့အစည်းများက ဝင်ရောက်နေရာယူကာ အကြမ်းဖက်လုပ်ရပ်များဖြစ်သည့် လူသတ်၊ မိုင်းထောင်၊ မီးရှို့၊ ဖောက်ခွဲ၊ တိုက်ခိုက်မှုများ ပြုလုပ်နေကြသည်။ ၎င်းတို့၏ လုပ်ရပ်များကို လက်မခံနိုင်သည့် ပြည်သူများ၏ သတင်းပေးပို့မှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းရရှိရာနေရာများသို့ ဝင်ရောက်ဖမ်းဆီးရခြင်း၊ အပြန်အလှန်တိုက်ခိုက်ရခြင်းတို့ကို ဆောင်ရွက်ကြရသည်။ နယ်မြေဒေသအတွင်း အကြမ်းဖက်သမားများရှိနေခြင်းသည်လည်းကောင်း၊ နယ်မြေဒေသအတွင်းသို့ အကြမ်းဖက်သမားများ ဝင်ရောက်လာခြင်းသည်လည်းကောင်း နယ်မြေဒေသ မတည်မငြိမ်မှုများ ဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်းပင်ဖြစ်သည်။ နောက်ကွယ်မှ ထောက်ပံ့ပေးကမ်းမှုများနှင့် သွေးထိုးမြှောက်ပင့်နေမှုများက အကြမ်းဖက်မှုများကို သက်ဆိုးရှည်ရုံမျှသာဖြစ်ပြီး ပြည်ပြေးတချို့အတွက်မူ အဓိကဝင်ငွေရလမ်းပင်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုတို့ နေရာဒေသအားလုံးတွင် ရှိဖို့လိုသည်။ ဆူပူအုံကြွနေခြင်း၊ အကြမ်းဖက်တိုက်ခိုက်နေခြင်းတို့က နိုင်ငံအတွက် ကောင်းရာကောင်းကျိုးဖြစ်လာမည်မဟုတ်။ ဆိုင်ရာနယ်မြေဒေသအဖို့လည်း တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းသာယာဝပြောမှုတို့ ဆောင်ကြဉ်းနိုင်မည်မဟုတ်။ နိုင်ငံအတွက်၊ ဒေသအတွက်၊ ဒေသခံပြည်သူများအတွက် အန္တရာယ်သက်သက်သာ ဖြစ်စေသည့် အကြမ်းဖက်မှုများကို ဆန့်ကျင်ပယ်ရှားရာတွင် ပြည်သူလူထုအားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ကြရေးအတွက် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

ပြည်ထောင်စုအကျိုး သယ်ပိုးဖို့
အသိပညာ မြှင့်တင်စို့

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့်
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့်

စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် မှ ၃၁ ရက်
ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ နေပြည်တော်။

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁၅**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများဆက်ကပ် လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ မန်ဆူဘုရားကြီး ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက်ရှိ ရတနာကျောင်းတိုက်၊ ဒလမြို့နယ် ခနုတ်ကျေးရွာရှိ ခနုတ်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ သဲအင်းဂူတရားပြကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မင်းကြီးကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ နဝင်းရပ်ကွက်ရှိ သီတဂူဗုဒ္ဓကောလိပ်(ပြည်)တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မ အလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လာနီညာဖြစ်စဉ်ကြောင့် အချိန်အခါမဟုတ် မိုးရွာသွန်း

**နေပြည်တော် ဇန်နဝါရီ ၁၅**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean) ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်မှ အားအသင့်အတင့်ရှိသော လာနီညာအခြေအနေသို့ ရောက်ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်များအရ ယခုလက်ရှိ ဇန်နဝါရီလအတွင်း အားအနည်းငယ်မှ အားအသင့်အတင့်ရှိသော လာနီညာအဆင့်တွင် ဆက်လက်တည်ရှိနိုင်ပြီး ဖေဖော်ဝါရီလနှင့် မတ်လများတွင် အားအနည်းငယ်ရှိသော လာနီညာအဆင့်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါလာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့မြောက်မုတ်သုံလေအားကောင်းမှုကြောင့် မြန်မာနိုင်ငံတွင် ညအပူချိန်များ လျော့နည်းခြင်း၊ အအေးပိုခြင်း၊ အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာခြင်းစသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။

လာနီညာဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

**မိုး/ဇလ**

## နွားထိုးကြီး ကမ္ဘောဇဘဏ်ပြန်ဖွင့်ရန် စီစဉ်လျက်ရှိ

**နွားထိုးကြီး ဇန်နဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်တွင် တစ်နှစ်နီးပါးကြာပိတ်ထားသော ကမ္ဘောဇဘဏ်ခွဲကို လာမည့်ဇန်နဝါရီ ၁၇ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ရန်စီစဉ်နေကြောင်း နွားထိုးကြီး ကမ္ဘောဇဘဏ်ခွဲထံမှ သိရသည်။

ဘဏ်ပြန်လည်ဖွင့်လှစ်ရေးအတွက် ယနေ့နံနက်ပိုင်းက ကမ္ဘောဇဘဏ် ဝန်ထမ်းများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ကြသည်။ ဘဏ်ပြန်လည်ဖွင့်လှစ်မည်ဆိုသော်လည်း ATM ငွေထုတ်စက်ဖြင့် ငွေထုတ်ရမရကို မူ မသိရသေးကြောင်း၊ ငွေမည်မျှထုတ်ပေးမည်ကိုလည်း မသိရသေးကြောင်း ဆိုသည်။




နွားထိုးကြီးမြို့တွင်တစ်ခုတည်းသော ပုဂ္ဂလိကဘဏ်ဖြစ်ပြီး နွားထိုးကြီးမြို့နယ်အတွက် ပုဂ္ဂလိကဘဏ်များ တိုးမြှင့်ဖွင့်လှစ်ပေးရန်ကိုလည်း မြို့ခံများက လိုလားမျှော်လင့်နေကြသည်။ ဝ၁၈

## အရည်အသွေး ကောင်းမွန်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရေး ကြိုးပမ်း

ကုန်သွယ်မှုအရ ရငွေများရရှိအောင် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ထုတ်ကုန်များ ယခုထက် ပိုမိုတင်ပို့နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် ပြည်ပသို့တင်ပို့သည့် ထုတ်ကုန်များအား အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ အလားတူပြည်တွင်း၌လည်း အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်သည့် ထုတ်ကုန်များဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၃၀-၁၂-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၄/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ ငါးဖမ်းလုပ်ငန်း၊ ငါးပုစွန် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများနှင့်ပတ်သက်ပြီး တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

❒ *ရှေ့ဖုံးမှ*

တာဝန်ရှိသူများ၊ မြိတ်ခရိုင်အတွင်းရှိ ငါးပုစွန်မွေးမြူရေး လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြိတ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးလှသန်းက နယ်စပ်ကုန်သွယ်ရေးအခြေအနေ၊ စက်မှုဇုန်များဆောင်ရွက်မှုအခြေအနေ၊ မြိတ်ဒေသရေလုပ်ငန်းနှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ထုံခါ – သဲဖြူ – မောတောင်လမ်း တည်ဆောက်နေမှု၊ မောတောင်နယ်စပ်ကုန်သွယ်ရေးဂိတ် ဆောင်ရွက်မှုအခြေအနေ၊ ပုစွန်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ၊ ကမ်းနီးကမ်းဝေးငါးဖမ်း စက်လှေများအခြေအနေနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများကိုလည်းကောင်း၊ မြိတ်မြို့ နိုင်ငံတကာအဆင့်မီ ငါးလေလံဈေးနှင့် စက်မှုဇုန်စီမံကိန်းတာဝန်ခံ ဦးဟန်ထူးအောင်က စီမံကိန်းတည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေများကို Video Clip ဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ငါးဖမ်းလုပ်ငန်း၊ ငါးပုစွန်မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူးဦးသက်စိုးက ကမ်းဝေး၊ ကမ်းနီးငါးဖမ်းလှေများ၏ အခြေအနေ၊ ကမ်းဝေးငါးဖမ်းလှေများကို VMS များ တပ်ဆင်ပေးမှုအခြေအနေ၊ နှစ်အလိုက်ပြည်ပသို့ ရေထွက်ပစ္စည်းများတင်ပို့မှုနှင့် စနစ်တကျဖြစ်စေရေး ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ ငါး၊ ပုစွန်၊ ကဏန်းပျော့၊ ဂျင်းခရုနှင့် ပင်လယ်ရေမှော်များ မွေးမြူမှုအခြေအနေများကို လည်းကောင်း၊ မြိတ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် စီမံကိန်းဒါရိုက်တာ ဦးအေးမင်းအောင်က တနင်္သာရီမြို့နယ်နှင့် မြိတ်မြို့နယ်တို့တွင် BBWI & MCPC ကုမ္ပဏီလီမိတက်မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြိတ်ခရိုင်စီမံကိန်းနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### စက်မှုဇုန်တည်ဆောက်ရေး

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ငါးလေလံဈေးနှင့် စက်မှုဇုန်တည်ဆောက်ရေးအတွက် ၂၀၂၁ ခုနှစ် မြိတ်မြို့ခရီးစဉ်အတွင်း နေရာရွေးချယ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ စီမံကိန်းဆောင်ရွက်ရန်အတွက် နိုင်ငံတော်အစိုးရက ခွင့်ပြုပေးပြီးဖြစ်၍ ပထမအဆင့်အနေဖြင့် ငါးလေလံဈေးအား ဦးစားပေးတည်ဆောက်ရန်လိုကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးသည် ဆန်ဖူလုံမှုမရှိသည့်အတွက် စီမံကိန်းများဆောင်ရွက်ရာတွင် လယ်မြေများအား အသုံးမပြုရန်နှင့် မြေကိုအကျိုးရှိစွာ အသုံးချနိုင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ၏ စားရေရိက္ခာပေါများစေရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ မြိတ်ဒေသအတွင်း စပါးအထွက်နှုန်းများ တိုးတက်အောင် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ စားသောက်ကုန်ပစ္စည်းများအား ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပသွင်းကုန်များကို လျှော့ချနိုင်မည်ဖြစ်သဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။

*စာမျက်နှာ ၅ သို့*

- ❖ **ငါးလေလံဈေးနှင့် စက်မှုဇုန်တည်ဆောက်ရေးအတွက် ၂၀၂၁ ခုနှစ် မြိတ်မြို့ခရီးစဉ်အတွင်း နေရာရွေးချယ်ဆောင်ရွက်ပေးခဲ့၊ စီမံကိန်းဆောင်ရွက်ရန်အတွက် နိုင်ငံတော်အစိုးရက ခွင့်ပြုပေးပြီးဖြစ်၍ ပထမအဆင့်အနေဖြင့် ငါးလေလံဈေးအား ဦးစားပေးတည်ဆောက်ရန်လို**
- ❖ **တနင်္သာရီတိုင်းဒေသကြီးသည် ဆန်ဖူလုံမှုမရှိသည့်အတွက် စီမံကိန်းများဆောင်ရွက်ရာတွင် လယ်မြေများအား အသုံးမပြုရန်နှင့် မြေကိုအကျိုးရှိစွာ အသုံးချနိုင်ရန်လို၊ မြိတ်ဒေသအတွင်း စပါးအထွက်နှုန်းများ တိုးတက်အောင် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**
- ❖ **စားသောက်ကုန်ပစ္စည်းများအား ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပသွင်းကုန်များကို လျှော့ချနိုင်မည်ဖြစ်သဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်**

# ကျွန်းစုမြို့နယ် ဒေသခံများအနေဖြင့် မိမိတို့၏ ရှိရင်းစွဲ လုပ်ငန်းများဖြင့် ရောင့်ရဲတင်းတိမ်နေ၍မရဘဲ လူနေမှုဘဝအဆင့်မြှင့်တင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်

## သဘာဝအရင်းအမြစ်များ၊ သယံဇာတများကို အသုံးချ၍ ဆောင်ရွက်မည်ဆိုပါက ကျွန်းစုမြို့နယ်သည် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး လိုအပ်သည့်နည်းပညာများကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား ယနေ့ နံနက်ပိုင်းတွင် ကျွန်းစုမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကျွန်းစုမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### လိုအပ်ချက်များတင်ပြ

ဦးစွာ ကျွန်းစုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းက ဒေသဆိုင်ရာ အချက်အလက်များ၊ မွေးမြူရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့် ဒေသဝမ်းစာအတွက် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်မှု အခြေအနေ၊ ရော်ဘာ၊ အုန်းနှင့် ဆီအုန်းပင် စိုက်ပျိုးထားရှိမှုအခြေအနေ၊ ရေထွက်သယံဇာတများ ထုတ်လုပ်မှုနှင့် မွေးမြူရေးဆောင်ရွက်နေမှုအခြေအနေ၊ ဒေသတွင်း လျှပ်စစ်မီးသုံးစွဲမှုအခြေအနေ၊ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိစေရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဆလုံလူမျိုးများအား လိုအပ်သည်များကို ထောက်ပံ့ပေးလျက်ရှိသည့် အခြေအနေ၊ ဒေသတွင်းရှိ ကျွန်းများသို့ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများ လာရောက်လည်ပတ်မှုနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ပုလဲလုပ်ငန်းဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် ဒေသတွင်းလိုအပ်ချက်များကို တင်ပြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျွန်းစုမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအတွက် စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ ထောက်ပံ့ပေးအပ်စဉ်။

### ဆွေးနွေးပြောကြား

ထို့နောက် ဝန်ကြီးဌာနအသီးသီး၏ လုပ်ဆောင်နေမှုအခြေအနေများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက ဆွေးနွေးပြောကြားရာတွင် မြိတ်-ထားဝယ်-ကော့သောင်း လေကြောင်းခရီးစဉ်များကို ပြန်လည်ဖွင့်လှစ်ပေးထားသည့် အခြေအနေနှင့် ကျွန်းပတ်လေကြောင်းခရီးစဉ်များ လာမည့်ရက်သတ္တပတ်အတွင်း ပြန်လည်ပြေးဆွဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ရေကြောင်းခရီးစဉ်များ အဆင်ပြေချောမွေ့စွာဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးတို့အတွက် ရေကြောင်းထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ဒေသတွင်း ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများ လာရောက်မှုကို ထိရောက်စွာ အသုံးချ၍ ဒေသထွက်ကုန်၊ ထုတ်ကုန်များကို အရည်အသွေးပြည့်မီသည့် ရောင်းကုန်များအဖြစ် လုပ်ဆောင်နိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်သည့် အခြေအနေ၊ ဒေသဝမ်းစာဖူလုံရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ နည်းစနစ်များနှင့် အသေးစား စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် အရင်းအနှီးများကို မတည် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့်အခြေအနေ၊ ဒေသတွင်း ပုလဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ငှက်သိုက် ထုတ်လုပ်မှုအခြေအနေနှင့် ကျွန်းများကို အခြေပြု၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို လုပ်ဆောင်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

### ရေလုပ်ငန်း အဓိကထားလုပ်ဆောင်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ပြောကြားရာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားလို၍ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ လာရောက်ခြင်းဖြစ်ကြောင်း၊ ကျွန်းစုမြို့နယ်တွင် ကျေးလက်နေလူဦးရေများပြားပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းကို အဓိကထားလုပ်ဆောင်ကြသည်ကို တွေ့ရှိရကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်၍ မြို့ပေါ်နေသူများတွင် တိုးတက်မှုအချို့ ရှိနိုင်သည်ဟုဆိုသော်လည်း

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၃ မှ*

ရေထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်အောင် ပြည်တွင်း၌ ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ရန်လိုကြောင်း၊ မြိတ်ဒေသအတွင်း လျှပ်စစ်မီးလုံလောက်စွာ ရရှိရေးအတွက်လည်း ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး နိုင်ငံတော်မှ စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝက ပေးအပ်ထားသည့် အားသာချက်များကို အကျိုးရှိစွာအသုံးချ၍ အထွက်နှုန်းကောင်းစေရန် စနစ်တကျဖြင့် မွေးမြူကြရန်လိုကြောင်း၊ မြိတ်မြို့ ဆိပ်ကမ်းကိုလည်း နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်းတစ်ခုဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။

### ဆီအထွက်နှုန်းကောင်းမွန်စေရေး

မြိတ်မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြိတ်မြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးစေလိုကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း သံရိုင်း၊ ကျောက်မီးသွေးနှင့် ထုံးကျောက်များစွာရှိသဖြင့် ရေလုပ်ငန်းတစ်ခုတည်းကိုသာမက အခြားစက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း၊ အလားတူ တနင်္သာရီတိုင်းဒေသကြီးအား ဆီအိုးကြီးအဖြစ် သတ်မှတ်ထားကြောင်း၊ ထို့ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအထွက်နှုန်းကောင်းမွန်စေရေးအတွက် လုပ်ငန်းရှင်များအနေဖြင့် တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်အား မြိတ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးလှသန်းနှင့် တာဝန်ရှိသူများက မြိတ်မြို့ဓာတ်ပုံအား အမှတ်တရပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မြိတ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးလှသန်းနှင့် တာဝန်ရှိသူများက မြိတ်မြို့ဓာတ်ပုံအား အမှတ်တရပေးအပ်စဉ်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၄ မှ*

ဖွံ့ဖြိုးတိုးတက်မှု များစွာလိုအပ်နေသည်ကို တွေ့ရှိရကြောင်း၊ ဒေသခံများအနေဖြင့် မိမိတို့၏ ရှိရင်းစွဲလုပ်ငန်းများဖြင့် ရောင့်ရဲတင်းတိမ်နေ၍ မရဘဲ လူနေမှုဘဝအဆင့်မြှင့်တင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

### ပညာရေး အားပေးကြရန်လို

ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ရာတွင် အသိပညာ၊ အတတ်ပညာဖြင့် ပြည့်စုံသည့် လူသားအရင်းအမြစ်များရှိရန် လိုအပ်သည့်အတွက် ပညာရေးကို အားပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များကို ပြန်လည်ဖွင့်လှစ်ပေးထားကြောင်း၊ ပညာရေးသည်တစ်ဦးချင်း၏ လိုအပ်ချက်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့် ပညာတတ်များလိုအပ်ကြောင်း၊ ကလေးငယ်များပညာသင်ကြားခြင်းသည် ၎င်းတို့၏ ဘဝရပ်တည်ရေးနှင့် တိုးတက်ရေးအတွက်ဖြစ်ပြီး အစိုးရအတွက် အဓိက မဟုတ်ကြောင်း၊ ကျောင်းနေအရွယ် ကလေးငယ်တိုင်း ကျောင်းတက်ရောက်စေရေး မိဘများက တွန်းတွန်းတိုက်တိုက်ဖြင့် ဆောင်ရွက်စေလိုကြောင်း၊ သက်ဆိုင်ရာ ကဏ္ဍများအလိုက်လုပ်ငန်းများ ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရေးအတွက် အတန်းပညာများရှိရန် လိုအပ်ကြောင်း၊ ပညာသင်ကြားရေးအတွက် ယခုထက် ပိုမို၍တွန်းအားပေး ဆောင်ရွက်ကြရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် တစ်ဦးချင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ဒေသတွင်း ဝမ်းစာဖူလုံမှုနှင့် ပတ်သက်၍ လိုအပ်ချက်များရှိနေသည်ကို တွေ့ရှိရပြီး စိုက်ရေးယာများ တိုးချဲ့ခြင်းထက် အထွက်နှုန်းမြင့်မားရေးကို ဆောင်ရွက်ကြစေလိုကြောင်း၊ လိုအပ်သည့် အခြေခံစားကုန်ပစ္စည်းများကို ပြင်ပမှ ဝယ်ယူသုံးစွဲရာတွင် လမ်းခရီးအခက်အခဲများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်နိုင်မည်ဖြစ်သဖြင့် မိမိတို့ ဒေသတွင်း၌ပင် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်ကြစေလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဒေသအလိုက် ဝမ်းစာဖူလုံရေးအတွက် စားရေရိက္ခာဖူလုံရေးကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း။

### အုန်းကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်

စီးပွားရေးနှင့် ပတ်သက်၍ ရေလုပ်ငန်းများဆောင်ရွက်ရာတွင် ကျွန်းစုဒေသ၌ ကုန်ချောအဆင့်အထိ ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ မြိတ်ဒေသတွင် ရော်ဘာနှင့် အုန်းများ စိုက်ပျိုးဖြစ်ထွန်းပြီး အီကွေတာနှင့် နီးကပ်သောနိုင်ငံအချို့တွင် အုန်းစိုက်ပျိုးမှုကို စနစ်တကျစိုက်ပျိုး၍ ကုန်ပစ္စည်းထုတ်လုပ်မှုများအား စီးပွားဖြစ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့်လည်း အုန်းကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ရေး အဆင့်မြင့်အုန်းထွက်ကုန်များ ဆောင်ရွက်ရန်လိုပြီး လိုအပ်သည်များကို နိုင်ငံတော်မှ ပံ့ပိုးကူညီ

**“ဒေသတွင်း ဝမ်းစာဖူလုံမှုနှင့် ပတ်သက်၍ လိုအပ်ချက်များရှိနေသည်ကို တွေ့ရှိရပြီး စိုက်ရေးယာများ တိုးချဲ့ခြင်းထက် အထွက်နှုန်းမြင့်မားရေးကို ဆောင်ရွက်ကြစေလို၊ လိုအပ်သည့် အခြေခံစားကုန်ပစ္စည်းများကို ပြင်ပမှ ဝယ်ယူသုံးစွဲရာတွင် လမ်းခရီးအခက်အခဲများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်နိုင်မည်ဖြစ်သဖြင့် မိမိတို့ဒေသတွင်း၌ပင် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်”**

- **မြိတ်ဒေသတွင် ရော်ဘာနှင့်အုန်းများ စိုက်ပျိုးဖြစ်ထွန်းပြီး အီကွေတာနှင့်နီးကပ်သော နိုင်ငံအချို့တွင် အုန်းစိုက်ပျိုးမှုကို စနစ်တကျစိုက်ပျိုး၍ ကုန်ပစ္စည်းထုတ်လုပ်မှုများအား စီးပွားဖြစ် ဆောင်ရွက်လျက်ရှိ**
- **မိမိတို့အနေဖြင့် အုန်းကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ရေး အဆင့်မြင့်အုန်းထွက်ကုန်များ ဆောင်ရွက်ရန်လိုပြီး လိုအပ်သည်များကို နိုင်ငံတော်မှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည်”**

ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့ကဏ္ဍအလိုက်ယခုထက် ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ သဘာဝအရင်းအမြစ်များ၊ သယံဇာတများကို အသုံးချ၍ ဆောင်ရွက်မည်ဆိုပါက ကျွန်းစုမြို့နယ်သည် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး လိုအပ်သည့် နည်းပညာများကို ဖြည့်ဆည်းဆောင်ရွက်ပေးမည် ဖြစ်ကြောင်း။

ကြီးပွားတိုးတက်လိုစိတ်ရှိပါက ကြိုးစားအားထုတ်မှုရှိရမည်ဖြစ်ပြီး မိမိတို့၏ ကာယစွမ်းအား၊ ဉာဏစွမ်းအားများကို မှန်မှန်ကန်ကန်အသုံးချ၍ ကြီးပွားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ ထိုသို့ကြိုးစားဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်းဘဝ တိုးတက်အောင်မြင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူဖြစ်လာစေမည်ဖြစ်ကြောင်း။

### ခရီးသွားများ ဆွဲဆောင်နိုင်ရေးပြင်ဆင်

ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းများအား ခွင့်ပြုပေးထားကြောင်း၊ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ ဆွဲဆောင်နိုင်ရေးအတွက် ဝန်ဆောင်မှုများကို အဆင့်မီစွာဖြင့် ပြင်ဆင်ဆောင်ရွက်ထားရန်လိုပြီး အောင်မြင်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်ထုတ်လုပ်မှုနှင့် ပတ်သက်၍ ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရေး Survey လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်နှင့် လေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကိုလည်း ဆောင်ရွက်ခြင်းဖြင့် ကျွန်းစုဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထိုက်အလျောက် အထောက်အကူပြုမည်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်၊ ရပ်မိရပ်ဖများနှင့် ဒေသခံများ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်း၍ တိုင်ပင်ဆွေးနွေးဆောင်ရွက်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ကျွန်းစုဒေသကို ယခုထက်များစွာ ပိုမိုတိုးတက်စေလိုသည့်အတွက် တိုက်တွန်းအကြံပြု ပြောကြားခြင်းပင်ဖြစ်ကြောင်းနှင့် ကျွန်းစုမြို့ပေါ်မှ ဦးဆောင်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကျွန်းစုမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအတွက် စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လွိုင်ကော်မြို့၌ နှစ် (၇၀) ပြည့် ကယားပြည်နယ်နေ့ အခမ်းအနား ကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၁၅**

**နှစ်(၇၀)ပြည့် ကယားပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ရှိ ပြည်နယ်ခန်းမ၌ ကျင်းပသည်။**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သည့်နှစ်(၇၀)ပြည့် ကယားပြည်နယ်နေ့ အခမ်းအနား သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ် ဖတ်ကြားစဉ်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်နှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်းနှင့် ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နီလင်းအောင်၊ ပြည်နယ်တရားသူကြီးချုပ် ဒေါ်သန်းသန်းအေး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖွဲ့ဝင် ကယားမျိုးနွယ်စု ကိုးခုတို့မှ လူမျိုးစုခေါင်းဆောင်များက နေရာယူကြပြီး တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်များနှင့် ရဲဘော်အပေါင်းအား အလေးပြုကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ နှစ်(၇၀)ပြည့် ကယားပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်က ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ကယားပြည်နယ်နေ့မိန့်ခွန်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း စီမံခန့်ခွဲရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ကဏ္ဍတို့တွင် စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများမှ ဂုဏ်ထူးဆောင်ဆုတံဆိပ် ရရှိသူ ၅၃ ဦးအနက် စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု (ပထမဆင့်) ရရှိသူ ကယားပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအုံ့မော်အားလည်းကောင်း၊ လူမှုရေးဆိုင်ရာ ထူးချွန်ဆု (ပထမဆင့်) ရရှိသူ လွိုင်ကော်မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်အားလည်းကောင်း၊ စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု (ဒုတိယဆင့်) ရရှိကြသူ အားကစားနှင့် ကာယပညာ သိပ္ပံ (လွိုင်ကော်) ကျောင်းအုပ်ကြီး ဒေါ်စိုးစိုးမြနှင့် ပြည်နယ်ဥပဒေအထောက်အကူပြုကော်မတီဝင် ဦးအဲလ်ဘက် တို့အားလည်းကောင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု (တတိယဆင့်) ရရှိသူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းတန်အားလည်းကောင်း၊ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထူးချွန်ဆု (တတိယဆင့်) ရရှိကြသူ ပြည်နယ်ရဲတပ်ဖွဲ့ရုံးမှ ဒုတိယရဲအုပ် ချစ်ဆွေ၊ ဒုတိယရဲအုပ် ခင်မြင့်နှင့် ရဲတပ်ကြပ်ကြီး စိုးမင်းထွေး တို့အားလည်းကောင်း ဂုဏ်ထူးဆောင်ဆုတံဆိပ်များနှင့် ထူးချွန်မှုဂုဏ်ထူးဆောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တိုင်းမှူး ဗိုလ်မှူးချုပ် နီလင်းအောင်အား DVB–T2 Set Top Box များ ပေးအပ်လှူဒါန်းစဉ်။



ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး ဒုရဲအုပ် ခင်မြင့်အား ဂုဏ်ထူးဆောင် ဆုတံဆိပ်နှင့် ထူးချွန်မှုဂုဏ်ထူးဆောင်လက်မှတ်များ ပေးအပ်စဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကယားပြည်နယ်အတွင်းရှိတပ်ရင်း၊ တပ်ဖွဲ့များနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် DVB – T2 Set Top Box အလုံး ၁၀၀၀ ကိုပေးအပ်လှူဒါန်းရာ တပ်ရင်း၊ တပ်ဖွဲ့များကိုယ်စား အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နီလင်းအောင်ကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်စိုးစိုးထွန်းကလည်းကောင်း လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သဘာပတိအဖွဲ့ဝင် ကယားမျိုးနွယ်စု ကိုးခုတို့မှ လူမျိုးစု ခေါင်းဆောင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများသည် တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူတို့ကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နှစ်(၇၀)ပြည့် ကယားပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ပြည်နယ်အတွင်း စီမံခန့်ခွဲရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ကဏ္ဍတို့တွင် စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများမှ ဂုဏ်ထူးဆောင်ဆုတံဆိပ် ရရှိသူ ၅၃ ဦး အနက် ရှစ်ဦးအား ဂုဏ်ထူးဆောင်ဆုတံဆိပ်များနှင့် ထူးချွန်မှုဂုဏ်ထူးဆောင်လက်မှတ်များကို ပေးအပ် ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး ကျန်ရှိသည့် ဂုဏ်ထူးဆောင် ဆုတံဆိပ်ရရှိသူများကိုလည်း အခမ်းအနားပြုလုပ်၍ ဆက်လက်ပေးအပ် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြည်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပဲခူး ဇန်နဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် (ပထမအကြိမ်) ဆေးပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်တော် စွယ်တော်တိုက်၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်) ခေတ္တဒေသကွပ်ကဲရေးမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ဆေးပဋ္ဌာန်းရွတ်ဖတ် ပူဇော်လှူဒါန်းပွဲကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများကြီးမှူး၍ ဇန်နဝါရီ ၁၄ ရက်မှ ၁၇ ရက်အထိ ဆရာတော်၊ သံဃာတော် အပါး ၃၀ မှ အလှည့်ကျရွတ်ဖတ်ပူဇော်လှူဒါန်းသွားမည်ဖြစ်ပြီး ဆေးပဋ္ဌာန်းရွတ်ဖတ်ပူဇော်လှူဒါန်းမှု အောင်ပွဲအခမ်းအနား၌ ပြည်မြို့တွင်း ဩဝါဒဆရာတော်ကြီးများ၊ ဂိုဏ်းပေါင်းစုံ သံဃနာယကအဖွဲ့ ဆရာတော်များ၊ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်သည့် ဆရာတော်များ၊ အမှုဆောင်အဖွဲ့ သီလရှင်ဆရာကြီးများ၊ ဘုန်းတော်ကြီး စာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များမှ သံဃာ/ သီလရှင် စုစုပေါင်း အပါး ၁၇၃၀ တို့အား ဆေးနှင့်ဆေးဝါးပစ္စည်းများ ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့ ပညာရေးဒီဂရီကောလိပ်ရှိ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများအား သွားရောက်တွေ့ဆုံအားပေးပြီး သင်တန်းကာလ ရက် ၈၀ အတွက် နံနက်စာ ကုန်ကျငွေကျပ် ၃၆၂၄၀၀၀ နှင့် ဆရာ ဆရာမများအတွက် သီးခြားထောက်ပံ့ငွေကျပ် ၁၀ သိန်း ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေတောင်မြို့နယ် ဒုရင်ဒုဗိုလ်ရွာရှိ MCM Co., မှ GasTarbine ဖြင့် လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၄၀ ထုတ်လုပ်နေသည့်စက်ရုံသို့ သွားရောက်ကြည့်ရှုပြီး လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်မြို့နယ် လက်ပံတောအုပ်စု ငှက်ပစ်တောင်ကျေးရွာ၌ နေကြာသီးသန့် သုံးဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆီဖူလုံမှုရှိစေရေး တိုးချဲ့စိုက်ပျိုးသွားရန် မှာကြားပြီး ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာများ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝက်ထီးကန်မြို့ မိန်းမရဲကျေးရွာရှိ ဆိုလာစနစ်ဖြင့် လယ်မြေများ ရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်) ပြိုင်ပွဲကျင်းပ

**ဘားအံ ဇန်နဝါရီ ၁၅**

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယ ကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နေပြည်တော်တွင် ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးကိုယ်ကာယ ကြံ့ခိုင်မှုလေ့ကျင့်ခန်းပြိုင်ပွဲသို့ ကရင်ပြည်နယ် ကိုယ်စားပြုအသင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ယခုပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ကြောင်း၊ ပါဝင် ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် မိမိတို့ ကိုယ်စားပြုမြို့နယ်အသင်းများ အောင်မြင်မှုရရှိရေး ကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်း၊ ပြည်နယ် ကိုယ်စားပြုအားကစားသမားများကို ရွေးချယ်ရာတွင် အကောင်းဆုံးရွေးချယ်ပေးကြဖို့ တိုက်တွန်းလိုကြောင်း၊ ကရင်ပြည်နယ် အေရိုးဗစ်အသင်းသည် အောင်မြင်မှုအစဉ်အလာရှိသည့် အသင်းတစ်သင်းဖြစ်သည်နှင့်အညီ ယခုနှစ်ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲကို အဆင့်မီမီဖြင့် အောင်မြင်မှုရရှိအောင် ကြိုးစားလေ့ကျင့်ယှဉ်ပြိုင်ကစားသွားကြရန် လိုအပ်ကြောင်း စသည်ဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းအား ငွေကျပ် ၅၁ သိန်း ထောက်ပံ့ပေးအပ်ပြီး အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြကာ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြပြီး ပြိုင်ပွဲအား စတင်ကျင်းပသည်။




ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်) ပြိုင်ပွဲကို ဇန်နဝါရီ ၁၅ ရက်မှ ၁၆ ရက်အထိ နှစ်ရက်ကြာကျင်းပသွားမည်ဖြစ်ပြီး အမျိုးသမီး ငါးယောက်တွဲ ပြိုင်ပွဲ၊ သုံးယောက်တွဲပြိုင်ပွဲနှင့် တစ်ဦးချင်းပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစားသုံးမျိုး ကျင်းပသွားမည်ဖြစ်ကာ ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ဘားအံမြို့အဝင် ကျောက်စီရေမြောင်း တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ကရင်ပြည်နယ် ဘားအံမြို့ မြို့အဝင်မုခ်ဦး တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တပ်မတော်အထည်ချုပ်စက်ရုံ(ပျဉ်ပုံကြီး) ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၅**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်မတော်အထည်ချုပ်စက်ရုံ (ပျဉ်ပုံကြီး) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ နယ်မြေခံတပ်၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးနှင့် စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် စက်ရုံသစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မင်္ဂလာကမ္ပည်းမော်ကွန်းကို အောင်သပြေပန်းနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး စက်ရုံသစ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုကြရာ စက်ရုံမှူးက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။



အဆိုပါ တပ်မတော်အထည်ချုပ်စက်ရုံ(ပျဉ်ပုံကြီး)ကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်အရ တပ်မတော်သား မိသားစုဝင်များ အလုပ်အကိုင်ရရှိစေရေးအတွက် ရည်ရွယ်၍ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၁ ရက်တွင် ပဲခူးမြို့နယ်ရှိ နယ်မြေခံတပ်ဝင်းအတွင်း၌ စတင်တည်ဆောက်ခဲ့ပြီး ယနေ့တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




# နာဂရိုးရာနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**လေရှီး ဇန်နဝါရီ ၁၅**

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်သည့် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့ရှိ မြို့နယ်နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်အခမ်းအနား သဘာပတိ ဦးအောင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း မှပေးပို့သော နှစ်သစ်နှုတ်ခွန်းဆက် သဝဏ်လွှာကို မြို့နယ်နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှု အတွင်းရေးမှူး ဦးအောင်ဝင်းနိုင်က ဖတ်ကြားသည်။

ထို့နောက် သဘာပတိ ဦးအောင်ဝင်းက နာဂရိုးရာ နှစ်သစ်ကူးနေ့မှစ၍ နာဂတိုင်းရင်းသူ တိုင်းရင်းသားများအားလုံး ဆန်ရေစပါးများ ပေါကြွယ်ဝပြီး စိတ်ချမ်းသာ ကိုယ်ကျန်းမာပါစေကြောင်း ရိုးရာပန်တုံးထုကာ ဆုတောင်းမေတ္တာပို့သသည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်များကို ရိုးရာခေါင်ရည်၊ ရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**ဆိုင်းသား(လေရှီး)**

# နာဂရိုးရာနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ဆွမ္မရာမြို့၌ ကျင်းပ

**ဆွမ္မရာ ဇန်နဝါရီ ၁၅**

နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နာဂကိုယ်ပိုင်အုပ် ချုပ်ခွင့်ရဒေသ လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့နယ်များတွင် နှစ်စဉ် ဇန်နဝါရီ ၁၅ ရက်နေ့ရောက်တိုင်း အလှည့်ကျ နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်သော်လည်း ယခု ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် နိုင်ငံတော်အဆင့် မကျင်းပဖြစ်သော်လည်း မိမိမြို့နယ်များတွင်သာ နာဂရိုးရာနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်ကို အကျဉ်းချုံးသာ ကျင်းပလျက်ရှိရာ ဆွမ္မရာမြို့တွင် ယနေ့နံနက်က နာဂရိုးရာနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် ကျင်းပလျက်ရှိကြောင်း သိရသည်။

ရှေးဦးစွာ ဆွမ္မရာမြို့ရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးရွှေပေါ့က နှစ်သစ်ကူးနှုတ်ခွန်း ဆက်စကား ပြောကြားသည်။ ဆက်လက်၍ ရိုးရာသူကြီး ဦးနိုင်လောက သူကြီးနှင့်စပ်လျဉ်းသော ထုံးတမ်းစဉ်လာများအား ပြောကြားသည်။ ယင်းနောက် သက်ကြီး ဦးဆန္ဒမ်းက နာဂရိုးရာအလှူကြီး အဆင့်ဆင့်ပြုလုပ်ခဲ့ပုံဓလေ့များကို ရှင်းလင်းပြောကြားပြီး မြို့မိမြို့ဖ ဦးမတ်ဆိုင်းက နာဂရိုးရာ နှစ်သစ်ကူးပွဲတော်စတင်ကျင်းပလာပုံ သမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဆွမ္မရာမြို့ ရပ်ကွက်(၂) အုပ်ချုပ်ရေးမှူး ဦးဖီလောက နှစ်သစ်ကူး အမှာစကားပြောကြားသည်။

ဆက်လက်၍ နာဂရိုးရာအမျိုးသားနှင့် အမျိုးသမီးအကဖြင့်လည်းကောင်း၊ ရိုးရာဂျင်ကစားခြင်း စသည့်ရိုးရာအားကစားများနှင့် ရိုးရာတေးသီချင်းကြီးများဖြင့်လည်းကောင်း သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**စနေမောင်မောင်(ဆွမ္မရာ)**



## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ထူးခြားသည့် ညအပူချိန်များတွင် ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ တွန်းဇံမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်နှင့် တီးတိန်မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဂွမြို့တွင် ၀ ဒသမ ၅၉ လက်မ၊ ကျိုက်မရောမြို့တွင် ၀ ဒသမ ၅၁ လက်မနှင့် မြောင်းမြမြို့တွင် ၀ ဒသမ ၂၈ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# လားရှိုးမြို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုအသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး စစ်ဆေးပေးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး စစ်ဆေးပေးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ကုသပေးခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၁၄ ရက်နှင့် ယနေ့တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းခန်းမနှင့် လားရှိုးမြို့ မြို့တော်ခန်းမတို့၌ ပြုလုပ်ရာ တပ်မတော်မှ ပါရဂူများ၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ ဘာသာမရွေးလူမှုကူညီရေးအသင်း (ရှမ်းမြောက်)မှ ကျန်းမာရေးဝန်ထမ်းများ၊ အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါဖောင်ဒေးရှင်း(မြန်မာ)တို့နှင့် ပူးပေါင်း၍ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး စစ်ဆေးပေးခြင်းနှင့် ဘီပိုး ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၁၅**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၄၄၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ဒေသခံပြည်သူ ၆၂၁၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၇၄၈၅ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၅၂၀၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၉၂၁၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၆၃၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၁၄ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၇၀၊ အမျိုးသမီး ၅၀ စုစုပေါင်း ၁၂၀၊ ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ၁၉ ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၄၆ ဦး၊ အမျိုးသမီး ၂၄ ဦး ၊ စုစုပေါင်း ၇၀ တို့ကိုလည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့နယ်သို့ ပြန်လည်ဝင်ရောက်သူ အမျိုးသား ၁၁၅ ဦး၊ အမျိုးသမီး ၉၂ ဦး စုစုပေါင်း ၂၀၇ ဦးတို့ကိုလည်းကောင်း လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မြဝတီမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင် ဒေသခံပြည်သူများအား (ICRC)က လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၁၅**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်ဒေသခံပြည်သူများအား ရန်ကုန်မြို့အခြေစိုက် International Committee of the Red Cross (ICRC)မှ တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၃ ရက် မွန်းလွဲပိုင်းတွင် မယ်ထော်သလေးကျေးရွာ သီရိမင်္ဂလာဓမ္မဗိမာန်တော် ဘုန်းတော်ကြီးကျောင်း၌တွေ့ဆုံ၍ အိမ်ထောင်စု ၇၀ အတွက် ခြင်ထောင် အလုံး ၁၄၀၊ စောင် အထည် ၁၄၀၊ တစ်ကိုယ်ရည်သုံးပစ္စည်းများဖြစ်သည့် သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာမှုန့် စသည့်အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် ထောက်ပံ့ပေးအပ်မှုများကိုလည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဆေးတက္ကသိုလ်(မကွေး)နှင့် သင်ကြားရေးဆေးရုံ(မကွေး)သို့ ကွင်းဆင်းကြည့်ရှု

**မကွေး ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီး ဝန်ကြီးများဖြစ်သည့် လူမှုရေးရာဝန်ကြီး ဦးစိုးပိုင်မြင့်၊ တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးထွန်းခင်၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဝင်းမြင့်၊ အတွင်းရေးမှူး ဦးဝင်းရှိန်နှင့် ခရိုင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီက မကွေးဆေးတက္ကသိုလ်သို့ ရောက်ရှိပြီး တည်ဆောက်လျက်ရှိသည့် လေးထပ်စာသင်ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တင်ဒါအောင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆေးတက္ကသိုလ် (မကွေး) ရှိ ဆရာ ဆရာမ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ်မှ ကျောင်းမြေ အကျယ်အဝန်း၊ ကျောင်းမြေ အတွင်း အဆောက်အအုံများ တည်ဆောက်မှု အခြေအနေ၊ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များအား ညွှန်ကြားဆောင်ရွက်ခဲ့ပြီး ဝန်ထမ်းများ၏ အငှားအိမ်ရာ ငှားရမ်းနေထိုင်ခွင့် ရရှိရေး ကူညီဆောင်ရွက်ပေးပါရန် တင်ပြမှုများအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက်တစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်ကြားရေးဆေးရုံ (မကွေး) အစည်းအဝေးခန်းမသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီးမှ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မကွေးလေတပ်စခန်း ဌာနချုပ်တွင် လေတပ်စခန်း ဌာနချုပ်မှူးမှ စိုက်ပျိုး လုပ်ကိုင်နေမှုများအား လိုက်လံရှင်းလင်းပြသခဲ့ပြီး ဆိုလာစနစ်ဖြင့် ရေတွင်း တူးဖော်ကာ စိုက်ပျိုးလုပ်ကိုင်မည့်အပေါ် ကူညီ ဆောင်ရွက်ပေးပါရန်နှင့် တစ်မြို့တွင် ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲမှ လမ်းညွှန်ထားရှိခဲ့သဖြင့် မိမိတို့လေတပ်စခန်း ဌာနချုပ်အတွင်းမှ ထွက်ရှိသည့် ထန်းရည်များဖြင့် ချင်းထန်းလျက်များ ထုတ်လုပ်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**မောင်ညီညာ**

# လပွတ္တာမြို့နယ် ဥပဒေရုံးနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ



**လပွတ္တာ ဇန်နဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး (၃)မိုင်မြို့သစ်၌ ယနေ့ နံနက် ၉ နာရီခွဲက တိုင်းဒေသကြီး မူလရန်ပုံငွေနှင့် တည်ဆောက်ပြီးစီးခဲ့သော မြို့နယ်ဥပဒေရုံးသစ်နှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

အဆိုပါ အခမ်းအနားကို အဆောက်အအုံသစ် ရှေ့၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးသည်။

ထို့သို့ ဖွင့်လှစ်ပေးရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က မြို့နယ်ဥပဒေရုံးနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ဒုတိယရှေ့နေချုပ်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆိုင်းဘုတ်ကို အမွှေးနံ့သာများ ပတ်ဖျန်းပေးကြသည်။

မြို့နယ်ရုံး အဆောက်အအုံသစ်မှာ (၃)မိုင်မြို့ ပိတောက်လမ်း မြေကွက်အမှတ် (၁၀၅၃)တွင် (၁၂၀x၁၅၀ )(၁၀၂x၁၀၀)ပေပေါ်တွင် (အလျား ၈၄ ပေ၊ အနံ ၄၃ ပေ၊ အမြင့် ၁၂ ပေ) အုတ်ခင်း၊ အုတ်ကာ၊ သွပ်မိုး တစ်ထပ်တိုက်ဖြစ်ပြီး တန်ဖိုးငွေကျပ် ၁၁၀၄၀၃၀၀၀ ဖြင့်လည်းကောင်း၊ ဝန်ထမ်းအိမ်ရာ (အလျား ၅၂ ပေ၊ အနံ ပေ ၃၀၊ အမြင့် ၂၂ ပေ) အုတ်ခင်း၊ အုတ်ကာ၊ သွပ်မိုး နှစ်ထပ်တိုက်အား တန်ဖိုးငွေကျပ် ၉၅၄၀၄၀၀ ဖြင့်လည်းကောင်း တည်ဆောက်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် လပွတ္တာမြို့ (၂)မိုင် စိုက်ပျိုးရေးစခန်းတွင် နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **လပွတ္တာ ခရိုင်(ပြန်ဆက်)**

# နွားထိုးကြီးမြို့၌ အောက်ဆီဂျင်ရောင်းချမှုအပေါ် ဝေဖန်မှုအချို့ရှိနေ

**နွားထိုးကြီး ဇန်နဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်၌ အလှူရှင်ကိုယ်ထူကိုယ်ထ မြို့နယ်လူထုစုပေါင်းတည်ဆောက်ခဲ့သော အောက်ဆီဂျင်စက်ရုံက အောက်ဆီဂျင်ကို ငွေကြေးဖြင့်ရောင်းချနေမှုအတွက် မြို့ခံတို့က ဝေဖန်မှုရှိလာကြောင်း နွားထိုးကြီးမြို့ခံတစ်ဦးထံမှ သိရသည်။

အောက်ဆီဂျင် တစ်ဘူး ငွေကျပ် ၅၀၀၀ နှင့် ရောင်းချနေခြင်းအပေါ် အမျိုးမျိုးဝေဖန်နေကြခြင်းနှင့်စပ်လျဉ်း၍ မီဒီယာက တွေ့ဆုံမေးမြန်းရာတွင် မိမိတို့က အောက်ဆီဂျင်ကို ငွေကြေးဖြင့် ရောင်းရန်မရှိပါကြောင်း၊ ပရဟိတလုပ်ငန်းဖြစ်၍ မြို့လူထုထံမှ အလှူငွေဖြင့် မြို့နယ်လူနာများကို အခမဲ့ကူညီပေးခြင်းသာရှိကြောင်း၊ နောင်တွင်လည်း အောက်ဆီဂျင်ရောင်းမည်မဟုတ်ကြောင်း We Love Natogyi မှ အလုပ်အမှုဆောင် ဦးနောင်နောင်က ပြောသည်။

နွားထိုးကြီး သုခချမ်းသာကျန်းမာရေးစောင့်ရှောက်မှု ကူညီရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်က အောက်ဆီဂျင်ကို ငွေကြေးဖြင့်ရောင်းမည်မဟုတ်ကြောင်း၊ အခမဲ့သာ မိမိတတ်စွမ်းသမျှ ကူညီပေးမည်ဖြစ်ကြောင်း၊ အောက်ဆီဂျင်ကို အသင်းမှ မန္တလေးသို့ ကားတစ်စီး သယ်ယူလျှင် သိန်းကျော်ကုန်သော်လည်း ကိုဗစ်ကာလတစ်လျှောက် အခမဲ့ကူညီပေးခဲ့ကြောင်း မီဒီယာကို ပြောသည်။

နွားထိုးကြီးမြို့၌ အောက်ဆီဂျင် အခမဲ့ကူညီနေသော အသင်းငါးသင်းရှိရာ အောက်ဆီဂျင်ကိုရောင်းစားသောအသင်း တစ်သင်းမျှ မရှိကြောင်း သိရသည်။ အမှတ်(၄)ရပ်ကွက်မှ ပုဂ္ဂလိကအောက်ဆီဂျင် အလှူရှင် လင်းကမ္ဘာဆိုင်ကလည်း အောက်ဆီဂျင်ကို အခမဲ့ကူညီပေးခြင်းဖြင့် လှူဒါန်းခဲ့ကြောင်း သိရသည်။

မေတ္တာမွန် အောက်ဆီဂျင်စက်ရုံကမူ စရိတ်စကများကြောင့် ဆေးရုံမှ လူနာကို အခမဲ့ပေးပြီး ကျန်လူနာများကို ငွေကျပ် ၅၀၀၀ ဖြင့် ရောင်းချပေးနေကြောင်း၊ သက်သာသောဈေးနှုန်းဖြစ်ကြောင်း ပြောကြားသည်။

မေတ္တာမွန် အောက်ဆီဂျင်စက်ရုံကို မြို့နယ်အလှူငွေကျပ်သိန်း တစ်ထောင်ကျော်နှင့် တည်ဆောက်ခဲ့ပြီး ဇန်နဝါရီ ၇ ရက်က စက်ရုံဖွင့်ပွဲ ကျင်းပခဲ့ကြောင်း မြို့ခံတို့က ပြောသည်။ **၀၁၈**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၅**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်းအသီးသီးမှ နေ့စဉ် လွယ်ကူစွာချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဇန်နဝါရီ ၁၅ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ Radiographic X–RAY Unit ငါးခု၊ Operation Table ခုနစ်ခု၊ Operation Light ကိုးခု၊ Lead Glass ငါးခု၊ Lead Sheet Thickness သုံးခု၊ Lead Apron ငါးခု၊ Examination Gloves ၃၄၀၀၀ ခု စုစုပေါင်း ၂၆၇၉၅ Kg တို့အား ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

❑ လေအေးပေးစက်၏ လေစစ်ဇကာနှင့် ဓာတ်ငွေ့တို့ကို ပုံမှန်စစ်ဆေး ထိန်းသိမ်းခြင်းဖြင့် အအေးဓာတ် အပြည့်ရရှိအောင် ဆောင်ရွက်ပါ။

# ကရင်ပြည်နယ်မှ ပြည်သူတို့အတွက် နိုင်ငံတော်အစိုးရက ဖောက်လုပ်တည်ဆောက်ပေးခဲ့သော လမ်းတံတားများ

ခရမ်းစိုးမြင့်

ကရင်ပြည်နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၅၆ ပေကျော်မှ ၃၇၁၇ ပေအထက်တွင် တည်ရှိသည်။ ပြည်နယ်အတွင်း တောင်ကုန်းတောင်တန်းနှင့် မြစ်ချောင်းများ ပေါများ၍ သစ်တောများ ဖုံးလွှမ်းနေပြီး မြေပြန့်လွင်ပြင် နည်းပါးသည်။ ဇွဲကပင်တောင် အပါအဝင် တောင်တန်းများရှိပြီး မြစ်ချောင်းများ ပေါများသည်။ မြစ်ချောင်းများသည် မြောက်မှ တောင်သို့ စီးဆင်းလျက်ရှိသည်။ ထင်ရှားသောမြစ်မှာ သောင်ရင်းမြစ်ဖြစ်ပြီး မြဝတီမြို့အနီးမှဖြတ်၍ တောင်မှမြောက်သို့ စီးဆင်းနေသည်။ ဂျိုင်းမြစ်မှာ ထူးခြားစွာ အရှေ့မှအနောက်သို့ စီးဆင်း၍ သံလွင်မြစ်အတွင်းသို့ စီးဝင်သွားသည်။ ဂျိုင်း၊ အတ္တရံ၊ သောင်ရင်း စသော မြစ်တို့မှာ ရေချိုမြစ်များဖြစ်သောကြောင့် စိုက်ပျိုးရေးနှင့် သောက်သုံးရေအဖြစ် အသုံးပြု၍ရသည်။ ပြည်နယ်၏အကျယ်အဝန်းမှာ စတုရန်းမိုင် ၁၁၇၃၀ ကျော်ရှိပြီး လူဦးရေ ၁၇ သိန်းကျော်ရှိသည်။

### လမ်းနှင့် တံတားလုပ်ငန်းများ

ကရင်ပြည်နယ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်သော ပြည်ထောင်စုလမ်း ၁၄ လမ်းနှင့် ပြည်နယ်အစိုးရက စီမံခန့်ခွဲသည့်လမ်း ၃၃ လမ်း စုစုပေါင်း ၄၇ လမ်း ရှိပြီး စုစုပေါင်းလမ်းအရှည်မှာ ၁၂၈၂ မိုင်ကျော် ရှိသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကုန်အထိ ရာသီမရွေး သွားလာနိုင်သောလမ်း ၉၄၄ မိုင်ကျော်ရှိသဖြင့် ဆောင်ရွက်ရမည့်လမ်းမိုင်ပေါင်း၏ ၉၃ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်ဟု သိရသည်။

တံတားများတွင် ၂၀၂၁ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ပေ ၁၈၀ နှင့်အထက်တံတား ၄၅ စင်း၊ ပေ ၁၈၀ အောက်တံတား ၃၉ စင်း၊ ပေ ၅၀ နှင့်အထက် တံတား အစင်း ၁၃၀၊ Box & Pipe အပါအဝင် ၂၈၈၃ စင်း စုစုပေါင်း တံတား ၃၀၉၇ စင်းရှိရာ အမြဲတမ်းသံကူကွန်ကရစ်တံတားအဖြစ် ၃၀၂၉ စင်း ဆောင်ရွက်ပြီးစီး၍ ဆောင်ရွက်ရန် ၆၈ စင်း ကျန်ရှိသည်။

### အိန္ဒူ-ဇာသပြင်လမ်း

လမ်းများကဏ္ဍတွင် မော်လမြိုင်-ဇာသပြင်-အိန္ဒူလမ်း၏ ကရင်ပြည်နယ်အပိုင်း(အိန္ဒူ-ဇာသပြင်လမ်း)ကို ၂၄ ပေအကျယ် ကတ္တရာကွန်ကရစ်(Asphalt concrete)လမ်းအဖြစ် အဆင့်မြှင့်တင်ခဲ့သည်။ အဆိုပါ အိန္ဒူ-ဇာသပြင်လမ်းပိုင်းသည် ၁၂ ပေကျယ်၍ ၁၅ မိုင် ရှည်လျားပြီး ယခင် အေးကို ကုမ္ပဏီက BOT စနစ်ဖြင့် ဆောင်ရွက်ခဲ့ကာ နှစ်ကြာလာသည်နှင့်အမျှ လမ်းမှာ စတင်ပျက်ယွင်းလာသဖြင့် ကုမ္ပဏီက BOT စနစ်ဖြင့် တာဝန်ယူနိုင်ခြင်းမရှိတော့ဘဲ လမ်းဦးစီးဌာနသို့ ပြန်လည်လွှဲပြောင်းခဲ့ပြီး ထိုအချိန်တွင် လမ်း၏အခြေအနေမှာ ကတ္တရာလမ်းပျက်အဆင့်သို့ ရောက်ရှိနေခဲ့သည်။ လမ်းကိုအသုံးပြုနေသော ဒေသခံပြည်သူများကလည်း အမြန်ပြန်လည်ပြင်ဆင်ပေးရန် တောင်းဆိုလျက်ရှိ၍ ပြည်နယ်အစိုးရ၏ ညွှန်ကြားမှုဖြင့် အဆိုပါလမ်းပိုင်းတွင် ပထမဦးစားပေး အစီအစဉ်အနေဖြင့် ၂၄ ပေအကျယ် ကတ္တရာကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လိုကြောင်း လမ်းဦးစီးဌာနက ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ တင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကတ္တရာကွန်ကရစ်



မော်လမြိုင်-ဇာသပြင်-အိန္ဒူကားလမ်း

ခင်းရန်အတွက် လိုအပ်သော ကတ္တရာကွန်ကရစ်ဖျော်စက်၊ ခင်းစက်နှင့် ဆက်စပ်သော စက်၊ ယာဉ်၊ ယန္တရားများ၊ နည်းပညာများ ထောက်ပံ့ပေးခဲ့သည်။

အဆိုပါလမ်းကို ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၅၀၀ နှင့် ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၇၅၆၆ ဒသမ ၁၅၉ သန်း၊ စုစုပေါင်း ၈၀၆၆ ဒသမ ၁၅၉ သန်းဖြင့် ၁-၄-၂၀၁၆ ရက်မှစ၍ ၂၄ ပေအကျယ်အဖြစ် အဆင့်မြှင့်တင်ခဲ့ရာ ၃၀-၃-၂၀၁၇ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

### မဲသရော-လှိုင်ကွယ်လမ်း

မုဒုံ-ချောင်းနှစ်ခွ-မဲသရော-လှိုင်ကွယ်(ကော့ကရိတ်)လမ်း၏ မဲသရောမှ လှိုင်ကွယ်အထိ ၂၆ မိုင် ၃ ဖာလုံကိုလည်း ခုနစ်မီတာအကျယ် ကတ္တရာကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခဲ့သည်။ မွန်ပြည်နယ် မုဒုံမြို့မှ ကရင်ပြည်နယ် မြဝတီမြို့သို့ ကုန်စည်စီးဆင်းမှုနှင့် သွားလာရေးတွင် အဓိကကျ အရေးပါသော လမ်းတစ်လမ်းလည်းဖြစ်သည်။ ထို့အပြင် သထုံ-ဘားအံ-ကော့ကရိတ်-မြဝတီလမ်း(AH1)နှင့်လည်း ချိတ်ဆက်ထား၍ ကရင်ပြည်နယ်၏ အဓိကလမ်းကွန်ရက်တစ်ခု ဖြစ်သည်။

အဆိုပါလမ်းကို ကတ္တရာ ကွန်ကရစ်လမ်းအဆင့် မဆောင်ရွက်မီက ၁၁ မိုင် ၇ ဖာလုံသည် ၁၂ ပေ အကျယ် ကတ္တရာလမ်းဖြစ်ပြီး ကျန်အပိုင်းမှာ မြေသားလမ်းဖြစ်သည်။

ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၅၃၀၇ ဒသမ ၁၇ သန်းဖြင့် ၁-၄-၂၀၁၇ ရက်မှစတင်ကာ ယခင်ကတ္တရာလမ်း ၁၁ မိုင် ၇ ဖာလုံကို နိုင်ငံတကာ လမ်းတည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုနေသော နည်းပညာဖြင့် နဂိုကတ္တရာလမ်းအပေါ် အခြေခံလွှာအဖြစ် အရွယ်စုံ အားဖြည့်ခွဲကျောက်အရောဖြင့် ခုနစ်မီတာအကျယ် ရှစ်လက်မ ထု ခင်းကြိတ်ကာ နှစ်လက်မထု ကတ္တရာကွန်ကရစ်ခင်း၍ လမ်းသားအဆင့်မြှင့်တင်ခြင်းကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးခဲ့သည်။

ကျန် ၁၄ မိုင် ၄ ဖာလုံတွင်လည်း အထက်ပါ နည်းပညာဖြင့် နဂိုချောင်းကျောက်လမ်းပေါ်တွင် ဒု-အခြေခံလွှာ(Sub-base)ကို ဘိလပ်မြေအားဖြည့် သဲနှင့်ခွဲကျောက်အရောဖြင့် ၈ ဒသမ ၂ မီတာအကျယ် ရှစ်လက်မထု ခင်းကြိတ်ကာ အခြေခံလွှာကို အရွယ်စုံ အားဖြည့်ခွဲကျောက်အရောဖြင့် ခုနစ်မီတာအကျယ် ခြောက်လက်မထု ခင်းကြိတ်ပြီး နှစ်လက်မထု ကတ္တရာကွန်ကရစ်ခင်းခြင်းကို ဆောင်ရွက်ခဲ့ရာ ၃၀-၃-၂၀၂၀ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

အဆိုပါလမ်းသည် နိုင်ငံတကာ လမ်းလုပ်ငန်းများတွင် ဆောင်ရွက်နေသော နည်းပညာဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန (နေပြည်တော်)က ဒီဇိုင်းထုတ်ပေးထားခြင်းဖြစ်သည်။ ထို့ကြောင့် ကရင်ပြည်နယ် လမ်းဦးစီးဌာနအနေဖြင့် ကရင်ပြည်နယ်ရှိ လမ်းများအနက် နည်းပညာသစ်ဖြင့် ပထမဆုံး ဆောင်ရွက်ပေးနိုင်ခဲ့သော လမ်းတစ်လမ်းလည်းဖြစ်သည်။

### ကြာအင်းဆိပ်ကြီး-ချောင်းဆုံလမ်း

ကြာအင်းဆိပ်ကြီး-ချောင်းဆုံ(ဘုရားသုံးဆူ)လမ်း အရှည် ၅၀ မိုင် ၅ ဖာလုံကိုလည်း ကွန်ကရစ်လမ်းသစ်အဖြစ် ဖောက်လုပ်ခဲ့သည်။ အဆိုပါလမ်းသည် ကွန်ကရစ်လမ်းသစ်အဖြစ် မဆောင်ရွက်မီက ၁၈ ပေအကျယ် ရိုးရိုးကတ္တရာလမ်း ၁၀ မိုင်ရှိပြီး ကျန်လမ်းပိုင်း ၄၀ မိုင် ၅ ဖာလုံမှာ ချောင်းကျောက်ခင်းလမ်းအဆင့်သာရှိသည်။ ပေ ၁၀၀ အထက် တံတားလေးစင်းမှာလည်း ယာယီ ဘေလီတံတားများသာဖြစ်သည်။ ၂၀၁၆ ခုနှစ် မိုးရာသီကာလတွင် မိုးများ၍ တောင်ကျရေများကြောင့် အဆိုပါ ယာယီဘေလီတံတား လေးစင်းမှာ တောင်ကျရေနှင့်အတူ မျောပါခဲ့ပြီး ယာယီဘေလီတံတားအသစ်များသာ ပြန်လည်တည်ဆောက်ခဲ့ရသည်။ ထို့ကြောင့် အဆိုပါ ပေ ၁၀၀ အထက် တံတားလေးစင်းကိုလည်း အာစီကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ရန် တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ လမ်းနှင့်တံတားများကို ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၂၄၃၂၉ ဒသမ ၀၅ သန်းဖြင့် ၁-၄-၂၀၁၇ ရက်က စတင်တည်ဆောက်ပြီး ၂၅-၃-၂၀၁၈ ရက်တွင် ပြီးစီးခဲ့သည်။ ထိုသို့ အဆင့်တိုးမြှင့် တည်ဆောက်ပေးခဲ့သဖြင့် ဘုရားသုံးဆူ-ကြာအင်းဆိပ်ကြီးမှတစ်ဆင့် ချောင်းနှစ်ခွ- မုဒုံ- မော်လမြိုင်သို့ အဆင်ပြေစွာ သွားလာနိုင်ကြပြီဖြစ်သည်။

### လှိုင်းဘွဲ့-ရှမ်းရွာသစ်လမ်း

လှိုင်းဘွဲ့-ရှမ်းရွာသစ်လမ်း အရှည် ၂၅ မိုင်ကို ၁၈ ပေအကျယ် ကတ္တရာလမ်းသစ်အဖြစ် အဆင့်မြှင့်တင်ခဲ့သည်။ အဆိုပါလမ်းမှာ ကတ္တရာလမ်းသစ် မဖောက်ခင်က ရှမ်းရွာသစ်မြို့အဝင်နှင့် မြို့တွင်းလမ်းပိုင်း ၃ မိုင် ၂ ဖာလုံသာ ကတ္တရာလမ်းဖြစ်ပြီး ကျန် ၂၁ မိုင် ၆ ဖာလုံမှာ ချောင်းကျောက်ခင်းလမ်းအဆင့်သာရှိသဖြင့် မိုးတွင်းကာလတွင် သွားလာမှု မကောင်းသေးပါ။ အဆိုပါ ကျန်ရှိလမ်းပိုင်းကို ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေ ကျပ် ၅၇၃၅ ဒသမ ၃၃ သန်းဖြင့် ၁-၄-၂၀၁၆ ရက်မှစ၍ ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခဲ့ရာ ၁-၅-၂၀၁၈ ရက်တွင် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

### ဇာသပြင်-ကျုံဖဲ-ကျားကလေးလမ်း

ဇာသပြင်-ကျုံဖဲ-ကျားကလေးလမ်း ၁၅ မိုင် ၃ ဖာလုံကို ၁၈ ပေအကျယ် ကတ္တရာလမ်းအသစ်

**မုဒုံ-ချောင်းနှစ်ခွ-မဲသရော-လှိုင်ကွယ်(ကော့ကရိတ်)လမ်း၏ မဲသရောမှ လှိုင်ကွယ်အထိ ၂၆ မိုင် ၃ ဖာလုံကိုလည်း ခုနစ်မီတာအကျယ် ကတ္တရာကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခဲ့သည်။ မွန်ပြည်နယ် မုဒုံမြို့မှ ကရင်ပြည်နယ် မြဝတီမြို့သို့ ကုန်စည်စီးဆင်းမှုနှင့် သွားလာရေးတွင် အဓိကကျ အရေးပါသော လမ်းတစ်လမ်းလည်းဖြစ်သည်။ ထို့အပြင် သထုံ-ဘားအံ-ကော့ကရိတ်-မြဝတီလမ်း(AH1)နှင့်လည်း ချိတ်ဆက်ထား၍ ကရင်ပြည်နယ်၏ အဓိကလမ်းကွန်ရက်တစ်ခုဖြစ်သည်။ အဆိုပါလမ်းကို ကတ္တရာကွန်ကရစ်လမ်းအဆင့် မဆောင်ရွက်မီက ၁၁ မိုင် ၇ ဖာလုံသည် ၁၂ ပေ အကျယ် ကတ္တရာလမ်းဖြစ်ပြီး ကျန်အပိုင်းမှာ မြေသားလမ်းဖြစ်သည်**

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ဖောက်လုပ်ခဲ့သည်။ အဆိုပါလမ်းသည် ယခင်က ၂ မိုင် ၆ ဖာလုံသာ ၁၂ ပေအကျယ် ကတ္တရာလမ်းဖြစ်ပြီး ၉ မိုင် ၂ ဖာလုံသည် မြေသားလမ်းဖြစ်ကာ ကျန်အပိုင်းမှာ ကိုယ်ထူကိုယ်ထလမ်းပိုင်းဖြစ်၍ မိုးတွင်းကာလတွင် သွားလာရေးအဆင်မပြေသော လမ်းဖြစ်သည်။ ယင်းလမ်းပိုင်းတွင် ကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်း၊ ပေ ၅၀ အောက်တံတား ၁၀ စင်း၊ ပေ ၅၀ အထက်တံတား ငါးစင်းနှင့် ပေ ၁၀၀ အထက်တံတား သုံးစင်း တည်ဆောက်ခြင်းတို့ကို ပြည်ထောင်စု၏ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၄၆၀ နှင့် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေ ကျပ် ၇၇၈၅ ဒသမ၂၄ သန်း၊ စုစုပေါင်း ခွင့်ပြုရန်ပုံငွေ ကျပ် ၈၂၄၅ ဒသမ ၂၄ သန်းဖြင့် ၁-၄-၂၀၁၆ ရက်မှ စတင်၍ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ခဲ့ရာ ၁၅-၅-၂၀၁၈ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါ ဧသပြင်-ကျုံဖဲ-ကျားကလေးလမ်းသည် သထုံ-ဘားအံ - ကော့ကရိတ် - မြဝတီ(AH1)လမ်းနှင့် မော်လမြိုင်-ဧသပြင်-အိန္ဒူလမ်း(LIMEC)တို့နှင့် ချိတ်ဆက်ထားသော လမ်းတစ်လမ်းဖြစ်သည့်အပြင် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ကို ချိတ်ဆက်ထားသည့် အရေးပါသော လမ်းတစ်လမ်းလည်း ဖြစ်သည်။

### အခြားလမ်းလုပ်ငန်းများ

၂၀၁၈-၂၀၁၉ မှ ၂၀၂၀-၂၀၂၁ အထိ ဘဏ္ဍာနှစ်သုံးနှစ်တွင်လည်း သထုံ-ဘားအံ-ကော့ကရိတ်-မြဝတီလမ်းပေါ်၌ အရှည် ပေ ၄၀၀ နောင်လုံ သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းနှင့် ချဉ်းကပ်လမ်းကိုလေးလမ်းသွား ကတ္တရာကွန်ကရစ်ခင်းခြင်း၊ လှိုင်းဘွဲ့-ပိုင်ကျုံလမ်း အရှည် ၅ ဒသမ ၅ ကီလိုမီတာ အကျယ် ၁၂ ပေ ကတ္တရာလမ်းကို ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း၊ မုဒုံ-ချောင်းနှစ်ခွ-မဲသရော-လှိုင်ကွယ်(ကော့ကရိတ်)လမ်း အရှည် ၄၂ ဒသမ ၄၄၆ ကီလိုမီတာ၌ မူလကတ္တရာလမ်းကို ၂၃ ပေအကျယ် ကတ္တရာကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်၍ ပေ ၈၀ တံတား လေးစင်း၊ ပေ ၁၀၀ တံတားနှစ်စင်း၊ ပေ ၁၅၀ တံတားတစ်စင်း တည်ဆောက်ခြင်း၊ ထီလုံ-တာပေါင်-ပတ-နဘူး-ကော့ကရိတ်



သံလွင်တံတား(ဘားအံ)

(တံတားကျိုး)လမ်း အရှည် ၃၆ ဒသမ ၆၂၆ ကီလိုမီတာတွင် မူလ ၁၂ ပေအကျယ် ကတ္တရာလမ်းမှ ၁၈ ပေအကျယ်အဖြစ် အဆင့်မြှင့်တင်၍ ပေ ၁၀၀ တံတား တစ်စင်း၊ အရှည်ပေ ၁၅၀ ရှိ နဘူး သံကူကွန်ကရစ်တံတားနှင့် အရှည်ပေ ၃၀၀ ရှိပတ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း၊ မြဝတီ-ဝေါလေ(ဥကရစ်ထ)လမ်း အရှည် ၃၄ ဒသမ ၂၆၃ ကီလိုမီတာတွင် မူလအမာခံလမ်းကို ၁၈ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ စုကလိ-စခန်းသစ်လမ်း အရှည် ၇ ဒသမ ၀၆ ကီလိုမီတာတွင် မူလမြေသားလမ်းကို ၁၈ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ ကျိုက်ဒုံ-စုကလိ-ဝေါလေလမ်း အရှည် ၂၇ ဒသမ ၈၃၁ ကီလိုမီတာတွင် မူလကျောက်လမ်းကို ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ ကြာအင်းဆိပ်ကြီး-တဂေး-ခုတ်ခွား-ကျိုက်ဒုံလမ်း အရှည် ၁၂ ဒသမ ၃၁ ကီလိုမီတာတွင် ကတ္တရာလမ်းသစ်ခင်းခြင်းနှင့် လမ်းအရှည် ၈ ကီလိုမီတာတွင် အကျယ် ၁၂ ပေမှ ၁၈ ပေချဲ့ခြင်း၊ ဖာပွန်-ကမမောင်း-ဝါးဘိုးတောလမ်း အရှည် ၂၄ ဒသမ ၄၃ ကီလိုမီတာတွင်၁၂ပေအကျယ်ကတ္တရာလမ်းကို ၁၈ ပေအကျယ်အဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် ပေ ၁၈၀ ရှိ ကညင်ဒုံတံတား တည်ဆောက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် သင်္ကြော(သံဖြူဇရပ်)-ဘုရားသုံးဆူလမ်း အရှည် ၄၂ ဒသမ ၂၃၇ ကီလိုမီတာတွင် မူလအမာခံလမ်းကို ၂၃ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ ပေ ၁၈၀ ရှိ သဃ်န်းညီနောင်တံတားနှင့် ပေ ၂၄၀ ရှိ မဲဇလီတံတား တည်ဆောက်ခြင်း၊ ကော့ကရိတ်- အစွန်း-ကျိုက်ဒုံလမ်း အရှည် ၁၉ ကီလိုမီတာတွင် မူလအမာခံလမ်းကို ၁၈ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ ဧသပြင်-ကျုံဖဲ-ကျားကလေးလမ်းတွင် ပေ ၅၀ နှင့်အထက်တံတား ငါးစင်း၊ ပေ ၁၂၀ တံတား တစ်စင်း တည်ဆောက်ခြင်း၊ ဘားအံ-ကြာအင်းလမ်း အရှည် ၉ ဒသမ ၅ ကီလိုမီတာတွင် မူလကတ္တရာလမ်းကို ၁၈ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ ကြာအင်းဆိပ်ကြီး-မဲသရောလမ်း အရှည် ၁၁ ကီလိုမီတာတွင် ၁၂ ပေအကျယ် ကတ္တရာလမ်းကို ၂၄ ပေအကျယ်အဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် အရှည်ပေ ၁၄၀ ရှိ ဒါလီတံတားတည်ဆောက်ခြင်း၊ ဘားအံ-လှိုင်းဘွဲ့လမ်း အရှည် ၇ ဒသမ ၃၉၉ ကီလိုမီတာတွင် မူလကတ္တရာလမ်းကို ၃၆ ပေအကျယ် ကတ္တရာကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ ဘုရားငါးဆူ-တံခွန်တိုင်-တောင်ဒီး-ဘားပြ-အနန်းကွင်းလမ်း အရှည် ၉ ကီလိုမီတာတွင် မူလ ၁၂ ပေအကျယ် ကတ္တရာလမ်းကို ၁၈ ပေအကျယ် အဆင့်မြှင့်တင်ခြင်း၊ မယ်ထော်သလေး-လေးကော့ကော်မြို့သစ်-ရသေ့ဂူ-ဖလူးလမ်း အရှည် ၃ ဒသမ ၄၅၄ ကီလိုမီတာတွင် မူလ မြေသားလမ်းကို ၁၈ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်း၊ လှိုင်းဘွဲ့-ကမ်းနီ(ရွှေဂွန်း)လမ်း အရှည် ၂ ကီလိုမီတာတွင် မူလ ၁၂ ပေအကျယ် ကတ္တရာလမ်းကို ၁၈ ပေအကျယ်ချဲ့ခြင်း၊ ပျားစခန်း-ရော်ဘာခြံလမ်း အရှည် ၁ ကီလိုမီတာတွင် မူလမြေသားလမ်းကို ၁၂ ပေအကျယ် ကတ္တရာလမ်းသစ်ခင်းခြင်း၊ ကော့ကရိတ်-သဃ်န်းညီနောင် ဒေါနတောင်ကျော်လမ်း(လှိုင်ဝလမ်းဆုံ-သဃ်န်းညီနောင်လမ်းဆုံ) အရှည် ၄ ကီလိုမီတာတွင် မူလ ပေ ၃၀ အကျယ် ကတ္တရာလမ်းကို ကတ္တရာကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်ခြင်း၊ ကြာအင်းဆိပ်ကြီး-ဘုရားသုံးဆူလမ်းမှ အရှည် ပေ ၁၈၀ ချောင်းဝတံတားကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ခြင်း စသည့် လုပ်ငန်းများကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။



သထုံ-ဘားအံ-ကော့ကရိတ်-မြဝတီ (AH1)လမ်းမကြီး။

### တံတားများ တည်ဆောက်ပေးမှု

တံတားများ တည်ဆောက်ပေးမှုအနေဖြင့် နောင်လုံတံတားနှင့် ဂျိုင်း-ကော့ကရိတ်တံတား လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ နောင်လုံတံတားသည် ဘားအံ-နောင်လုံ-ဂျိုင်းကားလမ်း မိုင်တိုင်အမှတ်(၁၀/၀)နှင့် (၁၀/၁)ကြားတွင် တည်ရှိသည်။ တံတားအမျိုးအစားမှာ အပေါ်ထည် 100 Plate Girder x 4 Spans + သံကူကွန်ကရစ်ကြမ်းခင်းနှင့် လက်ရန်းကိုယ်ထည်၊ သံကူကွန်ကရစ်ကမ်းကပ်ခုံဖြစ်သည်။ တံတားအရှည် ပေ ၄၀၀၊ အကျယ် ၁၆ ဒသမ ၄၆ မီတာ၊ ရေလမ်းကင်းလွတ်အမြင့် ၂ ဒသမ ၇၉ မီတာ၊ ရေလမ်းကင်းလွတ်အကျယ် ၂၅ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၁၄ ဒသမ ၆၃ မီတာ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၀ ဒသမ ၉၁ မီတာ၊ ခွင့်ပြုယာဉ်အလေးချိန် HL-93 Loading (AASHTO)| 60 Ton(Single Vehicle) ဖြစ်သည်။ ၁-၁၀-၂၀၁၇ ရက်က လုပ်ငန်းစတင်ခဲ့ကာ တည်ဆောက်ဆဲဖြစ်ပြီး စီမံကိန်းတန်ဖိုးမှာ ကျပ်သန်း ၂၉၀၀ ဖြစ်သည်။

ဂျိုင်း-ကော့ကရိတ်တံတားသည် ကော့ကရိတ်မြို့နယ် ဘားအံ-ကော့ကရိတ်- မြဝတီလမ်းပေါ်၌ တည်ရှိသည်။ အပေါ်ထည် ဘေလီကြိုးတံတား၊ ကိုယ်ထည် သံကူကွန်ကရစ်၊ အုတ်မြစ် သံကူကွန်ကရစ် လွန်တူးပိုင်ဖြစ်ပြီး တံတားအရှည် ပေ ၁၂၀၀၊ အကျယ် ၃၄ ပေ ရှိသည်။ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ခွင့်ပြုယာဉ်အလေးချိန် ၁၃ တန်ဖြစ်ပြီး ရေလမ်းကင်းလွတ်အမြင့် ၃၆ ပေ၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၃၆၀ ဖြစ်သည်။

### BOT လမ်းပိုင်းများ

BOT လမ်းပိုင်းများအနေဖြင့် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီက သထုံ-ဘားအံ-ကော့ကရိတ်-မြဝတီလမ်း မိုင်(၈/၁)မှ (၂၆/၂)အထိ ၁၈ မိုင် ၁ ဖာလုံ၊ အေးကိုမိသားစု ဆောက်လုပ်ရေးကုမ္ပဏီက မိုင် (၂၆/၂) မှ (၄၁/၃)အထိ ၁၅ မိုင် ၁ ဖာလုံကို ဆောင်ရွက်လျက်ရှိသည်။ ဘားအံ(တြိဂံလမ်းဆုံ)-ရွှေရင်မျှော်-နောင်လုံ(လမ်းဆုံ)လမ်း အရှည် ၁၄ မိုင်ကျော်နှင့် ကော့ကျိုက်-ကော့ပရံ-ဧသပြင်-အဖြောင့်လမ်း(ကော့ကျိုက်လမ်းဆုံ-ဧသပြင်လမ်း) အရှည် ၁၇ မိုင် ၇ ဖာလုံတွင် အေးကိုမိသားစု ဆောက်လုပ်ရေးကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ်သည် တောင်ကုန်းတောင်တန်းများ ပေါများပြီး ပြည်နယ်တစ်ခုလုံးသည် သစ်တောများဖုံးလွှမ်းနေသဖြင့် စိမ်းလန်းသာယာသော ပြည်နယ်တစ်ခုဖြစ်သည်။ ကရင်ပြည်နယ်ရှိ သွေးချင်းပြည်သူတို့အတွက် နိုင်ငံတော်အစိုးရသည် ကျောသားရင်သား မခွဲခြားဘဲ လမ်းတံတားများ တည်ဆောက်ဖောက်လုပ်ပေးလျက်ရှိနေသည်ကို ကွင်းဆင်း၍ ရေးသားတင်ပြလိုက်ရပါသည်။ ။

## ကာလိမြို့ ဟိုပန်ကျေးရွာအုပ်စု၌ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေး

**ကာလိ ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် ကာလိမြို့ ဟိုပန်ကျေးရွာအုပ်စုနေ ပြည်သူများအတွက် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစိုးစိုးလွင်၊ မြို့ဦးစီးမှူး ဦးစိုင်းထွန်းဆာနှင့် ဝန်ထမ်းများက ဇန်နဝါရီ ၁၃ ရက်တွင် ဟိုပန်ခန်းမ၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ပန်းခင်းစီမံချက် ကွင်းဆင်းဆောင်ရွက်ပေးရာတွင် အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသည့် ပြည်သူ ၁၀၀ ခန့်အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ပြုလုပ်ပေးနိုင်ခဲ့ပြီး ပန်းခင်းစီမံချက် လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးရာတွင် ဟိုပန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းအုန်းပွင့်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်စုစာရေး ဦးဝေလင်းထွန်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်

(ပြန်/ဆက်)

◆ *ကျောဖုံးမှ*

သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာများအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇစစ်ဆေးခြင်းကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) ၌ (၁၄-၁-၂၀၂၂) ရက်နေ့နှင့် (၁၅-၁-၂၀၂၂) ရက်နေ့တို့တွင် ဆောင်ရွက်ခဲ့ရာ SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးကို ဓာတ်ခွဲနမူနာ (၁၀) ခုတွင် အတည်ပြု တွေ့ရှိခဲ့ရပါသည်။

၃။ အဆိုပါ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူ မြန်မာနိုင်ငံသား (၅) ဦးနှင့် နိုင်ငံခြားသား (၃)ဦးမှာ Relief Flight များဖြင့် အိန္ဒိယနိုင်ငံမှ ဝင်ရောက်လာသူများ ဖြစ်ကြပါသည်။

၄။ ကျန်မြန်မာနိုင်ငံသား (၂)ဦးမှာ (၁၃-၁-၂၀၂၂) ရက်နေ့တွင် SARS-CoV-2 Variant Omicron (အိုမီခရွန်) ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သည့် မိသားစုဝင်များ ဖြစ်ပါသည်။

၅။ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူများအား သီးသန့်ထားရှိကာ ကုသစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့နှင့် လေကြောင်းခရီးစဉ်တွင် အတူလိုက်ပါလာသည့် ခရီးသည်များနှင့် အနီးကပ်ထိတွေ့သူများအားလည်း အသွားအလာကန့်သတ်ခြင်း (Strict Quarantine) နှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများအား အထူးအားဖြည့်ဆောင်ရွက်လျက်ရှိပါသည်။

၆။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ပိုမိုအရှိန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

✻ *ကျောဖုံးမှ*

နယ်သာလန်၊ ဩစတြေးလျ၊ ဂျပန်၊ ကိုရီးယား၊ ပြင်သစ်၊ ဂျာမနီ၊ ထိုင်းနှင့် တရုတ်နိုင်ငံများသို့ ကော်ဖီတန်ချိန် ၄၅၀ မှ ၅၀၀ ကြားကို တင်ပို့ရောင်းချမည်ဖြစ်ကြောင်း ပြင်ဦးလွင်မြို့နယ် ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မီမီမြင့်က ပြောသည်။

**အပြိုင်ဝယ်ယူနေ**

"လက်ရှိအချိန်မှာ ကော်ဖီကအရည်အသွေးကောင်းတော့ အပြိုင်ဝယ်ယူနေကြပါတယ်။ ပစ္စည်းကောင်းတာလည်းပါတယ်။ ကော်ဖီကတော့ အစားစားပါ။ လက်ရွေးယူသူနဲ့ လက်ရွေးမယူသူရှိကြပါတယ်။ ဈေးနှုန်းအနေနဲ့ကတော့ မက်ထရစ်တန် တစ်တန်ကို သိန်း ၄၀ နဲ့ ၅၀ ကြားရှိနေတယ်။ ဒီဈေးနှုန်းက ပြည်တွင်းဈေးအနေနဲ့ပါ။ ပြည်ပကတော့ သိန်း ၅၀ အထက် ဈေးရှိပါတယ်။ ပြီးခဲ့တဲ့နှစ်ကတန်ချိန် ၄၅၀ နဲ့ ၅၀၀ ကြား တင်ပို့ပါတယ်။

ယခုနှစ်ထွက်ရှိတဲ့ ကော်ဖီတွေကိုတော့ မပို့ရသေးပါဘူး။ ဒီနှစ်မှာလည်း ပြီးခဲ့တဲ့နှစ်က တန်ချိန်အတိုင်း တင်ပို့သွားဖို့စီစဉ်ဆောင်ရွက်နေပါတယ်။ ကော်ဖီသီးနှံဟာ ဈေးကွက်ခိုင်မာမှုရှိတဲ့အပြင် ပြည်ပကိုလည်း တင်ပို့နေရတဲ့အတွက် ခုဆိုကော်ဖီတွေကို ပြန်စိုက်လာကြပါတယ်"ဟု ၎င်းက ရှင်းပြသည်။

အဆိုပါကော်ဖီများကို ပြည်ပနိုင်ငံများသို့ Export အနေဖြင့် နှစ်စဉ်တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ်ကော်ဖီရာသီချိန်ပြီးပါက ဝယ်လက်များမှလာရောက်ကာ ကော်ဖီအရည်အသွေးကို စစ်ဆေးစမ်းသပ် မြည်းစမ်းပြီးမှ ဝယ်ယူကြမည်ဖြစ်ကြောင်း၊ လက်ရှိ၌ ကော်ဖီအရည်အသွေးကောင်းသည့်အတွက် အပြိုင်ဝယ်ယူနေကြကြောင်း၊ တရုတ်နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့တွင် မုန်တိုင်းဖြစ်ပွားခဲ့ခြင်းကြောင့် ကော်ဖီစိုက်ခင်းများ ပျက်စီးခဲ့မှုကြောင့် မြန်မာကော်ဖီဈေးနှုန်းမှာ သုံးနှစ်နီးပါးခန့် ကောင်းမွန်နိုင်မည်ဟု မျှော်မှန်းထားသည်။

**မောင်အေးချမ်း**

# ဓာတ်အားခကြွေးကျန်များ လျှော့နည်းကျဆင်းရေး၊ ဓာတ်အားပျောက်ဆုံးမှုလျှော့နည်းကျဆင်းရေး ဓာတ်အားပြတ်တောက်မှုမရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၅**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌနှင့် ရုံးချုပ်မှ တာဝန်ရှိသူများ၊ ခရိုင်လျှပ်စစ်မန်နေဂျာရုံးများ၊ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ရုံးချုပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက အမှာစကား ပြောကြားသည်။




ထို့နောက် ခရိုင်လေးခရိုင်မှ ခရိုင်လျှပ်စစ်မန်နေဂျာများ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်မန်နေဂျာများ၊ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာများက ဓာတ်အားခကြွေးကျန်များ လျှော့နည်းကျဆင်းရေး၊ ဓာတ်အားပျောက်ဆုံးမှုလျှော့နည်းကျဆင်းရေး၊ ဓာတ်အားပြတ်တောက်မှု မရှိစေရေးတို့နှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုကို အသေးစိတ်ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဌာနကြီးမှူးများ၊ အမှုဆောင်အရာရှိချုပ်နှင့် ဒါရိုက်တာအဖွဲ့ဝင်များက လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ကြပြီး ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိတင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တင်သွင်းရာကုမ္ပဏီတစ်ခုမှ ယာဉ်သုံးစီးဖြင့် အိမ်သုံးအောက်ဆီဂျင်စက် Oxygen Concentrator ၈၄၆ ခုနှင့် လက်အိတ် ၂၁ တန်တို့ကို တင်သွင်းခဲ့သည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၁၅ ရက်အတွင်း ကုမ္ပဏီခုနစ်ခုမှ ယာဉ် ၁၄ စီး အောက်ဆီဂျင်အရည် (Bowser) ယာဉ်တစ်စီးဖြင့် တန်၂၀၊ အိမ်သုံးအောက်ဆီဂျင်စက် Oxygen Concentrator ၈၄၆ ခု၊ လက်အိတ် ၂၁ တန်နှင့် နှာခေါင်းစည်း (Mask) ၆၆ တန်တို့ကို တင်သွင်းခွင့်ပြုခဲ့ပြီး၊ အောက်ဆီဂျင်အရည် (Bowser) ယာဉ်တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးလက်နေ နယ်စပ်ဒေသခံတိုင်းရင်းသားပြည်သူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်ပေး

**မူဆယ် ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် တာမိုးညဲမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးတွင် ယမန်နေ့ နံနက် ၁၀ နာရီက မူဆယ်ခရိုင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းနှင့်အဖွဲ့သည် ရုံးဝန်ထမ်းများ ရုံးလုပ်ငန်းစွမ်းရည်တိုးတက်မြင့်မားရေး၊ နိုင်ငံတော်နှင့် ဌာနအပေါ် သစ္စာရှိစွာဖြင့် လုပ်ကိုင်ဆောင်ရွက်ရေး၊ ပြည်သူများနှင့် ဆက်ဆံရာတွင် နွေးထွေးပျူငှာစွာ ဆက်ဆံရေးနှင့်ပန်းခင်းစီမံချက်အောင်မြင်ရေးတို့အတွက် ဝန်ထမ်းများနှင့် တွေ့ဆုံမှာကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် တာမိုးညဲဒေသရှိ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လာရောက်လုပ်ကိုင်သည့် ဒေသခံတိုင်းရင်းသားပြည်သူများကို ခရိုင်ဦးစီးမှူး ဦးရဲရင့်ထွန်းက ပန်းခင်းစီမံချက်နှင့် ပတ်သက်သည့် အသိပညာပေးဟောပြောခြင်း၊ မေးမြန်းဆွေးနွေးမှုများကို ပြန်လည်ဖြေကြားရှင်းလင်းခြင်းနှင့် နိုင်ငံသားတိုင်းပြည်သူတိုင်း အသိအမှတ်ပြုစိစစ်ရေး ကတ်ပြားတစ်ခုခုရရှိကိုင်ဆောင်နိုင်ရေးတို့ကို စည်းရုံးရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



အလားတူ မွန်းလွဲ ၁ နာရီက ကွတ်ခိုင်မြို့နယ်ရုံး၌ ဖတ်ရိုင်းပိန်းဟွယ်ကျေးရွာအုပ်စုနှင့် ကောင်းလိန်ကျေးရွာအုပ်စုများမှ နိုင်ငံသားစိစစ်ရေးကတ်ပြား လာရောက်လုပ်သည့် ဒေသခံပြည်သူများကို ပန်းခင်းစီမံချက်နှင့်ပတ်သက်သော အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသိပညာပေးဟောပြောခြင်းနှင့် ပန်းခင်းစီမံချက်လက်ကမ်းစာစောင်ပါ အချက်အလက်များကို ဗဟုသုတမေးခွန်းအဖြစ် မေးမြန်းပြီး ပြန်လည်ဖြေဆိုနိုင်သူများကို ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။ **အယ်လ်စိုး(မူဆယ်)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း နှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်– ၁၉ ကာကွယ်ဆေးမထိုးထားသူများတွင် သေဆုံးမှုအများဆုံးဖြစ်

**နယူးဒေလီ ဇန်နဝါရီ ၁၅**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကိုဗစ် – ၁၉ နှင့် ဆက်စပ်ပြီး သေဆုံးမှုများက ကာကွယ်ဆေး၏ အရေးပါပုံကို မီးမောင်းထိုးပြလျက်ရှိသည်ဟု ကျန်းမာရေးကျွမ်းကျင်သူများက အင်န်အိတ်ချ်ကေသို့ ပြောသည်။

**ပြသလျက်ရှိ**

ဇန်နဝါရီ ၉ ရက်မှ ၁၂ ရက်အတွင်း နယူးဒေလီမြို့တော်တွင် ကိုဗစ် –၁၉ နှင့်ဆက်စပ်ပြီး သေဆုံးသူ ၉၇ ဦးအနက် ၇၀ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးမထိုးထားရသေးသူများဖြစ်သည်ဟု ဒေလီဆေးဘက်ဆိုင်ရာ ကောင်စီဥက္ကဋ္ဌဖြစ်သူ အာရန်ဂုပတာက ပြောသည်။

အဆိုပါသေဆုံးသူ ၉၇ ဦးအနက် ကာကွယ်ဆေးတစ်ကြိမ်ထိုးထားသူ ၁၉ ဦး ပါဝင်ပြီး နှစ်ကြိမ်ကာကွယ်ဆေးထိုးထားသူ နှစ်ဦးပါဝင်သည်ဟု သိရသည်။ အဆိုပါရလဒ်များကိုကြည့်လျှင် ကာကွယ်ဆေးထိုးထားခြင်းဖြင့် ရောဂါပြင်းထန်မှုများကို ကာကွယ်ပေးနိုင်သည်ကို ပြသလျက်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အချိန်ပို၍တိုတောင်း**

သေဆုံးသူများအနက် သက်ကြီးရွယ်အိုများနှင့် ရောဂါအခံရှိသူများလည်း ပါဝင်သည်။ အိုမီခရွန်ကူးစက်ခံရ၍ ဆေးရုံတက်ရသူများမှာ ဒယ်လ်တာကူးစက်မှုကြောင့် ဆေးရုံတက်ရသူများထက် ဆေးရုံတွင် နေရသည့်အချိန်ပို၍တိုတောင်းကြောင်း ဂုပတာကပြောသည်။

အိန္ဒိယနိုင်ငံမြို့ပြဒေသများတွင် အိုမီခရွန်ကူးစက်မှု များပြားလာသည်။ သို့သော်လည်း ယခုအချိန်အထိ ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုများမှာ နိုင်နင်းနေဆဲဖြစ်သည်။ ဇန်နဝါရီ ၁၄ ရက်တွင် ရောဂါကူးစက်ခံရသူ ၂၆၄၂၀၂ ဦး ထပ်မံတွေ့ရှိခဲ့သည်။



အိန္ဒိယနိုင်ငံတွင် ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

အိန္ဒိယနိုင်ငံတွင် နေ့စဉ်ကူးစက်ခံရသူ ၂၀၀၀၀၀ ကျော်လွန်နေသည်မှာ နှစ်ရက်ဆက်တိုက်ရှိပြီဖြစ်သည်။ တိုင်းပြည်အတွင်း အိုမီခရွန်ကူးစက်ခံရသူပေါင်း ၅၇၅၃ ဦးရှိပြီဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# အမေရိကန်တွင် ဒီဇင်ဘာလအတွင်း လက်လီအရောင်းများကျဆင်း

**ဝါရှင်တန် ဇန်နဝါရီ ၁၅**

အမေရိကန်တွင် လက်လီရောင်းချရမှုမှာပြီးခဲ့သည့်လနှင့် နှိုင်းယှဉ်လျှင် ဒီဇင်ဘာလအတွင်း ၁ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု အမေရိကန် ကုန်သွယ်ရေးဌာနက ပြောသည်။

ငါးလတာ ကာလအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် ကျဆင်းသွားခြင်းလည်း ဖြစ်သည်။ ဒီဇင်ဘာလအတွင်း လက်လီရောင်းချရမှုတန်ဖိုးမှာ ၆၂၆ ဒသမ ၈ ဘီလီယံဒေါ်လာ ရှိသည်။ အဆိုပါပမာဏမှာ စီးပွားရေးပညာရှင်များ ခန့်မှန်းထားသည်ထက် များစွာနိမ့်ကျကြောင်း သိရသည်။



အမေရိကန်ရှိ စူပါမားကတ်တစ်ခုတွင် ဈေးဝယ်နေကြသူများကို တွေ့ရစဉ်။

အိုမီခရွန် ကူးစက်မှုများကြောင့် နေ့စဉ်ကူးစက်မှုများပြားလာခြင်းကလည်း အားလပ်ရက်ရာသီအတွင်း ဈေးဝယ်ထွက်ခြင်းအပေါ် ထိခိုက်မှုဖြစ်စေခဲ့သည်။

ကဏ္ဍအသီးသီးတွင် ငွေကြေးသုံးစွဲနိုင်မှု ပမာဏမှာလည်း လျော့ကျခဲ့သည်။ အွန်လိုင်းမှ ရောင်းချရမှုမှာ ၈ ရာခိုင်နှုန်းကျော် ကျဆင်းပြီး စတိုးဆိုင်များတွင် ရောင်းချရမှုမှာ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ စားသောက်ဆိုင်များနှင့်ဘားများတွင် ၀ ဒသမ ၈ ရာခိုင်နှုန်းရောင်းချရမှု ကျဆင်းခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အာဖဂန်နစ္စတန်နိုင်ငံကို တာလီဘန်တို့ ထိန်းချုပ်ပြီးသည့်အချိန်မှစတင်ကာ ပထမဦးဆုံးအကြိမ်ဘတ်ဂျက်ကိုကြေညာ

**ကဘူးလ် ဇန်နဝါရီ ၁၅**

အာဖဂန်နစ္စတန်နိုင်ငံတွင် ပြီးခဲ့သည့်နှစ်ဩဂုတ်လအတွင်း တာလီဘန်တို့ တိုင်းပြည်ကို ထိန်းချုပ်ပြီးသည့်နောက်ပိုင်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် ဘတ်ဂျက်အစီအစဉ်ကို ကြေညာခဲ့သည်။ ယခုကြေညာခဲ့သည့် ဘတ်ဂျက်အစီအစဉ်အရ ယခုနှစ် ပထမလေးလအတွက် အကျုံးဝင်မည်ဟု တာလီဘန်တို့ဘက်မှ ပြောရေးဆိုခွင့်ရှိသူက တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

ယခုဘတ်ဂျက်အစီအစဉ်တွင် အမေရိကန်ဒေါ်လာ ၅၀၈ သန်းခန့် သုံးစွဲထားသည်။ ယင်းငွေကြေးထဲမှအများစုကို အခြေခံအဆောက်အအုံများ တည်ဆောက်ရေးတွင် အသုံးပြုသွားမည်ဟု ဒေသတွင်းမီဒီယာများတွင်ဖော်ပြကြသည်။ ထို့ပြင် အစိုးရအရာရှိများအတွက် လစာငွေကိုလည်း ပေးအပ်သွားမည်ဟု သိရသည်။ တာလီဘန်တို့ တိုင်းပြည်ကိုထိန်းသိမ်းခဲ့သည့်အချိန်မှစတင်ကာ အစိုးရအရာရှိများကို လုပ်ခလစာပေးနိုင်ခဲ့ခြင်းမရှိချေ။ သို့သော်လည်း တာလီဘန်တို့မှာ ယိုင်နဲ့နဲ့ ဘဏ္ဍာရေးအခြေအနေနှင့်ရင်ဆိုင်နေရသည်။ တိုင်းပြည်၏ အဓိကဘတ်ဂျက်ကို ပြည်ပမှလှူဒါန်းသည့် ငွေကြေးများအပေါ်တွင် မှီခိုနေရသည်။ အဆိုပါအကူအညီများမှာလည်း ရပ်ဆိုင်းခံထားရပြီး နိုင်ငံရပ်ခြားရှိ တိုင်းပြည်ပိုင်ပစ္စည်းများမှာလည်း ပိတ်ဆို့ခံထားရသည်။

**အင်န်အိတ်ချ်ကေ**

# ဘရာဇီးနိုင်ငံတွင် ကလေးငယ်များကို ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံပေးမှုစတင်

**ဆော်ပိုလို ဇန်နဝါရီ ၁၅**

ဘရာဇီးနိုင်ငံတွင် အသက် ငါးနှစ် မှ ၁၁ နှစ်အရွယ် ကလေးများကို ဇန်နဝါရီ ၁၄ ရက်မှ စတင်ကာ ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးနှံပေးမှုများ စတင်နေပြီဟု သိရသည်။

ဘရာဇီးနိုင်ငံတွင် ပထမဦးဆုံးအကြိမ်ကာကွယ်ဆေးထိုးမှုကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်းမှ စတင်ကာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သည့် တစ်လကျော်ခန့်မှစတင်ကာ ကလေးများအတွက် ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးပေးရန် ဘရာဇီးနိုင်ငံရှိ အမျိုးသားထောက်လှမ်းရေး ကျန်းမာရေးအေဂျင်စီက ခွင့်ပြုချက်ပေးခဲ့သည်။

ဖိုက်ဇာကာကွယ်ဆေးထိုးခွင့်ရှိသူ ကလေးအရေအတွက်မှာ သန်း ၂၀ ကျော်အထိရှိကြောင်း သိရသည်။

၎င်းတို့မှာ မိဘ၏ သဘောတူညီချက်ဖြင့် ကာကွယ်ဆေးထိုးနိုင်ကြောင်း သိရသည်။ ဘရာဇီးကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ အသက် ၅ နှစ်မှ ၁၁ နှစ်ကြား ကလေး ၃၀၀ ကျော်မှာ ကိုဗစ် –၁၉ကြောင့်သေဆုံးခဲ့ရကြောင်း သိရသည်။

ဘရာဇီးနိုင်ငံတွင် လူဦးရေ ၂၁၃ သန်းအနက် လူပေါင်း ၆၂၀၀၀၀ မှာ ကိုဗစ် –၁၉ ကြောင့် သေဆုံးခဲ့ရကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရသိရသည်။ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလနှောင်းပိုင်း အိုမီခရွန်ကူးစက်မှုများစတင်သည့် အချိန်မှစတင်ကာ ဘရာဇီးနိုင်ငံတွင် ကူးစက်ခံရသူဦးရေမှာ တစ်ရှိန်ထိုးများပြားလာခဲ့သည်။

**အေအက်ဖ်ပီ**



ဘရာဇီးနိုင်ငံ ဆော်ပိုလိုမြို့တွင် ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူနေသည့် ကလေးငယ်တစ်ဦးကို တွေ့ရစဉ်။

# အင်ဒိုနီးရှားနိုင်ငံ၌ ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးမှုကြီးမားပြီး နှစ်ဦးဒဏ်ရာရ

**ဂျကာတာ ဇန်နဝါရီ ၁၅** – အင်ဒိုနီးရှားနိုင်ငံမြို့တော် ဂျကာတာနှင့် အနီးပတ်ဝန်းကျင်ဒေသများတွင်ဇန်နဝါရီ ၁၄ ရက်က ပြင်းအား ၆ ဒသမ ၆ ရှိ ငလျင်လှုပ်ခတ်ခဲ့ရာ လူနှစ်ဦးဒဏ်ရာရရှိခဲ့ပြီး အဆောက်အအုံနှင့်နေအိမ် ၉၀၀ ကျော် ပျက်စီးခဲ့ကြောင်း သဘာဝဘေးအေဂျင်စီမှ အာဏာပိုင်များက ဇန်နဝါရီ ၁၅ ရက်တွင် ပြောသည်။

ဘန်တန်ပြည်နယ် ပန်ဒါဂလန်ခရိုင်တွင် ပျက်စီးမှုကြီးကြီးမားမားဖြစ်ပေါ်ခဲ့သည်။ မြို့တော်ဂျကာတာတွင်လည်း လူများကြောက်လန့်တကြား အဆောက်အအုံအပြင်ဘက်သို့ ထွက်လာကြသည်။ ဈေးဝယ်စင်တာများနှင့်နေအိမ်များမှ ကြောက်လန့်တကြားထွက်လာကြခြင်းဖြစ်သည်။ လူသေဆုံးမှုများကိုမူ မသိရသေးဘဲ နေအိမ်နှင့်အဆောက်အအုံပေါင်း ၉၂၂လုံးပျက်စီးခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။

**ဆင်ဟွာ**

# အကြောက်တရားမပိုဘဲ လုံလောက်တဲ့ပြင်ဆင်မှုမျိုးနဲ့ အိုမီခရွန်ကို ကျော်ဖြတ်မယ့် ဂျပန်နိုင်ငံ

ထွန်းကျော်

ဂျပန်အစိုးရဟာ နိုင်ငံခြားသားဝင်ရောက်မှု အပေါ် သူ့ရဲ့ ပြည်ဝင်ခွင့်ပိတ်ပင်တားမြစ်မှုကာလကို ဖေဖော်ဝါရီလကုန်အထိ ထပ်တိုးလိုက်ပါတယ်။ ဒါဟာ နိုင်ငံ့အစိတ်အပိုင်းအတော်များများမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမြင့်တက်လာပြီးတဲ့နောက်မှာ အခုလို ပြည်ဝင်ခွင့်ပိတ်ပင်တားမြစ်မှုကာလကို တိုးလိုက်တာပဲ ဖြစ်ပါတယ်။

**ပြည်ဝင်ခွင့်တားမြစ်ချက်ကာလတိုးမြှင့်**

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီးဒါးက ဝင်ခွင့်တိုးမြှင့်ကာလကို ဇန်နဝါရီ ၁၁ ရက်က ကြေညာခဲ့တာပဲဖြစ်ပါတယ်။

လက်ရှိပြည်ဝင်ခွင့်တားမြစ်မှုကာလကို အိုမီခရွန်ကူးစက်ဖြစ်ပွားနေတဲ့ နိုင်ငံခြားတိုင်းပြည်များမှ ပြန်လည်ဝင်ရောက်လာတဲ့ နိုင်ငံသားများကို တင်းကျပ်တဲ့ ကွာရန်တင်း စည်းမျဉ်းတွေသတ်မှတ်ပြဋ္ဌာန်းထားခြင်းနဲ့အတူ နိုဝင်ဘာ ၃၀ ရက်က စတင်ခဲ့တာဖြစ်ပါတယ်။

တိုးမြှင့်ကာလကို ကြေညာလိုက်ခြင်းနဲ့အတူ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များနဲ့ နိုင်ငံအကျိုးစီးပွားကို နောက်ထပ် ထည့်သွင်းစဉ်းစားရမယ်လို့ ကီရှီးဒါးက ပြောခဲ့ပါတယ်။

**ကာကွယ်ဆေးမူဝါဒသစ်ကိုထုတ်ဖော်ပြောကြား**

ထို့အတူ ကီရှီးဒါးဟာ နောက်ဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုဝါဒသစ်ကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ အသက်ကြီးပိုင်းများအတွက် အပိုဆောင်းကာကွယ်ဆေးထိုးနှံမှုအချိန်ကို ပြောင်းလိုက်ပါတယ်။ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုကို တိုးမြှင့်လုပ်ဆောင်ဖို့ အစိုးရဟာ ခရိုင်အာဏာပိုင်တွေကို ကာကွယ်ဆေးထိုးနေရာတွေ စီမံဆောင်ရွက်ဖို့နဲ့ ထပ်မံတိုးချဲ့ဆောင်ရွက်ဖို့ကိုလည်း တိုက်တွန်းပြောကြားထားပါတယ်။ အစိုးရဟာ မတ်လထက်နောက်မကျဘဲ အများပြည်သူကို မော်ဒါနာကာကွယ်ဆေးနဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေး အပိုဆောင်းထိုးပေးဖို့ စီစဉ်ထားပါတယ်။

ကီရှီးဒါးက သူ့အစိုးရဟာ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့တွေနဲ့ ပူးပေါင်းပြီး ကြီးမားတဲ့ကာကွယ်ဆေးထိုးတဲ့နေရာတွေကို လိုအပ်တာတွေ ထောက်ပံ့မှုလုပ်ဆောင်ပေးမယ်လို့ ပြောပါတယ်။

အစိုးရက အသက် ၁၂ နှစ်နဲ့ အထက်ကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးဖို့ ကြိုးစားလုပ်ဆောင်နေပါတယ်။ အိုမီခရွန်မျိုးရပ်စ်ဟာ ဒီအသက်အရွယ်ပိုင်းကို ပိုပြီးကူးစက်ပျံ့နှံ့နိုင်တဲ့အတွက် အစိုးရအနေနဲ့ အခုလိုကြိုးစားလုပ်ဆောင်



ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီးဒါးက အိုမီခရွန်ကူးစက်ပျံ့နှံ့မှုကြောင့် ပြည်ဝင်ခွင့်ကန့်သတ်ခြင်းနှင့် ပတ်သက်၍ သတင်းထောက်များကို ရှင်းလင်းပြောကြားစဉ်။

- ❖ **အစိုးရဟာ အသက် ၁၂ နှစ်နဲ့ သူ့ထက်ကြီးသူတွေကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးဖို့ ကြိုးစားလုပ်ဆောင်နေပါတယ်။ အိုမီခရွန်မျိုးရပ်စ်ဟာ ဒီအသက်အရွယ်ပိုင်းကို ပိုပြီးကူးစက်ပျံ့နှံ့နိုင်တဲ့အတွက် အစိုးရအနေနဲ့ အခုလို ကြိုးစားလုပ်ဆောင်နေတာဖြစ်ပါတယ်။ ထို့အတူ အစိုးရအနေနဲ့ အသက် ၁၂ နှစ်အောက်ကလေးငယ်တွေကိုလည်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးဖို့ ခွင့်ပြုချက်ရရေး လုပ်ဆောင်နေ**
- ❖ **ကျန်းမာရေးအခြေအနေ၊ အသက်အရွယ် သို့မဟုတ် ဘေးထွက်ဆိုးကျိုးကို ကြောက်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးမထိုးတဲ့သူတွေကိုလည်း အခမဲ့ ကိုဗစ်-၁၉ စစ်ဆေးမှုတွေ လုပ်ဆောင်ပေးဖို့ ကမ်းလှမ်းထား**

နေတာဖြစ်ပါတယ်။ ထို့အတူ အစိုးရအနေနဲ့ အသက် ၁၂ နှစ်အောက် ကလေးငယ်တွေကိုလည်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးဖို့ ခွင့်ပြုချက်ရရေး လုပ်ဆောင်နေပြီဖြစ်ပါတယ်။

**ပညာရေးမှာအဆင်ပြေအောင်လုပ်ဆောင်**

ထို့အတူ ပညာရေးပိုင်းမှာလည်း ကီရှီးဒါးက အစိုးရအနေနဲ့ ကျောင်းတွေကိုလည်း သင့်တင့်တဲ့ဆောင်ရွက်မှုတွေ လုပ်ဆောင်ပေးဖို့ တိုက်တွန်းပြောကြားထားပါတယ်။ အထူးသဖြင့် စာမေးပွဲရက်သတ်မှတ်ပေးဖို့၊ ကျောင်းသားတွေကို နောက်ကျမှ စာရင်းသွင်းတာကိုလက်ခံပေးဖို့နဲ့ အွန်လိုင်းသင်ကြားမှုလျှောက်ထားတာတွေကိုလည်း လက်ခံပေးဖို့စတဲ့ ဆောင်ရွက်ချက်တွေကို အဆင်ပြေအောင် လုပ်ဆောင်ပေးဖို့တွေလည်း ပါဝင်ပါတယ်။

**တစ်စိတ်တစ်ပိုင်းကန့်သတ်ချက်တွေချမှတ်ဖော်ဆောင်**

အစိုးရဟာ အိုကီနာဝါ၊ ယာမာဂူချီနဲ့ ဟီရိုရှီးမားခရိုင်တွေမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေကို တားဆီးဖို့ တစ်စိတ်တစ်ပိုင်း ကန့်သတ်ချက်တွေ ချမှတ် အကောင်အထည်ဖော်ထားပါတယ်။ ဇန်နဝါရီ ၉ ရက်ကစတင်လိုက်တဲ့ အဲဒီကန့်သတ်ချက်တွေဟာ ဒီလကုန်အထိ ကြာမြင့်မှာဖြစ်ပါတယ်။

တောင်ဘက်အကျဆုံး အိုကီနာဝါဟာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနောက်ဆုံးဗဟိုချက်နေရာ ဖြစ်လာခဲ့ပါတယ်။ နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ ဒီလအစောပိုင်းမှာ ၁၇၀၀ ကျော်ရှိလာခဲ့ပါတယ်။ ဒီပမာဏဟာ ဒီနှစ်ပထမဆုံးရက်မှာ ကူးစက်ဖြစ်ပွားတဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားတဲ့ပမာဏထက် သုံးဆလောက်ပိုများပါတယ်။

အလုပ်မလုပ်နိုင်တဲ့ ဆေးဘက်ဆိုင်ရာဝန်ထမ်းတွေ များပြားလာတာနဲ့ အမျှ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဟာ အိုကီနာဝါမှာရှိတဲ့ ဆေးရုံတွေမှာ တာဝန်ထမ်းဆောင်ဖို့ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူတွေကို တာဝန်ချထားပါတယ်။

**ကိုဗစ်-၁၉ စစ်ဆေးမှုတွေအခမဲ့လုပ်ဆောင်**

အစိုးရအနေနဲ့ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားတဲ့လက္ခဏာ မရှိသော်လည်း ကိုဗစ်-၁၉ စစ်ဆေးချင်တဲ့ ဘယ်သူ့ကိုမဆို ကိုဗစ်-၁၉ စစ်ဆေးမှုတွေ အခမဲ့လုပ်ဆောင်ဖို့ ကမ်းလှမ်းထားပါတယ်။ သက်ဆိုင်ရာ အာဏာပိုင်တွေက တိုကျိုမြို့ဟာ အိုမီခရွန်မျိုးရပ်စ်ကူးစက်ဖြစ်ပွားတဲ့ ပထမဆုံးနေရာဖြစ်လာတယ်လို့ ဖော်ပြပြီးတဲ့နောက်မှာ အဲဒီလှုပ်ရှားမှုကို စတင်လုပ်ဆောင်ခဲ့တာပဲ ဖြစ်ပါတယ်။

ကျန်းမာရေးအခြေအနေ၊ အသက်အရွယ် သို့မဟုတ် ဘေးထွက်ဆိုးကျိုးကို ကြောက်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးမထိုးတဲ့သူတွေကိုလည်း အခမဲ့ ကိုဗစ်-၁၉ စစ်ဆေးမှုတွေ လုပ်ဆောင်ပေးဖို့ ကမ်းလှမ်းထားပါတယ်။ အဲဒီကမ်းလှမ်းမှုကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ လုပ်ဆောင်ပေးမှာဖြစ်ပါတယ်။ ဒီစိတ်ကူးဟာ ညစာအတူမစားခင်၊ လူမှုရေးအခမ်းအနားတွေ မတက်ရောက်ခင် သို့မဟုတ် ခရီးမသွားခင်မှာ သူတို့မှာ ကိုဗစ်-၁၉ ကင်းစင်တယ်ဆိုတာကို လက်တွေ့သိမြင်သွားစေမှာဖြစ်ပါတယ်။

အိုကီနာဝါ၊ အိုဆာကာ၊ ဟော့ကိုင်းဒိုးပါဝင်တဲ့ တခြားဒေသအစိုးရတွေအနေနဲ့ အလားတူ ကိုဗစ်-၁၉ စစ်ဆေးမှုတွေ လုပ်ဆောင်ပေးဖို့ ပြည်သူတွေကို ကမ်းလှမ်းထားပါတယ်။ အသေးစိတ်အချက်အလက်တွေကို မြို့တော်စည်ပင်ဝက်ဘ်ဆိုက်မှာ တွေ့မြင်နိုင်မှာဖြစ်ပါတယ်။

**အခမဲ့စစ်ဆေးပေးမယ်**

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ လက္ခဏာမပြဘဲ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေတယ်လို့ သံသယဝင်နေတဲ့ သို့မဟုတ် ကူးစက်ဖြစ်ပွားမှုနဲ့ပတ်သက်ပြီး စိတ်ထဲမှာ ယုံမှားသံသယရှင်းသွားစေဖို့ လုပ်ဆောင်နေတဲ့ တိုကျိုဒေသခံတွေကို ကိုဗစ်-၁၉ စစ်ဆေးမှုတွေ အခမဲ့ စစ်ပေးသွားမှာဖြစ်ပါတယ်။

ဒီဝန်ဆောင်မှု ပြီးဆုံးသွားတဲ့အခါမှာလည်း ကိုဗစ်-၁၉ ရောဂါလက္ခဏာမပြတဲ့ တိုကျိုဒေသခံတွေနဲ့ ကျန်းမာရေးအခြေအနေ၊ အသက်အရွယ်အခြေအနေ၊ ဘေးထွက်ဆိုးကျိုးအခြေအနေကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေးမထိုးတဲ့သူတွေကို မတ် ၃၁ ရက်အထိ ဆက်လက်ပြီး အခမဲ့ ကိုဗစ်-၁၉ စစ်ဆေးပေးသွားဦးမှာဖြစ်ပါတယ်။

**ကျော်လွှားနိုင်မယ်လို့ယုံကြည်**

ဇန်နဝါရီ ၁၂ ရက်အထိ တိုကျိုမှာရှိတဲ့ နေရာပေါင်း ၁၉၀လောက်မှာ ကိုဗစ်-၁၉ အခမဲ့စစ်ဆေးမှုတွေ ဖြည့်ဆည်းပေးထားပါတယ်။

တကယ် အရေးကြီးဆုံးကတော့ ပြည်သူတွေရဲ့အသက်ကို ကာကွယ်ဖို့ပဲဖြစ်တယ်လို့ ဝန်ကြီးချုပ် ကီရှီးဒါးက ပြောပါတယ်။ ဒါဟာ သေချာမသိတဲ့ ဗိုင်းရပ်စ်ကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ တိုက်ပွဲတစ်ခုဖြစ်ပါတယ်။ သို့သော်လည်း အကြောက်တရားမပိုဘဲ လုံလောက်တဲ့ ကြိုတင်ပြင်ဆင်မှုမျိုးနဲ့ ဒီအခြေအနေကို မိမိတို့ကျော်လွှားနိုင်မယ်လို့ ယုံကြည်ကြောင်း ကီရှီးဒါးက ခိုင်မာစွာပြောကြားခဲ့ပါတယ်။ **ကိုးကား-အင်န်အိတ်ချ်ကေ**

# ဇန်နဝါရီ ၁၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇၀ တွေ့ရှိ

## ထပ်မံသေဆုံးသူ နှစ်ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၃၀၁ ဦး ရှိ

(၁၅–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၇၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၁၇၀) ဦး တွေ့ရှိ**ရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၅၃) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၁၉၆,၂၈၉) ခုအား စစ်ဆေးခဲ့ပြီး **ကိုဗစ်–၁၉ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၃,၀၂၁) ဦး** ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၀၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၁,၀၉၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၃၀၁) ဦး** ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၅–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၁၄၈) ခု | (၄၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၈) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၈၁) ခု | – |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၆) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၀၇၁) ခု | (၁၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၃၇) ခု | (၁၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၀၃၈) ခု | (၁၀၀) ဦး |
| **စုစုပေါင်း** | (၁၁,၀၇၉) ခု | (၁၇၀) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်းကိုဗစ်–၁၉ရောဂါပိုး ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံ စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျ ရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ် ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၅-၁ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၆၂၀၉၅၃၅ | ၄၃၀၁၉၉၂၄ | ၈၇၂၀၈၆ |
| ၂။ | အိန္ဒိယ | ၃၆၈၅၀၉၆၂ | ၃၄၉၄၇၃၉၀ | ၄၈၅၇၈၀ |
| ၃။ | ဘရာဇီး | ၂၂၉၂၇၂၀၃ | ၂၁၇၁၀၈၃၁ | ၆၂၀၈၄၇ |
| ၄။ | ပြင်သစ် | ၁၅၀၆၆၃၉၅ | ၁၁၂၀၈၇၀၁ | ၁၅၁၆၁၂ |
| ၅။ | ဗြိတိန် | ၁၃၅၆၉၆၇၅ | ၈၉၆၁၈၄၁ | ၁၂၆၇၂၁ |
| ၆။ | ရုရှား | ၁၀၇၇၄၃၀၄ | ၉၈၃၅၈၈၄ | ၃၂၀၆၃၄ |
| ၇။ | တူရကီ | ၁၀၃၃၉၀၉၇ | ၉၅၄၄၅၉၃ | ၈၄၄၄၅ |
| ၈။ | အီတလီ | ၈၃၅၆၅၁၄ | ၅၈၁၇၁၃၈ | ၁၄၀၅၄၈ |
| ၉။ | စပိန် | ၈၀၉၃၀၃၆ | ၅၂၄၉၃၇၂ | ၉၀၇၅၉ |
| ၁၀။ | ဂျာမနီ | ၇၈၈၅၂၂၉ | ၆၉၄၂၄၀၀ | ၁၁၆၀၉၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၅– ၁ – ၂၀၂၂

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၇၀၇၉၄ | ၄၁၁၈၁၆၄ | ၁၄၄၁၆၇ |
| ဖိလစ်ပိုင် | ၃၁၆၈၃၇၉ | ၂၈၃၄၇၀၈ | ၅၂၈၅၈ |
| မလေးရှား | ၂၈၀၂၂၆၃ | ၂၇၂၉၄၃ | ၃၁၇၆၂ |
| ထိုင်း | ၂၃၁၆၄၀၈ | ၂၂၁၇၁၂၄ | ၂၁၉၁၉ |
| ဗီယက်နမ် | ၂၀၀၇၈၆၂ | ၁၇၁၇၉၆၄ | ၃၅၄၈၀ |
| မြန်မာ | ၅၃၃၀၂၁ | ၅၁၁၀၉၄ | ၁၉၃၀၁ |
| စင်ကာပူ | ၂၉၀၀၃၀ | ၂၈၂၃၄၇ | ၈၄၀ |
| လာအို | ၁၂၄၁၉၃ | ၁၁၅၇၂၅ | ၄၈၈ |
| ကမ္ဘောဒီးယား | ၁၂၀၇၇၃ | ၁၁၇၀၈၉ | ၃၀၁၅ |
| ဘရူနိုင်း | ၁၅၇၅၀ | ၁၅၃၈၁ | ၉၈ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# ၁၄-၁-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲပိုင်းက ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။ အဆိုပါသတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

ဦးစွာ ဗိုလ်ချုပ်ဇော်မင်းထွန်းက ယနေ့သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသော ဝန်ကြီးဌာနများမှ သတင်းထုတ်ပြန်ရေးနှင့် ပြောရေးဆိုခွင့်ရှိသူများ၊ သတင်းမီဒီယာများအားလုံးနှင့် ကြည့်ရှုနေကြသော တိုင်းရင်းသားပြည်သူအားလုံး နှစ်သစ်အခါသမယမှာ ကျန်းမာရွှင်လန်းကြပါစေဟု ဦးစွာမေတ္တာပို့သအပ်ပါကြောင်း၊ ယနေ့သတင်းစာရှင်းလင်းပွဲတွင် ပြောကြားမည့်အကြောင်းအရာများမှာ (၁) ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEM ၏ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သောခရီးစဉ်၊ (၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ (၃) မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုဆောင်ရွက်ရာတွင် ယွမ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေရေးဆိုင်ရာများ၊ (၄) ကိုဗစ်-၁၉ ရောဂါ SARS-CoV-2 Variant Omicron ကိစ္စသတိပေးချက်များ၊ (၅) ပညာရေးဆိုင်ရာဆောင်ရွက်ချက်များ၊ (၆) NUG ၊ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ဆောင်ချက်များဖြစ်ကြောင်း၊ (၁)မှ (၆)အထိ မိမိအနေဖြင့် ရှင်းလင်းပြောပြသွားမည်ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ဆက်လက် ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း၊ ထို့နောက် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းကဏ္ဍဖြစ်ကြောင်း၊ မေးခွန်းများမေးရာတွင် စနစ်တကျဖြစ်စေရေးအတွက် ယနေ့ သတင်းစာရှင်းလင်းပွဲမှစပြီး အခမ်းအနားမှူးက မီဒီယာအမည်အလိုက် ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ ဖိတ်ခေါ်ခံရသည့် မီဒီယာများအနေဖြင့် မေးခွန်းတစ်ခုစီ မေးမြန်းပေးရန် ကြိုတင်မေတ္တာရပ်ခံလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။

ပထမဦးဆုံးအနေဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၇ ရက်နှင့် ၈ ရက်က ကမ္ဘောဒီးယားဝန်ကြီးချုပ်၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ Samdech Akka Moha Sena Padei Techo HUN SEM ၏ မြန်မာနိုင်ငံကို အလုပ်သဘောခရီးစဉ် လာရောက်လည်ပတ်မှုကို ပြောချင်ကြောင်း၊ မိမိတို့အနေဖြင့် ကမ္ဘောဒီးယားနိုင်ငံအကြား တရားဝင် သံတမန်ဆက်ဆံရေးကို ၁၉၅၅ ခုနှစ် ဇူလိုင်လ ၁၂ ရက်က စတင်ထူထောင်ခဲ့ပြီး သံတမန်ဆက်ဆံမှုသက်တမ်း ၆၆ နှစ် ကြာမြင့်ပြီဖြစ်ကြောင်း ပြောကြားသည်။

မိမိတို့နိုင်ငံ၌ ကိုဗစ်-၁၉ တတိယလှိုင်းကာလဖြစ်ချိန် ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁၉ ရက်တွင် ကမ္ဘောဒီးယားဝန်ကြီးချုပ်၏ စီစဉ်ပေးမှုဖြင့် ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီးက မြန်မာနိုင်ငံကိုလာရောက်ပြီး ကမ္ဘောဒီးယားအစိုးရနှင့် ပြည်သူလူထုက လှူဒါန်းသည့် ပစ္စည်းများနှင့် ငွေများ၊ အာဆီယံ လူသားချင်းစာနာထောက်ထားမှုနှင့် အကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာန(AHA)က လှူဒါန်းသော အလှူငွေများကို လာရောက်ပေးအပ်ခဲ့ဖူးကြောင်း၊ ယခုလာရောက်သည့် ခရီးစဉ်တွင်လည်း ကိုဗစ်-၁၉ ဆိုင်ရာ ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်ကို တွေ့နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

### ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၏ ခရီးစဉ်

လက်ရှိ အာဆီယံဥက္ကဋ္ဌ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၏ ခရီးစဉ်နှင့်ပတ်သက်၍ အမျိုးမျိုးဝေဖန်ကြမှုများရှိကြောင်း၊ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၊ ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအသင်း၊ မဟာမဲခေါင်ဒေသခွဲအဖွဲ့ စသည်တို့တွင် တူညီစွာ အဖွဲ့ဝင်ရောက်ထားသည့် နိုင်ငံများဖြစ်ကြောင်း၊ ထိုခရီးစဉ်နှင့် ပတ်သက်၍ နိုင်ငံတကာဖိအားများ လျော့ကျသလားဟု မေးမြန်းမှုလည်းရှိကြောင်း၊ နိုင်ငံတကာဖိအား လျော့ကျလာခြင်း မဟုတ်ဘဲ ဖိအားပေးသည့်ဘက်က ဆက်လက် ဖိအားပေးနေမည်ဖြစ်ကြောင်း၊ ယခင်ကတည်းက မြန်မာနိုင်ငံအပေါ် မှန်မှန်ကန်ကန် သဘောထားရှိသည့်နိုင်ငံများ၊ မြန်မာနိုင်ငံအပေါ် ရပ်တည်ချက်မှန်ကန်သောနိုင်ငံများက မြန်မာနိုင်ငံကို ကမ္ဘာ့အခန်းကဏ္ဍတွင် ပြန်လည်မြှင့်တင်ပေးလျက်ရှိကြောင်း၊ ယခင်ကတည်းက ဖိအားပေးနေသည့်သူများကတော့ ဖိအားဆက်ပေးနေမည် ဖြစ်ကြောင်း၊ နိုင်ငံကို မြှင့်တင်ပေးလိုသူကတော့ မြှင့်တင်ပေးမည်ဖြစ်သည်ကို ပြောလိုကြောင်း၊ ဖိအားကြောင့် ပိပြားကြေကြေဆိုပါက ဖိအားပေးတိုင်း မြန်မာနိုင်ငံသည် ပိရမည်၊ ပြားရမည် ဆိုပါက မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံအဖြစ် လွတ်လပ်ရေးရခဲ့မည်မဟုတ်သည့်အပြင် မြန်မာနိုင်ငံ၏မြေပုံသည် လက်ရှိအနေအထားအတိုင်း ဆက်ရှိနေစရာ အကြောင်းမရှိကြောင်း၊ Globalization ခေတ်တွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန် ကူးလူးဆက်ဆံကြကြောင်း၊ ကိုယ့်နိုင်ငံအတွက် အကျိုးရှိမည့်၊ မိမိနိုင်ငံအပေါ် မှန်ကန်စွာရှုမြင်နိုင်သည့် နိုင်ငံများကို ပိုမိုဆက်ဆံသွားမည်သာဖြစ်ကြောင်း၊ ထိုအချက်မှာ လက်တွေ့ကျသော Reality ဖြစ်သည့် ခရီးလမ်းသာဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌအနေဖြင့် မြန်မာနိုင်ငံကို ဒီဇင်ဘာ ၇ ရက်မှ ၈ ရက်အထိ လာရောက်ခဲ့သော ခရီးစဉ်တွင် ကောင်းမွန်ထူးခြားသည့်ရလဒ်များ ရရှိခဲ့ကြောင်း၊ ခရီးစဉ်နှင့်ပတ်သက်၍ ပူးတွဲသတင်းထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့သည်ကို တွေ့နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

### အပစ်အခတ်ရပ်စဲကြောင်း ကြေညာ

မြန်မာနိုင်ငံအစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(EAO)များနှင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့ပြီး ၂၀၂၂ ခုနှစ် နှစ်ကုန်အထိ ထပ်မံတိုးမြှင့်သွားရန်လည်း သဘောတူခဲ့ကြောင်း၊ သက်ဆိုင်သူများအားလုံးအနေဖြင့် နိုင်ငံနှင့်ပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှုလျက် အပစ်အခတ်ရပ်စဲမှုကိုလက်ခံရန်၊ အကြမ်းဖက်လုပ်ရပ်များအားလုံးကို အဆုံးသတ်ရန်နှင့် တတ်နိုင်သမျှထိန်းသိမ်းရန် တောင်းဆိုခဲ့ကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံ အထူးကိုယ်စားလှယ်၏ ပါဝင်မှုကို မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုခဲ့ကြောင်း၊ နှစ်ဖက်ခေါင်းဆောင်များသည် ပြည်သူများအတွက် လူသားချင်းစာနာ ကူညီပံ့ပိုးမှုများ ပေးအပ်ရာတွင် အမှန်တကယ်လိုအပ်သူများထံသို့ ရောက်ရှိရန်အတွက် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်၊ အာဆီယံအတွင်းရေးမှူးချုပ်၊ AHA စင်တာမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် သက်ဆိုင်ရာ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းကဲ့သို့ သက်ဆိုင်သူများအကြား အစည်းအဝေးတစ်ရပ်ကျင်းပရေးအတွက် အားပေးသွားမည်ဖြစ်ကြောင်း၊ အမှန်တကယ် လိုအပ်လျက်ရှိသော ပြည်သူများထံသို့ လူသားချင်းစာနာမှု အကူအညီများကို ခွဲခြားမှုမရှိဘဲ ပေးအပ်ရန်နှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရန်အတွက် သင့်လျော်သည့် ယန္တရားများနှင့် အစီအစဉ်များကို ထပ်မံဆောင်ရွက်သွားရန် အရေးကြီးကြောင်းနှင့် လူ့အသက်ကယ်ဆယ်ရေးသည် အရေးကြီးဆုံးကိစ္စဖြစ်သည့်အတွက် ပူးပေါင်းဆောင်ရွက်သွားရန် နှစ်ဖက်ခေါင်းဆောင်များက အသိအမှတ်ပြုခဲ့ကြကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့်လည်း ကိုဗစ်-၁၉ နှင့်ပတ်သက်သည့် ကာကွယ်ဆေးများ၊ အကူအညီများကို မြန်မာနိုင်ငံအတွင်း၌ မည်သည့်နေရာ၊ မည်သည့်ဒေသကိုမဆို ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊

- **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံ အထူးကိုယ်စားလှယ်၏ ပါဝင်မှုကို မြန်မာနိုင်ငံအနေဖြင့် ကြိုဆို**
- **နှစ်ဖက်ခေါင်းဆောင်များသည် ပြည်သူများအတွက် လူသားချင်းစာနာကူညီပံ့ပိုးမှုများပေးအပ်ရာတွင် အမှန်တကယ် လိုအပ်သူများထံသို့ ရောက်ရှိရန်အတွက် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်၊ အာဆီယံ အတွင်းရေးမှူးချုပ်၊ AHA စင်တာမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် သက်ဆိုင်ရာ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းကဲ့သို့ သက်ဆိုင်သူများအကြား အစည်းအဝေးတစ်ရပ်ကျင်းပရေးအတွက် အားပေးသွားမည်**

စာမျက်နှာ ၁၇ သို့

**◆ အာဆီယံသည် အစိုးရမဟုတ်ဘဲ အဖွဲ့ဝင်နိုင်ငံအားလုံး တန်းတူရည်တူ အခွင့်အရေးရှိ၊ ပြည်တွင်းရေးကို မစွက်ဖက်ရေး မူဝါဒရှိ၊ အားလုံး သဘောတူညီမှသာ ဆုံးဖြတ်ချက်ချမှတ်နိုင်မည်ဖြစ်၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံတွင် အဆိုပြုချက်၊ အကြံပြုချက်ကို အလေးထားမည်ဖြစ်သော်လည်း ပဋိညာဉ်စာတမ်းပါ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများမှ သွေဖည်မည့် လုပ်ဆောင်ချက်များကို မိမိတို့၏ မှန်ကန်သည့်ဘက်မှသာ ရပ်တည်ဆောင်ရွက် ရွေးချယ်သွားမည်**

*စာမျက်နှာ ၁၆ မှ*

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E.Mr.PRAK Sokhonn(ဖရက်ဆုတ်ခွန်း) ကို အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်မည့်အပေါ် ကြိုဆိုကြောင်းနှင့် အာဆီယံ ပဋိညာဉ်စာတမ်းနှင့်အညီ အာဆီယံတူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်နိုင်ရေးကို အပြည့်အဝ ပံ့ပိုးသွားမည်ဆိုသည်ကို ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ ရရှိခဲ့သည့် အတွေ့အကြုံများနှင့် သင်ခန်းစာများအပေါ် အခြေခံပြီး သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံး၏ ပူးပေါင်းပါဝင်မှု၊ သဘောတူညီမှု၊ အလုံးစုံငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်နိုင်ရေးကိုလည်း အလေးထားပြောကြားခဲ့ကြောင်း၊ အာဆီယံအထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံခရီးစဉ်ကို ပံ့ပိုးပေးရန်နှင့် လက်ရှိပြည်တွင်းအခြေအနေများကို ထည့်သွင်းစဉ်းစားလျက် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးနှင့် တွေ့ဆုံနိုင်ရေးကို ဆွေးနွေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

**နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ၏ ဆက်ဆံရေး**

မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ၏ ဆက်ဆံရေး၌ သက်ရောက်မှုရှိလာနိုင်သော ပြင်ပအကြောင်းတရားများကိုလည်း ထည့်သွင်းပြောကြားလိုကြောင်း၊ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂ ရက်နေ့တွင် အမေရိကန်နိုင်ငံက ပြဋ္ဌာန်းလိုက်သော အမျိုးသားကာကွယ်ရေးဥပဒေ (National Defence Authorization Act–NDAA) သည် ယင်းနိုင်ငံ၏ ကာကွယ်ရေးဘတ်ဂျက်ကို ယခင်နှစ်ကထက် ၅ ရာခိုင်နှုန်း တိုးမြှင့်သတ်မှတ်လိုက်မှုရှိကြောင်း၊ ထိုသို့ ကာကွယ်ရေးဘတ်ဂျက်တိုးမြှင့်ရာတွင် ၎င်းတို့အနေဖြင့် အင်ဒို–ပစိဖိတ်ဒေသအတွက် အမေရိကန်ဒေါ်လာ ၇ ဒသမ ၁ ဘီလီယံကို အသုံးပြုမည်ဟု သတ်မှတ်လိုက်ကြောင်း၊ ယခင်က ၎င်းတို့အလေးပေးခဲ့သော ယူကရိန်းနိုင်ငံကိစ္စကို ဝ ဒသမ ၃ ဘီလီယံသာ သုံးစွဲရန်စီစဉ်ထားကြောင်း၊ ဥရောပတိုက်အတွက်ကိုမူ ၄ ဘီလီယံသာ သုံးစွဲရန်စီစဉ်ထားကြောင်း၊ ထို့ကြောင့် အမေရိကန်အနေဖြင့် ယခုအချိန်တွင် မည်သည့်ဒေသကို စိတ်အဝင်စားဆုံးလဲ၊ မည်သည့်ဒေသကို အာရုံ အကျဆုံးလဲကို သိသာကြောင်း၊ အင်ဒို– ပစိဖိတ်ဒေသအတွက် ၇ ဘီလီယံသုံးစွဲမှုသည် တရုတ်နိုင်ငံကို ထိန်းချုပ်ရန်သာ အဓိကဟု ပြောချင်ကြောင်း၊ ယူကရိန်းနှင့် ဥရောပတစ်ခုလုံးမှ ၄ ဒသမ ၃ ဘီလီယံသာရှိပြီး အင်ဒို– ပစိဖိတ်အတွက် သုံးစွဲမှုကို မမီကြောင်း၊ အင်ဒို–ပစိဖိတ်ရပ်ဝန်းဒေသကို အင်အားကြီးနိုင်ငံများ တစ်နေ့တခြား အားပြိုင်လုပ်ဆောင်နေမှုများကို တွေ့ရကြောင်း၊ မိမိတို့ အာဆီယံနိုင်ငံများတွင်လည်း အကျိုးသက်ရောက်မှုရှိကြောင်း၊ ထို့ကြောင့် လွှမ်းမိုးလိုသောနိုင်ငံကြီးများ အပြိုင်အဆိုင်လုပ်နေသည်မှာ မဆန်းပါကြောင်း၊ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၅ ရက်တွင် အမေရိကန်၊ ဗြိတိန်နှင့် ဩစတြေးလျနိုင်ငံတို့သည် သုံးနိုင်ငံပါဝင်သည့် လုံခြုံရေးဆိုင်ရာမဟာမိတ်(AUKUS) အဖွဲ့အစည်းကိုလည်း ဖွဲ့စည်းထူထောင်ခဲ့ကြောင်း၊ ထိုသို့ဖွဲ့စည်းပြီးနောက် ငွေကြေးကိစ္စများ ပါဝင်လာခြင်းဖြစ်ကြောင်း၊ ထို့အပြင် ၂၀၁၇ ခုနှစ်က ဖွဲ့စည်းခဲ့သော QUAD ဆိုသည့် အဖွဲ့အစည်းလည်းရှိကြောင်း၊ ဒေသတွင်းနိုင်ငံများအပေါ် လွှမ်းမိုးမှုရှိရန်နှင့် တရုတ်နိုင်ငံကို ထိန်းချုပ်နိုင်ရန် ရည်ရွယ်ထားသည့်သဘောဖြစ်သည်ဟု အများစုက သုံးသပ်ထားကြောင်း၊ အမေရိကန်နိုင်ငံသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုသော အရာများကို အသုံးချပြီး ၎င်းနှင့် သဘောထားတိုက်ဆိုင်မှုမရှိသည့် နိုင်ငံများအပေါ် လွှမ်းမိုးထိန်းချုပ်ရန်နှင့် ပြည်တွင်းရေးကိစ္စများတွင် Double Standard ဟုခေါ်သည့် လိုတစ်မျိုး၊ မလိုတစ်မျိုး မူဝါဒများကျင့်သုံး၍ နည်းလမ်းပေါင်းစုံနှင့် စွက်ဖက်နိုင်ရန် ပြင်ဆင်လုပ်ဆောင်နေသည်ကိုလည်း သုံးသပ်ထားကြောင်း၊ မိမိတို့နိုင်ငံသည် တရုတ်နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်ကြောင်း၊ ကောင်းမွန်သော ဆက်ဆံရေးရှိသော နိုင်ငံလည်းဖြစ်ကြောင်း၊ မဟာမိတ်နိုင်ငံလည်းဖြစ်ကြောင်း၊ ထိုအကျိုးသက်ရောက်မှုများသည် မိမိတို့နိုင်ငံကိုလည်း သက်ရောက်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံကို အာဆီယံ မျက်နှာစာဘက်လှည့်၍ ဖိအားပေးနိုင်ရန် အမေရိကန်နိုင်ငံမှ တာဝန်ရှိသူများက ၎င်းတို့နှင့်အကျိုးတူဒေသတွင်းနိုင်ငံများကို မကြာခဏလာရောက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အကြောင်းမဲ့ ငွေကုန်ခံ၊ အချိန်ကုန်ခံ၍ မည်သူမှ မလာကြောင်း၊ ၎င်း၏နိုင်ငံအကျိုးစီးပွားအတွက် ၎င်းတို့လုပ်နေကြခြင်းဖြစ်သည်ဟု ပြောလိုကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၉၇ ခုနှစ်တွင် ဝင်ရောက်ခဲ့ကြောင်း၊ ထိုအချိန်က တပ်မတော်အစိုးရခေတ်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး စစ်အုပ်ချုပ်ရေး (Military Law)ဖြင့် အုပ်ချုပ်နေသည့်ခေတ်ဖြစ်ကြောင်း၊ ယခု မဲမသမာမှုကြောင့် နိုင်ငံတော်တာဝန်ကို တပ်မတော်အနေဖြင့် ခေတ္တထိန်းသိမ်းထားရကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အုပ်ချုပ်နေခြင်းဖြစ်ပြီး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးပါက ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးမည်ဟု ရှေ့လုပ်ငန်းစဉ်(၅)ရပ်၌ ထည့်သွင်းပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ၁၉၉၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ၁၃ နှစ်တာကာလအတွင်း၌ အာဆီယံအဖွဲ့ကြီးနှင့် လက်တွဲဆောင်ရွက်ခဲ့ကြောင်း၊ ယခုကာလတွင် အာဆီယံထဲ၌ မြန်မာ့အရေးရပ်တည်ချက်နှင့်ပတ်သက်ပြီး ကန့်ကွက်နေကြခြင်းသည် ပြင်ပဖိအား (မိမိပြောခဲ့သည့်အကြောင်းအရာများ)၊ နောက်ခံအကြောင်းတရားနှင့် နိုင်ငံရေးရည်မှန်းချက်များကြောင့်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံကို နိုင်ငံအနေဖြင့် ဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံ၏ကိုယ်စားပြုမှုကို လေးစားရန် လိုအပ်ပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံများ၏ တန်းတူရည်တူရှိရေး သဘောတရားကို ကုလသမဂ္ဂပဋိညာဉ်စာတမ်း အပိုဒ်(၂) အပိုဒ်ခွဲ(၁)တွင် "ကုလသမဂ္ဂသည် အဖွဲ့ဝင်အားလုံး၏ အချုပ်အခြာအာဏာ တန်းတူရည်တူရှိမှုအပေါ်တွင် အခြေခံသည်" ဟု ဖော်ပြထားကြောင်း၊ ထို့ကြောင့် အချုပ်အခြာအာဏာကို အသိအမှတ်မပြုလျှင် နိုင်ငံအချင်းချင်း လွတ်လပ်စွာပူးပေါင်းဆောင်ရွက်မှု ရှိမည်မဟုတ်သည့်အပြင် အပြည်ပြည်ဆိုင်ရာဥပဒေလည်း ရှိနိုင်မည်မဟုတ်ကြောင်း၊ အလားတူ အာဆီယံသည် အစိုးရမဟုတ်ဘဲ အဖွဲ့ဝင်နိုင်ငံအားလုံး တန်းတူရည်တူ အခွင့်အရေးရှိကြောင်း၊ ပြည်တွင်းရေးကို မစွက်ဖက်ရေး မူဝါဒရှိကြောင်း၊ အားလုံးသဘောတူညီမှသာ ဆုံးဖြတ်ချက် ချမှတ်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံတွင် အဆိုပြုချက်၊ အကြံပြုချက်ကို အလေးထားမည်ဖြစ်သော်လည်း ပဋိညာဉ်စာတမ်းပါ မူဝါဒနှင့်လုပ်ထုံးလုပ်နည်းများမှ သွေဖည်မည့် လုပ်ဆောင်ချက်များကို မိမိတို့၏ မှန်ကန်သည့်ဘက်မှသာ ရပ်တည်ဆောင်ရွက် ရွေးချယ်သွားမည်ကို ပြောကြားလိုကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံသည် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူနေပြီဖြစ်သည့်အတွက် မှန်ကန်မျှတသော စွမ်းဆောင်ချက်များနှင့်အတူ အာဆီယံအသင်းကြီး၏ အောင်မြင်မှု အရပ်ရပ်ကို စွမ်းဆောင်နိုင်မည်ဟု မိမိတို့နိုင်ငံအနေဖြင့် အထူးယုံကြည်မိပါကြောင်း၊ အာဆီယံ နိုင်ငံရေး–လုံခြုံရေး အသိုက်အဝန်း၊ အာဆီယံ လူမှု–ယဉ်ကျေးမှု အသိုက်အဝန်းဟူသော မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အာဆီယံအသိုက်အဝန်း ၂၀၂၅ မျှော်မှန်းချက်အတွက် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ပြောလိုကြောင်း ပြောကြားသည်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်**

ဆက်လက်၍ ဒုတိယအချက်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ပြောကြားလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၂ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် "၂၀၂၂ ခုနှစ်ဟာ အရေးပါတဲ့နှစ်ဖြစ်ပါတယ်။ လာမယ့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ စိန်ရတု ပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတု လွတ်လပ်ရေးနေ့ဖြစ်တဲ့အတွက် ယခုနှစ်ဟာ စိန်ရတု အကြိုကာလဖြစ်ပါတယ်။ ဒါကြောင့် ၇၅ နှစ်တာ ကြာခဲ့ပြီဖြစ်တဲ့ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေဖို့၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်များနဲ့ ပြည့်စုံဖို့ အရေးကြီးပါတယ်။ ဒါ့ကြောင့် ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များ စရပါမယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် (၅)ရပ်ရဲ့ စတုတ္ထအချက်ထဲမှာလည်း ဖော်ပြထားပြီးဖြစ်လို့ သက်ဆိုင်ရာအဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောကြားချက်သည် မိမိတို့အစိုးရအနေဖြင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်လာလျှင် ဖြစ်နိုင်သမျှ လမ်းကြောင်းမှန်သမျှဖြင့် လမ်းဖွင့်ထားလျက်ရှိကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာ ပိုမိုတည်တံ့ခိုင်မြဲစေရန်နှင့် တိုင်းပြည်၏ဖွံ့ဖြိုးတိုးတက်ရေး အသီးအပွင့်များ ပြည့်စုံစေရန်၊ ခံစားနိုင်စေရန် အခြေခံလိုအပ်ချက်သည် ငြိမ်းချမ်းရေးသာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများနှင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ထိုအချက်များကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရကြောင်း၊ မကုန်သင့်သည့်အင်အားများ၊ မကုန်သင့်သည့်စွမ်းအားများ၊ မကုန်သင့်သည့်အချိန်များ ကုန်ခဲ့ရကြောင်း၊ ထို့ကြောင့် ယင်းအချက်များကို ယခုနှစ်အတွင်း၌ မိမိတို့ပြုပြင်နိုင်ရန် ကြိုးစားမည်ဖြစ်ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေး၊ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးကို အဆင့်တစ်ခုအထိရောက်အောင် မိမိတို့ကြိုးပမ်းမည်ဖြစ်ကြောင်း၊ ထိုငြိမ်းချမ်းရေးက ရရှိလာသော စုစည်းအင်အားကို ဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးပြုကြမည်ဖြစ်ကြောင်း၊ ယခုလက်ရှိ မိမိတို့အစိုးရအနေဖြင့် လုပ်ဆောင်နေမှုများကို ပြောကြားမည်ဖြစ်ကြောင်း ပြောကြားသည်။

အစိုးရအနေဖြင့် ၂၀၂၁ ဖေဖော်ဝါရီလ ၁၇ ရက်တွင် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီတို့ကို ဖွဲ့စည်းခဲ့ကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဥက္ကဋ္ဌဖြစ်ကြောင်း၊ ဗဟိုကော်မတီ အနေဖြင့် မတ်လ ၃ ရက်က ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး မူဝါဒ(၄)ခု ချမှတ်ခဲ့ကြောင်း၊ ထိုအရာများသည် (၁)နိုင်ငံအကျိုး၊ ပြည်ထောင်စုအကျိုးနှင့် ပြည်သူ ပြည်သားအားလုံး လိုလားတောင့်တနေသော ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိစေရေးအတွက် အလွတ်သဘောတွေ့ဆုံဆွေးနွေးရန်၊ (၂) တရားဝင်ဆွေးနွေးမှုများကိုလည်း လိုအပ်သလို ညှိနှိုင်းဆောင်ရွက်သွားရန်၊ (၃) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာစေရေးအတွက် Bilateral ဆွေးနွေးပွဲများကို သတ်မှတ်ချက်နှင့်အညီ စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊ (၄) NCA အရ တရားဝင်အစည်းအဝေးများနှင့် ငြိမ်းချမ်းရေးညီလာခံ ကျင်းပနိုင်သည်အထိ ညှိနှိုင်းဆောင်ရွက်သွားရန်တို့ဖြစ်ကြောင်း၊ ထို့အပြင် တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်မှစ၍ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း အကြိမ် ၂၀ ပြုလုပ်ပေးခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲပေးခဲ့ကြောင်း၊ ထိုအချက်သည် ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့် တွေ့ဆုံမှုအပြီး နှစ်နိုင်ငံ သဘောတူထုတ်ပြန်ချက်အရ ယခုနှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့အပြင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအနေဖြင့် ၂၀၂၁ ခုနှစ် မတ်လ ၈ ရက်မှ ဒီဇင်ဘာလ ၂၇ ရက် အထိ NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ၁၆ ကြိမ်၊ NCA ရေးထိုးထားခြင်း မပြုသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ၉ ကြိမ်၊ နိုင်ငံရေးပါတီများနှင့် ၆ ကြိမ်၊

*စာမျက်နှာ ၁၈ သို့*

စာမျက်နှာ ၁၇ မှ

ဘာသာရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့များနှင့် ၂ ကြိမ် စုစုပေါင်း ၃၃ ကြိမ် တွေ့ဆုံခဲ့ပြီး NCA လမ်းကြောင်းအတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်နေမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း၊ နောက်ဆုံးတွေ့ခဲ့သည့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၆ ဖွဲ့ဖြစ်သော “ဝ”ပြည် သွေးစည်းညီညွတ်ရေးပါတီ(UWSA)၊ အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်ဖွဲ့(NDAA)၊ မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော်(MNDAA)၊ ရခိုင်အမျိုးသားအဖွဲ့ချုပ်(ULA/AA)၊ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်(TNLA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP/SSA)တို့မှ ကိုယ်စားလှယ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ လက်နက်ကိုင်ပဋိပက္ခများလျှော့ချရေး၊ ဆက်လက်ဆောင်ရွက်ကြမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်များနှင့် နယ်စပ်တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များအား အလွတ်သဘော တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ NLD ပါတီ၏ မဲမသမာမှုများအပေါ် တပ်မတော်နှင့် နိုင်ငံရေးပါတီများက ညှိနှိုင်းဆွေးနွေး အဖြေရှာရန်အတွက် နည်းလမ်းပေါင်းစုံနှင့် ကြိုးစားခဲ့သော်လည်း လက်ခံခြင်းမရှိသည့်အတွက် တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)အရ နိုင်ငံတော်တွင် နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းခဲ့ကြောင်း၊ ထိုအခြေအနေအပေါ် NLD ပါတီဝင် အစွန်းရောက်များနှင့် တရားမဝင်ဖွဲ့စည်းထားသော CRPH၊ NUG ကဲ့သို့သော အဖွဲ့အစည်းတို့၏ သွေးထိုးလှုံ့ဆော်မှုကြောင့် ပေါ်ပေါက်လာသည့် PDF အကြမ်းဖက်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရန် မရှိကြောင်း၊ အကြမ်းဖက်အဖွဲ့များကို အချို့ EAO များက သင်တန်းပေး၊ လက်နက်ထောက်ပံ့မှုများ လုပ်ဆောင်နေမည်ဆိုပါ NCA ဆိုသည့် ငြိမ်းချမ်းရေးလမ်းကြောင်းမှ သွေဖည်ပြီး တစ်နိုင်ငံလုံးမှပြည်သူများ လိုလားသည့် ထာဝရငြိမ်းချမ်းရေးနှင့် ဆန့်ကျင်သည့် လုပ်ရပ်ဖြစ်မည်ကို သတိပြုရန် လိုအပ်သည်ကို ပြောလိုကြောင်း ပြောကြားသည်။

မိမိတို့အစိုးရအနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီသည် NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးပိုမိုခိုင်မာလာစေရေး၊ NCA လက်မှတ် မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ NCA ၌ ပါဝင်လက်မှတ်ရေးထိုးလာစေရေးတို့မှတစ်ဆင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်များနှင့် သတ်မှတ်ပေးထားသော အချိန်ဇယားများအတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် တစ်နိုင်ငံလုံးက မျှော်လင့်တောင့်တနေသည့် ငြိမ်းချမ်းရေးကို အဆင့်တစ်ခုအထိရရှိအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

တတိယအချက်ဖြစ်သည့် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ယွမ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေရေးဆိုင်ရာနှင့်ပတ်သက်ပြီး ပြောကြားသွားမည်ဖြစ်ကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးသည် ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်တွင် စတင်ခဲ့ပြီး ယနေ့ဆိုလျှင် ၇၁ နှစ်ရှိခဲ့ပြီဖြစ်ကြောင်း၊ ၇၁ နှစ် သံတမန်ဆက်ဆံရေးကာလအတွင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် ဘက်စုံပူးပေါင်းမှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားသည်။

**တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု**

မိမိတို့အစိုးရအနေဖြင့် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု၌ ချစ်ကြည်ရင်းနှီးမှုကို အမြဲတန်ဖိုးထား လေးစားလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး စိုက်ပျိုး/မွေးမြူရေးကို အဓိကထား လုပ်ကိုင်နေသူများဖြစ်ကြောင်း၊ စားနပ်ရိက္ခာထုတ်လုပ်မှုလုပ်ငန်းကိုသာ ကျယ်ပြန့်စွာ ပိုမိုလုပ်ကိုင်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံ၏ စီးပွားရေးအတွက် ကောင်းမွန်သည့် ရလဒ်များကိုသာ ရရှိမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကန့်သတ်ချက်များကြောင့် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား၌ ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုများသည် အနည်းငယ်နှောင့်နှေးမှုများရှိကြောင်း၊ ၁၁-၁-၂၀၂၂ ရက်မှစ၍ မူဆယ်နယ်စပ်ကုန်သွယ်မှုတွင် ပို့ကုန် ၇ မျိုးနှင့် သွင်းကုန် ၃၁ မျိုးတို့ကို ဘဏ်စနစ်ဖြင့်သာ ပေးချေ တင်ပို့/တင်သွင်းခွင့်ပြုနေပြီဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ငွေသားပေးချေမှုနေရာ၌ မြန်မာဘဏ်နှင့် တရုတ်ဘဏ် တစ်ခုနှင့်တစ်ခု ယွမ်/ကျပ် တိုက်ရိုက်ဖလှယ် သုံးစွဲကြရမည်ဖြစ်ပြီး ဘဏ်စနစ်ဖြင့် ဆောင်ရွက်မှု အဆင်ပြေလာပြီဆိုပါက နောက်ပိုင်းတွင် ပို့ကုန်၊ သွင်းကုန်အားလုံးကို ဘဏ်စနစ်ဖြင့်သာ ကုန်သွယ်မှုပြုလုပ်တော့မည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင်လည်း နယ်စပ်ဂိတ်များစတင်၍ ပြန်လည်ဖွင့်လှစ်လာခဲ့ကြောင်း၊ ထိုသို့ ဖွင့်လှစ်လာရာ၌ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုကို တိုးမြှင့်နိုင်ရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရန်၊ နှစ်နိုင်ငံငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် လွယ်ကူချောမွေ့စေရန်၊ အမေရိကန်ဒေါ်လာအပေါ်မှီခိုမှုနှင့် Exchange Rate Risk များကို လျှော့ချနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၂၁ ဖြင့် တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ဒေသတွင် ယွမ်နှင့်ကျပ် တိုက်ရိုက်အသုံးပြု ပေးချေမှုကို ဆောင်ရွက်ခွင့်ပြုကြောင်းကို ထုတ်ပြန်လိုက်ကြောင်း၊ နိုင်ငံတော်၏ အခွန်ရငွေများကို တရားဝင်ဘဏ်လမ်းကြောင်း အသုံးပြု၍ ယွမ်နှင့်ကျပ် တိုက်ရိုက်လဲလှယ်

၈ ဦး၊ မလေးရှားနိုင်ငံမှ ၃ ဦး၊ အိန္ဒိယနိုင်ငံမှ ၁ ဦး စုစုပေါင်း ပြည်ပမှပြန်ဝင်လာသူ ၁၂ ဦး၊ ၁၁-၁-၂၀၂၂ ရက်တွင် အိန္ဒိယမှ ပြန်ဝင်လာသူ ၃ ဦးနှင့် ၁၂-၁-၂၀၂၂ ရက်တွင် အိန္ဒိယမှ ပြန်ဝင်လာသူ ၂ ဦး၊ ၁၃-၁-၂၀၂၂ ရက်တွင် အိန္ဒိယ၊ ယူအေအီး၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ ပြန်လည်ဝင်ရောက်လာသူ ၄၂ ဦး ထပ်မံတွေ့ရှိရပြီး စုစုပေါင်း ၆၃ ဦးထိ တွေ့ရှိရပြီဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတွင် အိုမီခရွန်မျိုးကွဲ တွေ့ရှိမှုနှင့်အတူ ရောဂါဖြစ်ပွားမှုမြင့်တက်လာ၍ စိုးရိမ်မှုအခြေအနေကို အဆင့်(၄)အထိ သတ်မှတ်ထားကြောင်း၊ ကူးစက်မှုလွန်စွာမြန်ဆန်၍ အန္တရာယ်ရှိသောနေရာများကို ပိတ်ပင်ခြင်း၊ ကိုဗစ်-၁၉ စည်းကမ်းချက်များ တင်းကျပ်ခြင်းတို့ကို ပိုမိုလုပ်ဆောင်လာနေခြင်းအား တွေ့ရှိနေရပြီဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်တွင် ၃-၁-၂၀၂၂ တစ်ရက်တည်းတွင် ပိုးတွေ့ရှိမှု ၇၇၅ ဦးရှိပြီး ၎င်းတို့နိုင်ငံ၏ ရက်ပေါင်း ၈၉ ရက်အတွင်း အမြင့်ဆုံးအခြေအနေကို ရောက်ရှိသွားကြောင်း၊ ထို့ကြောင့် ကန့်သတ်တားမြစ်မှုများ ပိုလုပ်လာကြကြောင်း၊ အိန္ဒိယနိုင်ငံတွင် လူဦးရေထူထပ်သည့် မြို့ကြီးများမှတစ်ဆင့် တစ်နိုင်ငံလုံးကို ပျံ့နှံ့သွားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အချို့မြို့ကြီးများတွင် ညမထွက်ရအမိန့်/ စနေ၊ တနင်္ဂနွေအပြင်ထွက်မှု တားမြစ်ချက်များ




သတင်းစာရှင်းလင်းပွဲတွင် ပြသထားသည့် မှတ်တမ်းဓာတ်ပုံများ။

အသုံးပြုမှုမှ မှန်မှန်ကန်ကန် ရရှိနိုင်စေခြင်း၊ ယွမ်နှင့်ကျပ် နှစ်နိုင်ငံ တိုက်ရိုက်အသုံးပြု ပေးချေနိုင်ခြင်းကြောင့် ငွေကြေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာနိုင်ပြီး ဒေသတွင်း စီးပွားရေးစနစ်လည်း တိုးမြှင့်လာကာ နှစ်နိုင်ငံအတွက် မှတ်တိုင်တစ်ခု စိုက်ထူလာနိုင်မည်ဟု မျှော်မှန်းထားကြောင်း ပြောကြားသည်။

**ကိုဗစ်-၁၉ ကာကွယ်ရေး**

စတုတ္ထအချက်အနေဖြင့် ကိုဗစ်- ၁၉ ရောဂါနှင့် ပတ်သက်ပြီး ဆက်လက် ပြောကြားသွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်ပြီး ကမ္ဘာပေါ်တွင် ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းမှာ စတင်တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်မှာ စတင်တွေ့ရှိရကြောင်း၊ ကိုဗစ်-၁၉ ရောဂါ၏ မျိုးစိတ်ကွဲများ တွေ့ရှိမှုဖြင့်ဆိုပါက ၂ နှစ်ကျော်ကာလ ရှိပြီဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ကမ္ဘာ့စီးပွားရေး၊ လူမှုရေးအခြေအနေများအပေါ် ဆုတ်ယုတ်စေသည့် ရိုက်ခတ်မှုများ ဖြစ်ပေါ်လာစေခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၂၁ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် စစ်ဆေးခဲ့သူများအနက် ၄၁ ရာခိုင်နှုန်းဖြင့် ရောဂါပိုးတွေ့ရှိမှုအများဆုံးဖြစ်ကြောင်း၊ ယခု ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကိုဗစ်- ၁၉ ရောဂါ၏ မျိုးကွဲသစ် အိုမီခရွန်ကို တွေ့ရှိနေရပြီ ဖြစ်ကြောင်း၊ ပညာရှင်များက ပြောပြသည်မှာ ဒယ်လ်တာကဲ့သို့ ရောဂါပြင်းထန်မှုက ကြောက်ဖို့မကောင်းဘူးဟု ပြောကြကြောင်း၊ သို့သော် ကူးစက်မှုမှာ ဒယ်လ်တာမျိုးကွဲကို အိုမီခရွန်မျိုးကွဲက ကျော်တက်နေပြီဖြစ်ကြောင်း၊ ယခု မိမိတို့ နိုင်ငံ၏ အိမ်နီးနားချင်းနိုင်ငံများတွင် တွေ့သလို ဒေသတွင်းနိုင်ငံများတွင်လည်း အိုမီခရွန်ပိုးကို တွေ့နေရပြီဖြစ်ကြောင်း၊ ၁၁-၁-၂၀၂၂ ရက်အထိ အိမ်နီးချင်းတွင် ထိုင်းက ၅၃၉၇ ဦး(ငါးထောင့်လေးရာနီးပါး)၊ အိန္ဒိယက ၄၄၆၁ ဦး(လေးထောင့် လေးရာကျော်)၊ ဒေသတွင်းနိုင်ငံများထဲမှ စင်ကာပူက ၅၃၅ ဦး(ငါးရာ့ သုံးဆယ်ကျော်)၊ အင်ဒိုနီးရှားက ၃၃၇ ဦး (သုံးရာ့ လေးဆယ်နီးပါး)၊ မိမိတို့နိုင်ငံ၌ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့မှ ပြန်ဝင်လာသော မြန်မာနိုင်ငံသား ၄ ဦး၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၇ ရက်တွင် ယူအေအီးနိုင်ငံမှ ချမှတ်၍ ထိန်းချုပ်နေရမှုများရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် လှိုင်းအသွင်ဖြင့် ဖြစ်နေခြင်းဖြစ်ကြောင်း၊ အိုမီခရွန်သည် ကူးစက်ခံရသူအများစုက ရောဂါလက္ခဏာ အနည်းငယ်သာပြခြင်း၊ သို့မဟုတ် လုံးဝရောဂါလက္ခဏာမပြသည့် အခြေအနေမှ ကူးစက်ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အိုမီခရွန်မျိုးကွဲသစ် ပေါ်ထွက်လာမှုနှင့်အတူ အားဖြည့်ကာကွယ်ဆေး (Booster dose)ထိုးနှံရန် လိုအပ်ကြောင်းကို အဆိုပြုထားကြောင်း၊ အထူးသဖြင့် ကိုဗစ်- ၁၉ ရောဂါနှင့်ပတ်သက်လာပါက ကိုယ်ခံစွမ်းအား မြင့်မားစွာရရှိထားသည့်အခြေအနေတွင် ကူးစက်ခံရမှုဖြစ်ပွားရန် မလွယ်ကူကြောင်း၊ အားဖြည့်ကာကွယ်ဆေး ထိုးနှံထားမည်ဆိုပါက ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အိုမီခရွန်မျိုးကွဲသစ်နှင့်ပတ်သက်၍ အထူးဂရုပြု အလေးထားဖို့လိုအပ်မည်ကို ပြောလိုကြောင်း၊ မိမိတို့ကျန်းမာသန်စွမ်းစွာဖြင့် အသက်ရှင်နေထိုင်နိုင်ရေးထက် ဘာမှအရေးမကြီးသည့်အတွက် ကိုယ်စီအသိရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်တတိယလှိုင်း၌ မေလက အိန္ဒိယနိုင်ငံတွင်ဖြစ်ခဲ့ပြီး ကြိုတင်သတိပေးမှုများလုပ်ခဲ့သော်လည်း ဝင်ထွက်မှုများကို ကန့်သတ်နိုင်မှုမရှိခြင်း၊ စည်းကမ်းလိုက်နာမှုနှင့်ပတ်သက်၍ အားနည်းချက်များရှိခြင်းကြောင့် ဇူလိုင်လတွင် မြန်မာနိုင်ငံ၌ တတိယလှိုင်းကို မထိန်းနိုင် မသိမ်းနိုင် ဖြစ်ခဲ့သည်မှာ အားလုံးအမြင်ဖြစ်ကြောင်း၊ ပြည်သူလူထု၊ တပ်မတော်၊ နိုင်ငံတော်အစိုးရ၊ လူမှုအဖွဲ့အစည်းများအားလုံး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ခဲ့ရကြောင်း၊ ယခု စတုတ္ထလှိုင်းသည်လည်း အိမ်နီးချင်းနိုင်ငံများတွင် ဖြစ်ပေါ်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ပိုမိုဂရုပြုကြရန်၊ မြန်မာနိုင်ငံအတွင်း၌လည်း ပြည်ပမှဝင်ရောက်သည့်လူများ ရှိကြောင်း၊ ထိုကိစ္စများကို ပိုမိုသတိပြုကြရန်အတွက် ယခု သတင်းစာရှင်းလင်းပွဲမှ တိုင်းရင်းသားပြည်သူအားလုံးကို မေတ္တာရပ်ခံကြောင်း၊ ကိုဗစ်စည်းကမ်းများနှင့်အညီနေထိုင်ရန် မေတ္တာရပ်ခံလိုကြောင်း ပြောကြားသည်။

ဆက်လက်ဖော်ပြပါမည်

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၅-၁-၂၀၂၂) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Supportive | | | | |
| 1 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 2 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 3 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 4 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 5 | PO – Azithromycin 500 mg | 5x3's | 4000 | Ramm-awaddy |
| 6 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 7 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 8 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 9 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 10 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

နေပြည်တော် ဇန်နဝါရီ ၁၅

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅ - ၁ - ၂၀၂၂

ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၅၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၄၆၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၅၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၄၆၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၄၄၀/၁၄၅၀ ကျပ် | ၁၄၆၀/၁၄၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၄၅၀/၁၄၆၀ ကျပ် | ၁၄၈၀/၁၄၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၄၅/၁၄၅၅ ကျပ် | ၁၄၉၅/၁၅၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၉၅/၁၅၂၀ ကျပ် | ၁၆၀၅/၁၆၁၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၄၀ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၂ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၅၆၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၂ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၅ . ၆၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၉၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၉၇၉ |

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၁၀၄ | ၈၅၂၈၀၀ |
| MTSH | ၃၀၀၀ | ၃၀၅၀ | ၃၇၀ | ၁၁၁၈၄၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၁ | ၂၆၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၁-၂၀၂၂ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ ဘောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ ယဉ်ကျေးလိမ္မာ ဓမ္မတေးကဗျာ
- ၀၈:၃၅ မန္တလေးမဟာမုနိရုပ်ရှင်တော်မြတ်ကြီး ရောင်တော်ဖွင့်ရကြောင်းသံ
- ၀၉:၁၀ နဝင်္ဂဥပေါသထသီလ
- ၀၉:၃၀ 'တူယှဉ်နွှဲပျော် ဂီတပွဲတော်' သီချင်းဆိုပြိုင်ပွဲ (ပွဲစဉ်-၈)
- ၁၂:၃၀ 'ရဟန်းတစ်ပါးကြွလာသည်' တရားတော်
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာ့ဂန္တဝင်ရုပ်ရှင် 'ချစ်ကြိုးလိမ်' (စိန်မြင့်၊ ချိုပြုံး၊ မို့မို့မြင့်အောင်)
- ၁၆:၃၅ (၃၈) ဖြာ ယဉ်ကျေးလိမ္မာမင်္ဂလာကဗျာများ
- ၁၇:၁၅ ထူးခြားစုံလင် အာရုပစိပိတ်အစီအစဉ်
- ၁၇:၃၅ ရာဇဝင်ထဲက သမိုင်းအနုပညာ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ သုတဝေဖြာ သီရိဂေဟာ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့ လှို့ဝှက်ချက်' (အပိုင်း-၅၅)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ
- ၂၁:၁၀ မြတ်ဗုဒ္ဓမဇ္ဈိမ၏ အနှိုင်းမဲ့ရတနာ

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

### mitv

- 07:01 Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
- 07:08 Up Against The Tide
- 07:26 Applied Myanmar Traditional Martial Art (Part-1)
- 07:50 Orchid Lover
- 08:01 The Listening Eye
- 08:15 Today Myanmar: Tea Export
- 08:27 Products of Myanmar - Mya Setkyar Pure Silk Fabric From Inle Lake
- 08:41 Memorable Yaw Region
- 09:01 News
- 09:25 Global Partnership for Brighter Future: Monaco Pavilion at Expo 2020 Dubai
- 09:34 Journey To The Mogok (Part-2)

### MRTV NRC

**ပဂေးကရင် (၀၆:၀၀ မှ ၀၇:၀၀)** တောင်ပေါ်သူလေးရဲ့ဟင်းလျာ

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ရင်ထဲကလက်မှုပညာ

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၈)

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)** ချဉ်ပေါင်အချိုရည်ပြုလုပ်နည်း

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)** ချစ်ကျေးရွာမှတောင်ပေါ်ပန်းသီးများ

**မွန် (၁၁:၀၀ မှ ၁၃:၀၀)** အလှမှာယဉ်ဆေးဖက်ဝင်သည့်တရုတ်စံကားပွင့်

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)** ထိန်းသိမ်းစို့လေ ရိုးရာအမွေ (အပိုင်း-၁)

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)** သာသနာအကြောင်းတရားတော် (အပိုင်း-၁)

**ဝ (၁၇:၀၀ မှ ၁၉:၀၀)** ခွီမားဆန်ပြုတ်ချက်နည်း

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)** ကချင်ရိုးရာငါးပေါင်းချက်ကြမယ်

**ကယား (၂၁:၀၀ မှ ၂၃:၀၀)** ကော်ယော်(မိုနု)ဒေသသို့

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အာဟာရ'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၆)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၆)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။


# မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချြုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း

# ကာလေန ဓမ္မသာကစ္ဆာ

## အခါအခွင့်ကြုံကြိုက်တိုင်း တရားစကား ဆွေးနွေးမေးမြန်းခြင်းသည် မင်္ဂလာမည်၏။

ကျော်ကျော်လှိုင်

**အခါအခွင့်ကြုံတိုင်း၊ သင့်လျော်သည့်အချိန်တိုင်း တရားစကား ဆွေးနွေးမေးမြန်းခြင်းသည် မင်္ဂလာမည်၏ဟု ဗုဒ္ဓဘုရားရှင်က ဟောပါသည်။ “ကာလေန ဓမ္မဿဝနံ” သင့်လျော်သည့်အခါ တရားနာခြင်းသည် မင်္ဂလာမည်၏ဟုလည်း မင်္ဂလာတရားတော်ရှေ့ပိုင်းတွင် ဟောထားပါသည်။ “ကာလေနဓမ္မဿဝနံ”နှင့်“ကာလေနဓမ္မသာကစ္ဆာ”သည် တူသည်ဟုထင်ရသော်လည်း သေသေချာချာစဉ်းစားလျှင် အဓိပ္ပာယ်ကွဲပြားပါသည်။**

ရှေးဦးစွာ အခါအခွင့် ကြုံကြိုက်သည်နှင့် ပတ်သက်၍ တွေးလိုက်လျှင် အောက်ပါ အချက်များနှင့် ပြည့်စုံရမည်ကို တွေ့ရပါသည်။

၁။ တရားစကားကို မေးမြန်းသည့်အခါ ဖြေကြားမည့်သူသည် အသိပညာနှင့် ပြည့်စုံရန် လိုပါသည်။

၂။ တရားကိုသိပြီး ကိုယ်တိုင်လည်း လိုက်နာကျင့်သုံးနေသူ ဖြစ်ရပါမည်။

၃။ မေးမြန်းသည်ကို စိတ်ရှည်လက်ရှည် ဆွေးနွေးဖြေကြားပေးရန် ဆန္ဒရှိသူလည်း ဖြစ်ရပါမည်။

အခွင့်ကြုံကြိုက်တိုင်း တရားစကား ဆွေးနွေးမေးမြန်းသည့်အခါ ပါဠိစကားများနှင့် မေးမြန်းဆွေးနွေးနိုင်မှ တရားစကားဖြစ်သည် ဆိုသည့်အတွေးကို ဖျောက်စေလိုပါသည်။ တရားမျှတသည့်အကြောင်း၊ တရားမျှတအောင် ဘဝကို ကျင့်ကြံ နေထိုင်သင့်သည့်အကြောင်း၊ ကိုယ်ကျင့်တရား အကြောင်းများကို ဆွေးနွေး မေးမြန်းခြင်းသည်လည်း တရားစကားဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုး အများစုသည် ဘုရားရှိခိုးသည့်အခါ ဩကာသ ကန်တော့ချိုးမှာပါသည့် “အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရပါလို၏” ဟုဆိုသည့် ဆုတောင်းအကြောင်းကို ဦးစွာ တရားစကားအဖြစ် ဆွေးနွေးလိုပါသည်။

**အပါယ်လေးပါး**

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံများသည် အပါယ်လေးပါး ဖြစ်ပါသည်။ ချမ်းသာခြင်းမရှိသည့် အရပ်ဒေသ၊ ချမ်းသာခြင်းမရှိသည့် ဘဝတွေဖြစ်၍ မသွားသင့် မရောက်သင့်သည့် နေရာများဖြစ်ပါသည်။ အပါယ်လေးပါးသည် ရပ်ပြစ်ရှစ်ပါးထဲမှာ ပါဝင်ပါသည်။ ရပ်ပြစ်ရှစ်ပါးတွင် အပါယ်လေးပါးအပြင် နာမ်သက်သက်ရှိသည့် အရူပဘဝ၊ အယူလွဲမှားသည့် ဘဝ၊ ဘုရား၊ တရား နားမလည် သဘောမပေါက်သည့်ဘဝ၊ (ဥပမာ – စိတ်ထိခိုက်ပြီး ရူးသွပ်နေသူသည် ဘုရားတရားကို နားမလည်သည့် ဘဝဖြစ်ပါသည်)နှင့် ဘုရားမပွင့်သည့် အချိန် လူဖြစ်ရသည့်ဘဝ စုစုပေါင်း လေးပါးလည်း ပါဝင်ပါသည်။ မီးဘေး၊ ရေဘေး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူများသည် ရန်သူမျိုးငါးပါး ဖြစ်ပါသည်။ သက်ဦးဆံပိုင်ဘုရင်စနစ်ခေတ်တွင် အသက်အားလုံးကို မင်းက ပိုင်ဆိုင်၍ မင်းကို ရန်သူအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်နိုင်ပါသည်။ ယနေ့ခေတ်တွင် မင်းသည် လူတိုင်းအတွက် ရန်သူ မဟုတ်ပါ။

**ဝိပတ္တိတရားလေးပါး**

**နံပါတ်တစ်**သည် အကျင့်ပျက်သူ ဖြစ်ပါသည်။

**နံပါတ်နှစ်သည်** အယူဘာသာ ပျက်သူဖြစ်ပါသည်။ အယူဘာသာ ပျက်နေသူဆိုသည်မှာ အယူဘာသာ မတူသူ မဟုတ်ပါ။ လူအများအပေါ်တွင် လောဘတရားနှင့် အမြဲအနိုင်ယူချင်သူ ဖြစ်ပါသည်။ အတ္တကြီးပြီး တစ်ကိုယ်ကောင်းဆန်သူသည် အယူဝါဒပျက်သူ၊ မှားနေသူ ဖြစ်ပါသည်။

**နံပါတ်သုံး**သည် ကတိပျက်သူ ဖြစ်ပါသည်။

**နံပါတ်လေး**သည် ဥပဓိရုပ်ပျက်နေသူဖြစ်ပါသည်။ ကိုယ်လက်အင်္ဂါ မသန်မစွမ်းဖြစ်ခြင်း၊ ရုပ်ရည်မပြေပြစ်ခြင်းကို ဥပဓိရုပ်ပျက်သည်ဟုဆို၍ မရပါ။ တစ်၊ နှစ်၊ သုံး အချက်များဖြစ်သော အကျင့်ပျက်ခြင်း၊ အယူဝါဒပျက်ခြင်း၊ ကတိပျက်ခြင်းများကို ချိုးဖောက်လျှင် မလွဲမသွေ ဥပဓိရုပ်ပျက်မည်ဖြစ်ပါသည်။ အကျင့်သီလကောင်းသူ၊ တစ်ကိုယ်ကောင်းမဆန်သူ၊ ကတိတည်သူသည် ဥပဓိရုပ်ကောင်းသူ ဖြစ်ပါမည်။

**ဗျသနတရားငါးပါးမှာ**

၁။ ဆွေမျိုးများပျက်စီးခြင်း၊

၂။ စီးပွားပျက်စီးခြင်း၊

၃။ ရောဂါဖိစီးခြင်း၊

၄။ သီလပျက်စီးခြင်း၊

၅။ အယူဘာသာပျက်စီးခြင်းတို့ ဖြစ်ပါသည်။

အခါအခွင့်ကြုံတိုင်း၊ သင့်လျော်သည့် အချိန်တိုင်း တရားစကား ဆွေးနွေးမေးမြန်းခြင်းသည် မင်္ဂလာတရားနှင့်ညီသော်လည်း တရားစကား ဆွေးနွေးမေးမြန်းရာမှ တရားစကား ငြင်းခုန်သည့် အခြေအနေသို့ မရောက်ရန်ကို သတိပြုရန် လိုပါသည်။ ပုထုဇဉ်လူသားများသည် မိမိသာမှန်သည်ဆိုသော အတ္တကို ရှေ့တန်းတင်၍ တရားဆွေးနွေးလျှင် မုချအငြင်းပွားကြမည်သာ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တရားမေးမြန်းဆွေးနွေးသည့်အခါ အောက်ပါအချက်များကို လိုက်နာကျင့်ကြံသင့်ပါသည်။

(၁) ခါးဝတ်ပုဆိုးကဲ့သို့ သီလတရားမြဲရပါမည်။

(၂) အကြားအမြင် ဗဟုသုတတို့ကို မှတ်သားထားနိုင်ရပါမည်။

(၃) အဆွေခင်ပွန်းကောင်းတို့အပေါ် စိတ်ကောင်းထားရှိရန် လိုပါသည်။

(၄) သည်းခံစိတ်မွေးပြီး ပညာရှိတို့က ဆိုဆုံးမလျှင် ရိုသေစွာ ခံယူနိုင်သည့် စိတ်ထားရှိရန် လိုပါသည်။

(၅) မိမိတို့အချင်းချင်း သာရေး၊ နာရေး၊ လူမှုရေးတို့တွင် အပြန်အလှန်ကူညီလိုသည့် စိတ်ထားရှိရန် လိုပါသည်။

(၆) တစ်ဦးကိုတစ်ဦးက ရိုင်းပျသော စကားမျိုးမဟုတ်ဘဲချစ်ခင်ဖွယ်၊ သာယာဖွယ် စကားတို့ဖြင့်သာ ပြောဆိုရန် လိုပါသည်။

(၇) အကုသိုလ်တရားတို့ကို ပယ်နိုင်အောင် ကြိုးစား၍ ကုသိုလ်တရားများ တိုးပွားလာအောင် ကြိုးစားဖို့ လိုပါသည်။

(၈) စား၊ ဝတ်၊ နေရေးတို့တွင် ဇီဇာမကြောင်ဘဲ ရသမျှဖြင့် တင်းတိမ်နိုင်သောစိတ်ဓာတ် မွေးမြူရန် လိုပါသည်။

(၉) မိမိပြောဆိုပြီးခဲ့သမျှ စကားများနှင့် လုပ်ကိုင်ဆောင်ရွက်ပြီးခဲ့သော အလုပ်များကို ပြန်လည်ဆန်းစစ်ပြီး သတိတရားထားနိုင်သည့် စိတ်ဓာတ်ရှိရန် လိုပါသည်။

(၁၀) သမထ၊ ဝိပဿနာ တရား၊ ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းတို့ကို အားထုတ်လိုသည့် စိတ်ဆန္ဒရှိရုံမျှမက သံဃာရတနာတို့၏ မြဲပုံကို ကိုယ်တွေ့အားထုတ်ရန် လိုပါသည်။

> **“အခွင့်ကြုံကြိုက်တိုင်း တရားစကား ဆွေးနွေးမေးမြန်းသည့်အခါ ပါဠိစကားများနှင့် မေးမြန်းဆွေးနွေးနိုင်မှ တရားစကားဖြစ်သည် ဆိုသည့်အတွေးကို ဖျောက်စေလိုပါသည်။ တရားမျှတသည့်အကြောင်း၊ တရားမျှတအောင် ဘဝကို ကျင့်ကြံနေထိုင်သင့်သည့် အကြောင်း၊ ကိုယ်ကျင့်တရားအကြောင်းများကို ဆွေးနွေးမေးမြန်းခြင်းသည်လည်း တရားစကားဖြစ်ပါသည်”**

**မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေန**

တရားဓမ္မဆွေးနွေးရာတွင် မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေန၏ ထုံးကိုလည်း စံပြုဖို့ လိုပါသည်။ ဂရိဘုရင် မိနန်ဒါ သို့မဟုတ် မိနန်ဒရိုစ်သည် မိလိန္ဒပဉှာတွင်ပါရှိသည့် မိလိန္ဒ ဖြစ်သည်ဟု ရာဇဝင်ဆရာများက တညီတညွတ်တည်း သတ်မှတ်ဆုံးဖြတ်ကြပါသည်။ ခရစ်သက္ကရာဇ် မပေါ်ခင် နှစ်ရာစုက အိန္ဒိယပြည်၏ အနောက်မြောက်ပိုင်းဒေသများသည် ဂရိဘုရင်တို့၏လက်တွင်းသို့ ကျရောက်ခဲ့သည်ဟု ရာဇဝင်တွင် အထင်အရှားဆိုသည်နှင့်လည်း ကိုက်ညီနေပါသည်။ မိလိန္ဒပဉှာ၌ ဗုဒ္ဓ၏ အဘိဓမ္မာဖြစ်သော အနတ္တဝါဒ၊ ကံ၊ နာမ်ရုပ်၊ နိဗ္ဗာန် စသောအကြောင်းများကို ဥပမာ၊ ဥပမေယျတို့ဖြင့် ရှင်းလင်းပြတ်သားစွာ ရေးသားဖော်ပြထား၍ ပိဋကတ်စာပေ တစ်ခုလုံး၌ ဗုဒ္ဓဟောကြားချက်ပြီးလျှင် အပြည့်အစုံဆုံး ဟု ပညာရှင်များက သတ်မှတ်ထားပါသည်။ သို့ဖြစ်ပါ၍ မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေန၏ တရားအမေးအဖြေ အချို့ကို အောက်တွင် ရေးသားဖော်ပြလိုက်ပါသည်။

**ပဋိသန္ဓေတည်နေသော နာမ်ရုပ်နှင့် ပတ်သက်၍ မေးမြန်းခြင်း**

“အရှင်နာဂသေနဘုရား၊ အဘယ်တရားသည် ပဋိသန္ဓေ တည်နေပါသနည်း”

“မင်းမြတ်၊ နာမ်ရုပ်သည် ပဋိသန္ဓေ တည်နေ၏”

“အရှင်ဘုရား၊ ဤပစ္စုပ္ပန် နာမ်ရုပ်သည် ပဋိသန္ဓေတည်နေပါသလော”

“မင်းမြတ်၊ ဤပစ္စုပ္ပန်နာမ်ရုပ်သည် ပဋိသန္ဓေမတည်နေပါ။ စင်စစ်အားဖြင့် ဤပစ္စုပ္ပန်နာမ်ရုပ်ကို အမှီပြု၍ ပြုလုပ်ကြရသော ကုသိုလ်ကံ၊ အကုသိုလ်ကံကြောင့် အခြားသော နာမ်ရုပ်က ပဋိသန္ဓေ တည်နေလာပေ၏”

“အရှင်ဘုရား၊ ဤပစ္စုပ္ပန် နာမ်ရုပ်သည် ပဋိသန္ဓေ မတည်နေရပါလျှင် ယုတ်ညံ့သော အကုသိုလ်ကံတို့မှ လွတ်မြောက်ရမည် မဟုတ်ပါလော”

“မင်းမြတ်၊ အကယ်၍ နောက်ထပ်တစ်ဖန် ပဋိသန္ဓေ မတည်နေရပါလျှင် ယုတ်ညံ့သော အကုသိုလ်ကံတို့မှ လွတ်မြောက်ရာ၏။ ပဋိသန္ဓေတည်နေရသေးလျှင်ကား အကုသိုလ်ကံတို့မှ မလွတ်မြောက်နိုင်ပေ”

“အရှင်ဘုရား၊ ဥပမာပြုတော်မူပါဦး”

“မင်းမြတ်၊ ယောက်ျားတစ်ယောက်သည် သရက်သီးကို ခိုးယူလေရာ ပိုင်ရှင်ဖြစ်သူက ခိုးသူကို ဖမ်းယူ၍ မင်းကြီးထံပြသရာ၏။ ထိုအခါ ခိုးသူက “မင်းကြီး၊ ကျွန်ုပ်သည် ဤသူ၏ သရက်သီးကို မခိုးယူပါ။ ဤသူ စိုက်ပျိုးခဲ့သော သရက်ပင်သည် အခြားဖြစ်၍ ကျွန်ုပ် ခိုးယူသော သရက်သီးကား တခြားဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်ကို အပြစ်ဒဏ် မပေးသင့်ပါဟု လျှောက်ရာ၏။ ဤတွင် သင်မင်းမြတ်သည် ထိုခိုးသူကို အပြစ်ပေးပါမည်လော”

“အရှင်ဘုရား၊ ထိုခိုးသူကို တပည့်တော် အပြစ်ဒဏ်ပေးရမည်သာ ဖြစ်ပါသည်။ ပိုင်ရှင်စိုက်ပျိုးခဲ့သော သရက်ပင်က တခြား၊ ခိုးယူသော သရက်သီးက တခြားဟု ဆိုပါသော်လည်း ရှေးက စိုက်ပျိုးခဲ့သော သရက်ပင်နှင့် အကြောင်းအကျိုး ဆက်စပ်နေသောကြောင့်ပင် ဖြစ်ပါသည်”

“မင်းမြတ်၊ ဤအတူသာပင် ဤနာမ်ရုပ်ကို အမှီပြု၍ ပြုလုပ်ကြရသော ကုသိုလ်ကံ အကုသိုလ်ကံ အကြောင်းအကျိုး ဆက်စပ်နေသောကြောင့် ပဋိသန္ဓေတည်နေရန် ရှိသေးလျှင် အကုသိုလ်ကံတို့မှ မလွတ်မြောက်နိုင်ပေ”

“အရှင်ဘုရား၊ သင့်လျော်လှပါပေ၏”

ထို့နောက် ဆက်လက်၍ မိလိန္ဒမင်းကြီးက “အရှင်နာဂသေနဘုရား၊ အရှင်ဘုရားသည် ပဋိသန္ဓေ တည်နေပါဦးမည်လော”

“မင်းမြတ်၊ ဤပြဿနာကို မမေးပါလင့်၊ ဤပြဿနာကို မေးခြင်းဖြင့် သင်မင်းမြတ်မှာ ဘာအကျိုးရှိပါမည်နည်း။ ဥပါဒါန် ရှိနေသေးလျှင် ပဋိသန္ဓေ တည်နေရဦးအံ့၊ ဥပါဒါန်မရှိတော့လျှင် ပဋိသန္ဓေ မတည်နေတော့ပြီဟု စောစောကပင် ငါဖြေကြားခဲ့ပြီ မဟုတ်လား”

*စာမျက်နှာ ၂၁ သို့*

ဗုဒ္ဓအဆုံးအမဖြင့် အောင်မြင်ခြင်းစာအုပ်ပါ အကြောင်းအရာများသည် မင်္ဂလာတရားတော် ၃၈ ပါးအနက်မှ ၃၁ ပါးကို ခေတ်အမြင်ဖြင့် စာရေးသူက တစ်ပါးချင်းလေ့လာပြီး ဘဝအတွေ့အကြုံများပါ ပေါင်းစပ်ရေးသားထားခြင်း ဖြစ်ပါသည်။ စာဖတ်သူပရိသတ်များအနေဖြင့် မင်္ဂလာတရားတော်နှင့်အညီ လောကီအကျိုး၊ လောကုတ္တရာအကျိုးများ ရရှိဆင်ခြင်နိုင်စေရန် စေတနာမွန်ဖြင့် ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

**စာတည်းအဖွဲ့**

# တရားမဝင် ကုန်သွယ်မှု ရပ်တန့်ဖို့လိုသည်

မြင့်မောင်စိုး

အခုတလော တရားမဝင်ကုန်ပစ္စည်း ဖမ်းဆီးရမိမှု သတင်းများ သတင်းစာများတွင် ခပ်စိတ်စိတ်တွေ့လာရသည်။ ဖမ်းဆီးဆောင်ရွက်မှုအနေအထား၊ ဖမ်းဆီးရမိမှုတို့မှာလည်း ထူးခြားသောအစီအမံတစ်ခုဖြင့် ဆောင်ရွက်လာသည်ကို တွေ့ရသည်။ ဤသည်မှာ ထူးခြားချက်ဖြစ်သည်။တစ်နည်းအားဖြင့် တရားမဝင် ကုန်သွယ်မှုကို ထိထိရောက်ရောက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း မျက်ဝါးထင်ထင် တွေ့မြင်နေရခြင်းပင်ဖြစ်သည်။

တရားမဝင် ကုန်ပစ္စည်းများ တားဆီးထိန်းချုပ်ရေးကို ပုံမှန်အားဖြင့် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့၌ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့်ဆောင်ရွက်ခြင်းဖြစ်သည်။ မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်နှင့် ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက်တို့တွင် ကုန်တင်ယာဉ်များကို စစ်ဆေးရေးစခန်းများ၌ စစ်ဆေးနေခြင်းပင်ဖြစ်သည်။



တရားမဝင်သစ်များကို သိမ်းဆည်းရမိစဉ်။

### ဥပဒေနှင့်အညီ အရေးယူနိုင်ရေး

ပြီးခဲ့သည့်ရက်ပိုင်းမှစပြီး ထိုစစ်ဆေးရေးစခန်းများသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များ၏ စီမံခန့်ခွဲမှုဖြင့် တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ ယင်းတို့တွင် တိုင်းဒေသကြီးနှင့်ပြည်နယ် သစ်တောဦးစီးဌာနများက ဦးဆောင်၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့်လည်း တရားမဝင် သစ်ဖမ်းဆီးရမိမှုမှာ သိသိသာသာ တိုးတက်လာသည်ကို သတိပြုမိသည်။ ထို့ကြောင့်လည်း ပြီးခဲ့သည့် ဇန်နဝါရီ ၃ရက် မှ ၉ ရက်အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၁၀၉ ဒသမ ၉၆၃၈ တန်၊ သစ်မာ ၃၇ ဒသမ ၆၄၁၄ တန်၊ အခြား ၁၃၂ ဒသမ ၅၂၂၇ တန် စုစုပေါင်း ၂၈၀ ဒသမ ၁၂၇၉တန်၊ တရားခံ ၃၀၊ ယာဉ်/ယန္တရား ၁၉ စီး ဖမ်းဆီးရမိကြောင်း သိရသည်။

ဤအချက်ကို ထောက်ရှုလျက်တရားမဝင် ကုန်ပစ္စည်းဟုဆိုရာတွင် ယခင်ကတရုတ်နှင့် ထိုင်းနယ်စပ်တို့မှ တရားမဝင်တင်သွင်းလာသော လူသုံးကုန်ပစ္စည်း၊ အိမ်သုံးကုန်ပစ္စည်းများသာမက ပြည်ပသို့ တရားမဝင်တင်ပို့ရန်ကြိုးပမ်းသည့်ကျွန်းသစ်နှင့် သစ်မာများလည်း ပါဝင်လာသည်ကို တွေ့ရသည်။ ထို့အပြင် သစ်တောထွက်ပစ္စည်းနှင့် တောရိုင်းတိရစ္ဆာန်များကိုလည်း တရားမဝင် တင်ပို့ပါက ဖမ်းဆီးအရေးယူလျက်ရှိသည်ကို တွေ့ရသည်။

“တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးနိုင်ရေးဆောင်ရွက်နိုင်မှုကြောင့် ကောင်းမွန်သော ရလဒ်များစွာ ရှိပါသည်။ အထူးသဖြင့် လုံခြုံရေးအတွက်လည်း အထောက်အကူ ဖြစ်ပါသည်။ ယခုအချိန်တွင် တရားမဝင် လက်နက်ခဲယမ်းများ မတင်သွင်းဖြစ်အောင် သတိပြုရမည့်အချိန်ဖြစ်ပါသည်”

### ကုန်သွယ်မှုလမ်းကြောင်းများ

ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ကုန်သွယ်မှုလမ်းကြောင်းများကို လေ့လာကြည့်လျှင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ အိန္ဒိယနိုင်ငံတို့နှင့် ကုန်းလမ်းကြောင်းတို့မှ အများဆုံး ဖြစ်သည်။ အနောက်ဘက်ရှိ ဘင်္ဂလားဒေ့ရှ်နှင့် ကုန်သွယ်မှုရှိသော်လည်း နည်းသည်။ မြန်မာနိုင်ငံမှ ထွက်သောဆန်၊ ငါးပိ၊ ငါးခြောက်၊ ကြက်သွန်တို့လောက်သာ မောင်တော နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့နေခြင်း ဖြစ်သည်။ မကြာသေးမီကမှ ရေထွက်ပစ္စည်းများလည်း တင်ပို့လျက်ရှိကြောင်း သိရသည်။ အဓိက ကုန်းလမ်းကြောင်း ကုန်သွယ်မှုမှာ တရုတ်နှင့် ထိုင်းနယ်စပ်တို့ဖြစ်သည်။

ရေလမ်းကြောင်း ကုန်သွယ်မှုကို ကြည့်လျှင် ဆိပ်ကမ်းများသည် အများဆုံးဖြစ်သည်။ အထူးသဖြင့် ကုန်ဆိပ်ကမ်းများသို့ ပင်လယ်ကူးသင်္ဘောကြီးများဆိုက်ကပ်လျက်ရှိသဖြင့် ကုန်သွယ်မှုပမာဏအများဆုံးဖြစ်သည်။ မကြာသေးမီက ရန်ကုန်မြို့ ဆိပ်ကမ်းတစ်ခုဖြစ်သည့် မြန်မာ့စက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တရုတ်နိုင်ငံမှ တင်သွင်းလာသော ကုန်သေတ္တာများကို စစ်ဆေးရာတွင် သွင်းကုန်ကြေညာလွှာ မပါရှိသော ပစ္စည်းများ ဖမ်းဆီးရမိသည်ဆိုသော သတင်းကိုလည်းဖတ်လိုက်ရသည်။ ဤအချက်ကို ထောက်ဆလျက် တရားမဝင်ကုန်ပစ္စည်းများ တင်သွင်းရာတွင် နယ်စပ်လမ်းကြောင်းများသာမက ဆိပ်ကမ်းများတွင်လည်း ထိထိရောက်ရောက် စစ်ဆေးကြပ်မတ်သင့်ကြောင်း လေ့လာတွေ့ရှိရပေသည်။ အဘယ်ကြောင့်ဆိုသော် ကုန်သေတ္တာများအတွင်း ထည့်သွင်းထားသော ပစ္စည်းများတွင် တရားဝင်ပစ္စည်းများဖြစ်သလို တရားမဝင် အထောက်အထားမဲ့ပစ္စည်းများလည်း ရောပါလာနိုင်သည်။ ထိုအခါ ရသင့်ရထိုက်သော အခွန်အကောက်များ မရဘဲ တိုင်းပြည်အတွက် များစွာနစ်နာမှု ဖြစ်နိုင်သည်။

ဤသို့ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးနိုင်ရေးဆောင်ရွက်နိုင်မှုကြောင့် ကောင်းမွန်သော ရလဒ်များစွာ ရှိပါသည်။ အထူးသဖြင့် လုံခြုံရေးအတွက်လည်း အထောက်အကူ ဖြစ်ပါသည်။ ယခုအချိန်တွင် တရားမဝင် လက်နက် ခဲယမ်းများ မတင်သွင်းဖြစ်အောင် သတိပြုရမည့်အချိန်ဖြစ်ပါသည်။

### ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုကိုကာကွယ်နိုင်

တစ်ချိန်တည်းမှာပင် တရားမဝင်ကုန်သွယ်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံခြားငွေယိုစီးမှုများကိုလည်း တားဆီးနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် တရားမဝင် သစ်ထုတ်လုပ်နေမှုများကို တားဆီးနိုင်မှုကြောင့် နိုင်ငံဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုကိုကာကွယ်နိုင်မည့်အပြင် သစ်တောထိန်းသိမ်းရေးအတွက်လည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

ထို့အပြင် နိုင်ငံတော်က ရသင့်ရထိုက်သော အခွန်အကောက်များလည်း ရရှိအောင်ဆောင်ရွက်သည့် နည်းလမ်းတစ်ရပ်လည်း ဖြစ်ပါသည်။

သို့ပါ၍ ကုန်သွယ်ရောင်းဝယ် ဖောက်ကားကြသူများအနေဖြင့်လည်း မိမိတို့၏ ငွေကြေး၊ ကုန်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှု မဖြစ်ရလေအောင် တရားဝင်ရောင်းဝယ်ဖောက်ကားခြင်း၊ ကုန်သွယ်မှုပြုလုပ်ခြင်းတို့သည် အကောင်းဆုံးဖြစ်ကြောင်း အကြံပြုတိုက်တွန်းလိုပါသည်။ လိုအပ်သော စာရွက်စာတမ်း၊ မှန်ကန်သောအထောက်အထားများ ပြည့်စုံစွာရယူပြီး တရားဝင်ကုန်သွယ်ရေးကို အလေးထားဆောင်ရွက်ကြပါစို့ဟု အသိပေးတင်ပြလိုက်ရပါသည်။ ။

စာမျက်နှာ ၂၀ မှ

“အရှင်ဘုရား၊ ဥပမာပြုတော်မူပါဦး”

“မင်းမြတ်၊ မိမိအား ကျေးဇူးပြုတတ်သော မင်းခစားတစ်ယောက်ကို မင်းသည် နှစ်သက်လှသဖြင့် ကာမဂုဏ်ငါးပါးတို့ဖြင့် ချီးမြှောက်၍ ထားရာ၏။ ထိုမင်းခစားယောက်ျားသည် “ဤမင်းကား ငါ့အပေါ် တစ်စုံတစ်ရာမျှ ကျေးဇူးမပြုဟု ဆိုချေသော် ထိုမင်းခစားယောက်ျား၏ အမှုသည် သင့်လျော်ပါမည်လော”

“အရှင်ဘုရား၊ မသင့်လျော်ပါ”

“မင်းမြတ်၊ ဤအတူသာပင် ဤပြဿနာကို မေးခြင်းဖြင့် သင်မင်းမြတ်မှာ ဘာအကျိုးရှိပါမည်နည်း။ ဥပါဒါန်ရှိနေသေးလျှင် ပဋိသန္ဓေ တည်နေရဦးအံ့။ ဥပါဒါန်မရှိတော့လျှင် ပဋိသန္ဓေ မတည်နေရတော့ပြီဟု စောစောကပင် ငါဖြေကြားခဲ့ပြီ မဟုတ်ပါလော”

“အရှင်ဘုရား၊သင့်လျော်လှပါပေ၏”

မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေနတို့ တရားမေးမြန်းဆွေးနွေးရာတွင် တစ်ဦးပေါ်တစ်ဦး လေးလေးစားစား ပြောဆိုဆက်ဆံခြင်း၊ မိလိန္ဒမင်းကြီးကလည်း သိကြောင်း၊ တတ်ကြောင်း ပြလို၍ မေးခြင်းမဟုတ်ဘဲ မရှင်းလင်းသည်များကို ရိုးသားစွာ မေးခြင်း၊ အရှင်နာဂသေနကလည်း မသိရကောင်းလားဟု စိတ်မရှိဘဲ မေးမြန်းလာသည့် အမေးများကို စေတနာထား၍ ဥပမာ၊ ဥပမေယျတို့ဖြင့် လွယ်ကူ ရှင်းလင်းအောင် ဖြေကြားခြင်း၊ မေးသူနှင့် ဖြေသူနှစ်ဦးစလုံး အသိပညာ ဉာဏ်ရည်မြင့်မားခြင်းစသည်တို့သည် အတုယူရမည့် အချက်များဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် “ကာလေန ဓမ္မသာကစ္ဆာ” အခါအခွင့် ကြုံကြိုက်တိုင်း တရားစကား ဆွေးနွေးမေးမြန်းခြင်းသည် မိမိ၏ အတွေးအခေါ်၊ အသိပညာတို့ကို တိုးတက်မှု ဖြစ်စေသည့်အတွက် မင်္ဂလာတရားတော်နှင့်အညီ ချမ်းသာအောင်မြင်ခြင်း အကျိုးကျေးဇူးကို ခံစားရမည် ဖြစ်ပါသည်။

**“မှတ်သားစရာ”**

တရားဓမ္မဆွေးနွေးရာတွင် ဆွေးနွေးသူအချင်းချင်း အပြန်အလှန် လေးစားမှုဖြင့် မေးမြန်းဆွေးနွေးမှသာ အငြင်းအခုန်များကင်းဝေးကာ အသိပညာများ တိုးပွားလာနိုင်မည် ဖြစ်ပါသည်။

**ကျမ်းကိုး**

၁။ မင်္ဂလာအဘိဓာန်။ နိုင်ပြည်သူ။
၂။ မိလိန္ဒပဉှာ။ ဦးသော်ဇင်။
၃။ မိလိန္ဒပဉှာ။ မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသိန် အမေးအဖြေ။ မာဏဝ ပြုစုသည်။

ယခုတစ်ပတ် ပရီမီယာလိဂ်ပွဲစဉ် (၂၂) မှာ အသင်းကြီးအသင်းအချင်းချင်း တွေ့နေတဲ့ ပွဲစဉ် ပါဝင်နေပါတယ်။ စပါးက အာဆင်နယ်နဲ့ တွေ့ဆုံနေသလို လီဗာပူးက ဘရန့်ဖို့ဒ်အသင်းနဲ့ တွေ့ဆုံနေပါတယ်။ ဒါ့အပြင် အက်ဖ်အေဖလားမှာ ရှုံးနိမ့်ခဲ့တဲ့ လိဒ်စ်က ဝက်စ်ဟမ်းအသင်းနဲ့ ထပ်မံတွေ့ဆုံနေတာကြောင့် စိတ်ဝင်စားဖို့ ကောင်းပါတယ်။

# ပရီမီယာလိဂ်ပွဲစဉ် (၂၂) မှ စပါးနဲ့ အာဆင်နယ်တို့ရဲ့ အားပြိုင်မှုက ဘယ်လိုဖြစ်လာမလဲ

## စပါး VS အာဆင်နယ်

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု အာဆင်နယ် ၃-၁ စပါး**

အိမ်ရှင်စပါးအသင်းက ဒီရာသီ ပရီမီယာလိဂ်မှာ ကစားခဲ့တဲ့ အိမ်ကွင်း ၁၀ ပွဲမှာ ရမှတ် ၂၂ မှတ်အထိ ရရှိထားတာကြောင့် အဝေးကွင်းထက် အိမ်ကွင်းစွမ်းဆောင်ရည်ကောင်းမွန်နေတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် စပါးအသင်းဟာ အနီးစပ်ဆုံးကစားခဲ့တဲ့ ကာရာဘောင်ဆီမီးဖိုင်နယ် နှစ်ကျော့စလုံး ချယ်ဆီးအသင်းကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခွာထားရပါတယ်။ ဒါကြောင့် စပါးအနေနဲ့ ဒီပွဲမှာ ကာရာဘောင်ဖလားပြိုင်ပွဲမှ ရှုံးနိမ့်မှုကို ချေဖျက်ဖို့ ကြိုးစားလာမှာပါ။ အာဆင်နယ်အသင်းက ပြိုင်ပွဲစုံနောက်ဆုံးသုံးပွဲဆက် နိုင်ပွဲပျောက်ထားတယ်ဆိုပေမယ့် ပြီးခဲ့တဲ့ ကာရာဘောင်ဖလားဆီမီးဖိုင်နယ်ပထမအကျော့မှာ လီဗာပူးကို တစ်ယောက်လျော့နဲ့ ပွဲချိန်ပြည့်သည်အထိ ဂိုးမပေးရအောင် စွမ်းဆောင်ထားနိုင်တာ တွေ့ရတယ်။ ဒါပေမယ့် အာဆင်နယ်အသင်းအနေနဲ့လည်း ယခုပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရှာတွေ့နိုင်ဖို့ အကောင်းဆုံးပြင်ဆင်လာမှာဖြစ်တာကြောင့် ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်သွားမလဲ စောင့်ကြည့်ရမှာပါ။

**စပါးနဲ့ အာဆင်နယ်အသင်းတို့၏ နောက်ဆုံး လေးပွဲရလဒ်**

| | | |
|---|---|---|
| အာဆင်နယ် | ၃ - ၁ | စပါး |
| စပါး | ၁ - ၀ | အာဆင်နယ် |
| အာဆင်နယ် | ၂ - ၁ | စပါး |
| စပါး | ၂ - ၀ | အာဆင်နယ် |

**ပရီမီယာလိဂ်ပွဲစဉ် (၂၂)**

| ၁၆-၁-၂၀၂၂ | တနင်္ဂနွေနေ့ |
|---|---|
| လီဗာပူး - ဘရန့်ဖို့ဒ် | ည ၈:၃၀ |
| ဝက်စ်ဟမ်း - လိဒ်စ် | ည ၈:၃၀ |
| စပါး - အာဆင်နယ် | ည ၁၁:၀၀ |

## ဝက်စ်ဟမ်း VS လိဒ်စ်

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု ဝက်စ်ဟမ်း ၂-၀ လိဒ်စ်**

နောက်ဆုံးတွေ့ဆုံခဲ့တဲ့ အက်ဖ်အေဖလားပြိုင်ပွဲမှာ လိဒ်စ်အသင်းက ဝက်စ်ဟမ်းအသင်းကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာထားရပါတယ်။ ဒါကြောင့် လိဒ်စ်အသင်းအနေနဲ့ အဆိုပါ ရှုံးနိမ့်မှုကို ယခုပွဲစဉ်မှာ ချေဖျက်ဖို့ကြိုးစားလာမှာပါ။ ဝက်စ်ဟမ်းအသင်းကလည်း ပြိုင်ပွဲစုံ ငါးပွဲဆက်နိုင်ပွဲရရှိဖို့ ကြိုးစားလာမှာဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာပါ။ ဒါ့အပြင် လိဒ်စ်အသင်းအနေနဲ့ လိဂ် ၁၉ ပွဲမှာ ၁၉ မှတ်သာ ရရှိထားပြီး တန်းဆင်းဇုန်အသင်းနဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကြောင့်လည်း ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိဖို့ ကြိုးစားလာမှာပါ။ အက်ဖ်အေဖလားရှုံးနိမ့်မှုကို ချေဖျက်ဖို့ကြိုးစားလာမယ့် လိဒ်စ်ကို ဝက်စ်ဟမ်းအသင်း ဟန့်တားနိုင်မလား။

## လီဗာပူး VS ဘရန့်ဖို့ဒ်

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု ဘရန့်ဖို့ဒ် ၃-၃ လီဗာပူး**

ဒီနှစ်သင်းနောက်ဆုံးအကြိမ်တွေ့ဆုံခဲ့တဲ့ပွဲစဉ်မှာတော့ အပြန်အလှန်သွင်းဂိုးတွေနဲ့အတူ တစ်ဖက်သုံးဂိုးစီနဲ့ သရေကျခဲ့ပါတယ်။ လီဗာပူးအသင်းမှာ အားထားရတဲ့ ဆာလာနဲ့ မာနေးတို့အပြင် ကီတာတို့ကို အာဖရိနိုင်ငံများဖလားပြိုင်ပွဲသို့ စေလွှတ်ထားတာကြောင့် တိုက်စစ်ပိုင်း အားနည်းနေနိုင်ပါတယ်။ မည်သို့ပင်ဆိုစေ လီဗာပူးအသင်းအနေနဲ့ အမှတ်ပေးဇယားဦးဆောင်သူ မန်စီးတီးအသင်းကို ထက်ကြပ်မကွာဖိအားပေးနိုင်ဖို့ အသင်းကို အကောင်းဆုံးပြင်ဆင်လာမှာပါ။ ဘရန့်ဖို့ဒ်အသင်းကလည်း အမှတ်ပေးဇယားအထက်ပိုင်းတက်လှမ်းနိုင်ဖို့ ကြိုးစားလာမှာဖြစ်တာကြောင့် ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။

# အာဖရိကနိုင်ငံများဖလားပြိုင်ပွဲ ၁၆ သင်းသို့ အိမ်ရှင်ကင်မရွန်း စောစီးစွာ တက်ရောက်



အုပ်စုပွဲစဉ် (၂) တွင် ကင်မရွန်းကစားသမား အဘူဘတ်ကာ အီသီးယိုးပီးယားအသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

အာဖရိကနိုင်ငံများဖလားပြိုင်ပွဲကို ကင်မရွန်းနိုင်ငံက လက်ခံကျင်းပလျက်ရှိရာ အိမ်ရှင်ကင်မရွန်းအသင်းသည် ကြာသပတေးနေ့က ပွဲစဉ် (၂) အဖြစ် အီသီးယိုးပီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောကြောင့် အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲ ၁၆ သင်း အဆင့်သို့ ဆောလျင်စွာ တက်ရောက်နိုင်ခဲ့ပြီ ဖြစ်သည်။

ကင်မရွန်းအသင်းသည် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် ဘာကီနာဖာဆိုအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ ထို့ကြောင့် အိမ်ရှင် ကင်မရွန်းအသင်းသည် နှစ်ပွဲကစားပြီး နှစ်ပွဲစလုံးနိုင်ပွဲရရှိထားသောကြောင့် အုပ်စုပွဲစဉ်များ မပြီးဆုံးမီ ၁၆ သင်းအဆင့်သို့ ဆောလျင်စွာ တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

ကင်မရွန်းအသင်းသည် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲ အုပ်စု (A) တွင် ဘာကီနာဖာဆို၊ ကိတ်ဗာဒီ၊ အီသီးယိုးပီးယားအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုအဆင့် နှစ်ပွဲယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ခြောက်မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။

ကင်မရွန်းအသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဇန်နဝါရီ ၁၇ ရက်တွင် ကိတ်ဗာဒီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

# စပိန်စူပါဖလားဗိုလ်လုပွဲ ရီးရဲမက်ဒရစ်နှင့် ဘီလ်ဘာအိုတို့ ယှဉ်ပြိုင်မည်

စပိန်စူပါဖလား ဆီမီးဖိုင်နယ်ပွဲစဉ်မှ အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ဘီလ်ဘာအိုအသင်းတို့ပွဲစဉ်တွင် ဘီလ်ဘာအိုအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောကြောင့် ဘီလ်ဘာအိုအသင်း ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်ကို သောကြာနေ့ နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ပြီး အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ယခုပွဲစဉ်တွင် အနိုင်ရရှိခဲ့သော ဘီလ်ဘာအိုအသင်းသည် တစ်ဖက်တွင် ဘာစီလိုနာအသင်းကို အနိုင်ရရှိခဲ့သော ရီးရဲမက်ဒရစ်အသင်းနှင့် ဗိုလ်လုပွဲတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ စပိန် စူပါဖလား ဗိုလ်လုပွဲကို ဇန်နဝါရီ ၁၇ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ အဆိုပါဖလားကို ရီးရဲမက်ဒရစ်အသင်းသည် ၂၀၁၉-၂၀၂၀ ပြည့်နှစ်က ၁၂ ကြိမ်မြောက်အဖြစ် နောက်ဆုံးဆွတ်ခူးထားသည်။ ထို့ကြောင့် ရီးရဲမက်ဒရစ်အသင်းသည် စူပါဖလားကို ယခုနှစ်ရာသီတွင် ဘီလ်ဘာအိုကို အနိုင်ယူပြီး ၁၃ ကြိမ်မြောက် ဆွတ်ခူးသွားနိုင်မလားစောင့်ကြည့်ရမည် ဖြစ်သည်။

ဘီလ်ဘာအိုအသင်းက စူပါဖလားလက်ရှိချန်ပီယံဖြစ်ပြီး ယမန်နှစ်က ဘာစီလိုနာအသင်းကို အနိုင်ယူကာ လေးကြိမ်မြောက် ဆွတ်ခူးထားသည်။ ထို့အပြင် ယမန်နှစ်က စူပါဖလားဆီမီးဖိုင်နယ်တွင် ရီးရဲမက်ဒရစ်နှင့် ဘီလ်ဘာအိုတို့တွေ့ဆုံထားပြီး ဘီလ်ဘာအိုက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။



# အယ်ဂါဇီကို အငှားဖြင့် အဲဗာတန်အသင်း ခေါ်ယူ

အဲဗာတန်အသင်းသည် အက်စ်တွန်ဗီလာအသင်းမှ တိုက်စစ်ကစားသမား အယ်ဂါဇီကို ရာသီကုန်အထိ အငှားဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။

အသက် ၂၆ နှစ်အရွယ် အယ်ဂါဇီသည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် မိုင်ကိုလန်ကို၊ ပတ်တာဆန်တို့ပြီးနောက် အဲဗာတန်အသင်း၏ တတိယမြောက် ခေါ်ယူမှု ဖြစ်လာခဲ့သည်။

ပြီးခဲ့သည့်ရာသီက ဗီလာအတွက် ၁၀ ဂိုးသွင်းယူပေးနိုင်ခဲ့သော အယ်ဂါဇီသည် အဲဗာတန်အသင်းတွင် ၃၄ ဂျာစီကို ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

## သတင်းတိုများ

- မန်ယူအသင်းသည် ဘရိုက်တန်အသင်းမှ ညာခံစစ်ကစားသမားဖြစ်သူ လမ်ပ်တေးကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။ ဘရိုက်တန် အသင်းက အဆိုပါအသက် ၂၁ နှစ်အရွယ် ကစားသမားအတွက် ပေါင်သန်း ၄၀ အလိုရှိနေသည်။
- အာဆင်နယ် အသင်းသည် ဂျူဗင်တပ်စ်အသင်းမှဘရာဇီး ကွင်းလယ် ကစားသမား အာသာ မဲလ်လို (၂၅နှစ်) ကို အငှား ခေါ်ယူရန် ဆက်သွယ်မှု ပြုလုပ်လိုက်သည်။
- ပီအက်စ်ဂျီ အသင်းသည် မန်ယူကွင်းလယ် ကစားသမား ပေါ့ဂ်ဘာ (၂၈နှစ်) ကို ခေါ်ယူရန် ဆန္ဒရှိနေသည်။
- နယူးကာဆယ်အသင်းသည် နော့ဝှစ်ချ်အသင်းမှ အင်္ဂလန် ကွင်းလယ်ကစားသမား ကန့်ဝဲလ် (၂၃နှစ်) ကို ခေါ်ယူရန် စိတ်အားထက်သန်နေသည်။

# ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၁၉) တွင် ဖရိုင်းဘတ်ကို ဂိုးပြတ်အနိုင်ရရှိခဲ့သည့် ဒေါ့မွန်အသင်း

ဘွန်ဒက်စ်လီဂါပွဲစဉ် (၁၉) အဖြစ် ဒေါ့မွန်အသင်းနှင့် ဖရိုင်းဘတ်အသင်းတို့ပွဲစဉ်ကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက ဒေါ့မွန်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဒေါ့မွန်အသင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဒေါ့မွန်အသင်းသည် ယခုပွဲအနိုင်ရရှိသောကြောင့် ဘွန်ဒက်စ်လီဂါ ၁၉ ပွဲကစားပြီး ရမှတ် ၄၀ ဖြင့် အမှတ်ပေးဇယား ဒုတိယနေရာတွင် ရပ်တည်နေပြီး ဦးဆောင်သူဘိုင်ယန်မြူးနစ်အသင်းကို ထက်ကြပ်မကွာဖိအားပေးနိုင်ခဲ့သည်။ ယခုပွဲစဉ်တွင် ဒေါ့မွန်အသင်းသည် ပြိုင်ဘက်ဖရိုင်းဘတ်အသင်းကို ပွဲချိန်ပြည့်ဖိအားပေး ကစားနိုင်ခဲ့သည်။ ဒေါ့မွန်အသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၄ မိနစ်တွင် မူနီယာက သွင်းယူပေးပြီး ဒုတိယဂိုးကိုလည်း ပွဲချိန် ၂၉ မိနစ်တွင် မူနီယာကပင် သွင်းယူပေးနိုင်ခဲ့သည်။

ထို့အပြင် တတိယဂိုးကို ပွဲချိန် ၄၅ မိနစ်တွင် ဟာလန်းက သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းကို ဒေါ့မွန်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ဖရိုင်းဘတ်အသင်း ကစားအားအနည်းငယ်တက်လာပြီး ပွဲချိန် ၆၁ မိနစ်တွင် ချေပဂိုးရရှိခဲ့သည်။ အဆိုပါ ချေပဂိုးကို ဒီမီရိုဗစ်က သွင်းယူပေးနိုင်ခဲ့သည်။ ဒေါ့မွန်အသင်းအတွက် စတုတ္ထဂိုးကို ပွဲချိန် ၇၅ မိနစ်တွင် ဟာလန်းက သွင်းယူပေးပြီး ပဉ္စမမြောက်ဂိုးကို ပွဲချိန် ၈၆ မိနစ်တွင် ဒါဟုဒ်က သွင်းယူပေးနိုင်ခဲ့သည်။

ထို့နောက်တွင် ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့် တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ဒေါ့မွန် အသင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

■ မိုးဇက် - စုစည်းသည်

## ပေကျင်းဆောင်းရာသီ အားကစားပြိုင်ပွဲတွင် ဗြိတိန်အားကစားအဖွဲ့ ဆုတံဆိပ် သုံးခုမှ ခုနစ်ခုအထိရယူရန်မျှော်လင့်ထား




ဗြိတိန်နိုင်ငံမှ အိုလံပစ်အားကစားသမားများသည် ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲတွင် ဆုတံဆိပ် သုံးခုမှ ခုနစ်ခုအထိ ရရှိနိုင်ရေးမျှော်မှန်းထားသည်ဟု ယူကေ အားကစားအဖွဲ့က ဇန်နဝါရီ ၁၃ ရက်တွင် ဖော်ပြခဲ့သည်။ ဆောင်းရာသီပေကျင်း အိုလံပစ် အားကစားပြိုင်ပွဲတွင် ဗြိတိန်နိုင်ငံမှ အားကစားသမား ၇၀ ပါဝင် ယှဉ်ပြိုင်မည်ဟု ဗြိတိန်နိုင်ငံတွင် အိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲများအတွက် ရန်ပုံငွေ ထောက်ပံ့ပေးထားသည့် ယူကေ အားကစားအဖွဲ့က ပြောသည်။ ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲတို့မှာ လာမည့်နှစ်လအတွင်း ကျင်းပတော့မည်ဖြစ်သည်။ ယူကေအားကစားအေဂျင်စီ၏ အချက်အလက် ကောက်ယူထားမှုများအရ ဗြိတိန်နိုင်ငံမှ အားကစားသမားများသည် အိုလံပစ် ဆုတံဆိပ် သုံးခုမှ ခုနစ်ခု အထိရရှိနိုင်ပြီး မသန်စွမ်းအားကစား ပြိုင်ပွဲတွင် ဆုတံဆိပ်ငါးခုမှ ကိုးခုအထိရရှိနိုင်သည်ဟု ခန့်မှန်းထားသည်။ ယူကေ အားကစားအေဂျင်စီသည် အိုလံပစ်နှင့် မသန်စွမ်း အားကစားပြိုင်ပွဲတို့အတွက် ပေါင်ငွေ ၂၇ သန်း ရင်းနှီးမြှုပ်နှံထားသည်။ အားကစားသမားများသည် ကပ်ရောဂါဖြစ်ပွားနေသည့်ကြားမှ လေ့ကျင့်မှုများနှင့် ပြိုင်ပွဲယှဉ်ပြိုင်နိုင်ရန် ကြိုးပမ်းခဲ့သည့်အတွက် အားကစားသမားများအားလုံးကို လေးစားအသိအမှတ်ပြုကြောင်း ပြိုင်ပွဲတွင်လည်း အံ့အားသင့်ဖွယ်ရလဒ်များ ရရှိလာနိုင်မည်ကို မျှော်လင့်ထားကြောင်း ဗြိတိန်ကိုယ်စားလှယ်အဖွဲ့မှ အကြီးအကဲတစ်ဦးဖြစ်သူ ဂျော်ဂျီနာဟော်လန်းက ပြောသည်။

**အောင်**

## အေအက်ဖ်စီ အမျိုးသမီး အာရှဖလားဘောလုံးပြိုင်ပွဲဝင်ရန် ဂျပန်နှင့်တောင်ကိုရီးယားအမျိုးသမီးအသင်းတို့ ပူနေးမြို့သို့ရောက်ရှိ




အမျိုးသမီးအာရှဖလား ဘောလုံးပြိုင်ပွဲ အုပ်စု (ဂ) အတွက် ပွဲများကို ပူနေးမြို့တွင် ကျင်းပမည်ဖြစ်သည်။ အုပ်စု(ဂ)တွင် ဂျပန်၊ တောင်ကိုရီးယား၊ ဗီယက်နမ်နှင့် မြန်မာ အသင်းတို့ပါဝင်သည်။ ပြိုင်ပွဲဝင်အသင်းအချို့မှာ ပူနေးမြို့သို့ ရောက်ရှိနေကြပြီဖြစ်သည်။ အုပ်စု(ဂ)တွင် အပြည်ပြည်ဆိုင်ရာ မှ ထိပ်တန်းကစားသမားအချို့ ပါဝင်သည်။

ဂျပန်နိုင်ငံမှ ဆာကီ ကူမာဂိုင်မှာ ၂၀၁၁ ခုနှစ် အာရှဖလားကို ဂျပန်အသင်းနှင့်အတူ ရယူနိုင်ခဲ့သူလည်းဖြစ်သည်။ အဆိုပါ ဝါရင့်ကစားသမားသည် ယခုအခါ ဂျာမနီ ဘွန်ဒက်စ်လီဂါ ဘိုင်ယန်မြူးနစ်အသင်း၌ ပါဝင်ကစားနေသည်။ နောက်ထပ်နာမည်ကျော်ကြားသည့်ကစားသမားမှာ ဂျပန်နိုင်ငံမှ မာနာ အီဝါဘူချီဖြစ်ပြီး ၎င်းသည်လည်း ၂၀၁၁ခုနှစ် အာရှဖလားကိုဂျပန်အသင်းနှင့်အတူရယူနိုင်ခဲ့သည်။ ၎င်းသည် အင်္ဂလန်ကလပ်အသင်းများတွင် ပါဝင်ကစားခဲ့ဖူးပြီး ယခုအခါ အာဆင်နယ်တွင် ကစားလျက်ရှိသည်။

**အောင်**

## အက်စ်တွန်ဗီလာအသင်းက အဲဗာတန် ခံစစ်ကစားသမား ဒင်္ဂနီကိုအား ခေါ်ယူ




အက်စ်တွန်ဗီလာအသင်းသည် အဲဗာတန်အသင်းမှ ပြင်သစ်ဘယ်ခံစစ်ကစားသမားဖြစ်သူ လူးကပ် ဒင်္ဂနီကို ပေါင် ၂၅ သန်းဖြင့် ခေါ်ယူလိုက်ပြီ ဖြစ်သည်။ အသက် ၂၈ နှစ်အရွယ် အဆိုပါ ခံစစ်ကစားသမားသည် ယခုနှစ်သီ အဲဗာတန်အသင်း၌ ပုံမှန်ပွဲထွက်ခွင့် ပျောက်ဆုံးနေသူဖြစ်ပြီး ပြီးခဲ့သည့် သီတင်းပတ်က ဂွတ်ဒီဆင်ပတ်ခ်မှ ထွက်ခွာခွင့် တောင်းဆိုထားသူလည်း ဖြစ်သည်။

**ဒုတိယမြောက် ခေါ်ယူ**

အက်စ်တွန်ဗီလာ အသင်းသည် ယခုအပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာအသင်းမှ ကော်တင်ဟိုကို အငှားဖြင့် ခေါ်ယူနိုင်ခဲ့ပြီးနောက် ဒုတိယမြောက်အဖြစ် ဒင်္ဂနီကို ခေါ်ယူနိုင်ခဲ့ခြင်း ဖြစ်သည်။ ဒင်္ဂနီသည် ၂၀၁၈ ခုနှစ် နွေရာသီတွင် ဘာစီလိုနာအသင်းမှ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၂၇ ပွဲပါဝင်ကစားထားကာ ခြောက်ဂိုးသွင်းယူပေးထားသည်။

၎င်းသည် ယခုနှစ်ရာသီတွင် အဲဗာတန်အသင်းအတွက် ၁၅ ပွဲ ပါဝင်ကစားထားသော်လည်း ဒီဇင်ဘာ ၁ ရက် နောက်ပိုင်း ပွဲထွက်ခွင့်ပျောက်ဆုံးနေသူ ဖြစ်သည်။

**အပြောင်းအရွှေ့ ဆက်လက်လုပ်ဆောင်ဖွယ်ရှိ**

အက်စ်တွန်ဗီလာ အသင်းသည် အပြောင်းအရွှေ့ကို ဆက်လက်လုပ်ဆောင်ဖွယ်ရှိပြီး ပီအက်စ်ဂျီအသင်းမှ စပိန်ဂိုးသမား ဆာဂျီယို ရီကို (၂၈နှစ်) နှင့် ဒန်ဒီးယူနိုက်တက်အသင်းမှ စကော့တလန် ခံစစ်ကစားသမား ကားစမစ် (၁၇နှစ်)ကိုခေါ်ယူရန်ပစ်မှတ်ထားနေသည်။

အက်စ်တွန်ဗီလာအသင်းသည် ပရီမီယာလိဂ် ၁၉ ပွဲကစားပြီး ရမှတ် ၂၂ မှတ် ရရှိထားသည်။

**အောင်ဇော်**

## ဂျပန်၊ ဗီယက်နမ်တို့နှင့် ယှဉ်ပြိုင်ကစားရမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲမတိုင်မီ တရုတ်အမျိုးသားဘောလုံးအသင်း လေ့ကျင့်မှုများပြုလုပ်

ဂျပန်၊ ဗီယက်နမ်တို့နှင့် ယှဉ်ပြိုင်ကစားရမည့် ဖီဖာကမ္ဘာ့ဖလားခြေစစ်ပွဲမတိုင်မီ တရုတ်အမျိုးသားဘောလုံးအသင်းသည် ရှန်ဟိုင်းရာစုပန်းခြံတွင် ဇန်နဝါရီ ၁၂ ရက်က လေ့ကျင့်မှုများ လုပ်ဆောင်ခဲ့သည်။

နည်းပြသစ် လီရှောင်ပန်က စာရင်းတွင်ပါဝင်သည့် ကစားသမား ၅၂ ဦးအနက် ၂၆ ဦးမှာ ပထမလေ့ကျင့်မှုများလုပ်ဆောင်ခဲ့ကြောင်းနှင့် စာရင်းသွင်းထားသည့် အဖွဲ့ဝင်နှစ်ဦးမှာ ပျက်ကွက်ခဲ့ကြောင်း ပြောသည်။ ဂျန်ဂွမ်တိုင်သည် မိသားစုပြန်လည်ပေါင်းစည်းရေးအတွက် ဒူဘိုင်းတွင် ရောက်ရှိနေပြီး ဇူချန်ဂျီသည် ကိုယ်ပူချိန်နည်းနည်း မြင့်နေသည့်အတွက် အိမ်တွင်အနားယူနေကြောင်း လီက ပြောသည်။

လီ၏ပြောစကားအရ နည်းပြအကူ ၁၅ ဦးလည်း အဆိုပါအဖွဲ့တွင် ပါဝင်ခဲ့ကြောင်း သိရသည်။

“နည်းပြတွေကို သေချာရွေးချယ်ထားတာဖြစ်ပါတယ်။ သူတို့ထဲက အချို့ကတော့ သူတို့ကလပ်အသင်းတွေရဲ့ ခေါင်းဆောင်နည်းပြတွေဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ တစ်ကိုယ်ရေလုပ်နိုင်စွမ်းက အကန့်အသတ်ရှိနေပါတယ်။ ဒါကြောင့် လာမယ့်ပွဲတွေမှာ ကျွန်တော်တို့ရဲ့အသင်းခြေစွမ်းပိုပြနိုင်အောင်အကောင်းဆုံးစွမ်းဆောင်နိုင်ဖို့ သူတို့ကို ခေါ်ထားတာဖြစ်ပါတယ်”ဟု လီက ဆက်လက်ပြောကြားလိုက်သည်။

နည်းပြသစ်လီက ၎င်း၏အသင်းသည် ကြီးမားသည့်ဖိအားများနှင့် ရင်ဆိုင်နေရကြောင်း ဝန်ခံပြောကြားခဲ့သည်။

‘‘သို့သော်လည်း တစ်ခုခုပြောင်းလဲဖို့ မိမိအနေဖြင့် အလျင်မလိုပါဘူး၊ အဓိကအချက်ကတော့ အဖွဲ့ဝင်ကစားသမားတွေ စိတ်ပိုင်းဆိုင်ရာ ပိုပြီးကောင်းမွန်လာဖို့ပဲ ဖြစ်ပါတယ်’’ဟု လီက ပြောသည်။

“လက်ရှိတာဝန်ကတော့ အဖွဲ့ထဲမှာပါတဲ့ ကစားသမားတိုင်းကို ဂျပန်၊ ဗီယက်နမ်တို့နဲ့ ယှဉ်ပြိုင်ကစားတဲ့နေရာမှာ အကောင်းဆုံးစွမ်းဆောင်ရည်တွေ ထုတ်ပြဖို့ပဲ ဖြစ်တယ်”ဟု လီက ပြောသည်။

ရေရှည်ရည်မှန်းချက်အနေဖြင့် တရုတ်အမျိုးသားအသင်းကို အာရှပထမတန်းအသင်းဖြစ်လာဖို့ မျှော်လင့်သည်ဟု ၎င်းက ပြောကြားထားသည်။

## တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲတွင် အားကစားသမားများကို တရားမဝင်ဆေးဝါးများထောက်ပံ့ပေးမှုဖြင့် လူတစ်ဦးကို တရားစွဲ

အမေရိကန်အစိုးရရှေ့နေများက တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲတွင် အားကစားသမားများကို စွမ်းဆောင်ရည်တိုးစေသည့် တရားမဝင်ဆေးဝါးများ ထောက်ပံ့ပေးမှုဖြင့် လူတစ်ဦးကို စွဲချက်တင်လိုက်သည်။

မင်ဟက်တန်ရှိ အမေရိကန်ရှေ့နေရုံးက အသက် ၄၁ နှစ်ရှိ အဲရစ်လီရာသည် တရားမဝင် ဆေးဝါးများ ဖြန့်ဖြူးနေသည်ဟု ပြောကြားခဲ့သည်။ အဆိုပါ ဆေးဝါးများတွင် လူသားစွမ်းဆောင်ရည်ကို တိုးပွားစေသည့် ဆေးဝါးများ ပါဝင်ကြောင်းလည်း အဆိုပါရုံးက ပြောသည်။

လီရာသည် အဆိုပါဆေးဝါးများကို အားကစားသမားနှစ်ဦးထံ ဖြန့်ဝေပေးခဲ့ကြောင်း အစိုးရရှေ့နေများက ပြောကြားခဲ့သည်။

လီရာကို ရောဒ့်ချန်ကော့ဗ်အက်ဥပဒေဖြင့် တရားစွဲဆိုခဲ့သည်။ အဆိုပါဥပဒေကို ၂၀၂၀ နှစ်ကုန်တွင် ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေအရ ထောင်ဒဏ် ၁၀ နှစ်အထိ သို့မဟုတ် ငွေဒဏ် တစ်သန်း ပြစ်ဒဏ်ချမှတ်နိုင်ကြောင်း သိရသည်။

**လင်းခေတ်ဆန်**

## ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပရိသတ်အင်အားကို ၅၀ ရာခိုင်နှုန်းအထိကန့်သတ်ထား

နောက်ဆုံးကိုဗစ်-၁၉ ကန့်သတ်ချက်စည်းကမ်းများအရ ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပရိသတ်အင်အားကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ချမည်ဖြစ်ကြောင်း ဗစ်တိုးရီးယား ပြည်နယ်အစိုးရက ဇန်နဝါရီ ၁၃ ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။

နာယကများအားလုံးလည်း စားသောက်သည့်အချိန်မှလွဲ၍ အချိန်တိုင်း ပါးစပ်နှာခေါင်းစည်း တပ်ဆင်ရမည့် ဥပဒေကဲ့သို့ အမိန့်ကိုပြဋ္ဌာန်းထားသည်။

အဆောက်အအုံအတွင်း လူထူထပ်သည့်နေရာတွင်လည်း လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး ခြောက်ပေအကွာ သတ်မှတ်ထားကြောင်း အစိုးရက ကြေညာချက်ထုတ်ပြန်လိုက်သည်။

ယခုကဲ့သို့ စီစဉ်လိုက်ခြင်းသည် ဩစတြေးလျအိုးပင်းပြိုင်ပွဲကို ကြောက်စရာကောင်းသည့် ကိုဗစ်-၁၉ ဘေးအန္တရာယ်မှ ကင်းလွတ်ပြီး ဘေးကင်းလုံခြုံစွာ ကျင်းပနိုင်ရန် ဖြစ်ကြောင်း ဗစ်တိုးရီးယား ယာယီအားကစားဝန်ကြီး ဂျာလာပါဖော့ဒ်က ကြေညာချက် တွင် ပြောကြားလိုက်သည်။

ပြိုင်ပွဲလက်ခံကျင်းပမည့် ဗစ်တိုးရီးယားတွင် ဇန်နဝါရီ ၁၃ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၇၁၆၉ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ဖြင့် သေဆုံးသူ ၂၅ ဦးရှိကြောင်း ဖော်ပြခဲ့သည်။

# အထူးဈေးနှုန်းဖြင့် ဒီဇယ်ဆီဖြန့်ဖြူးရောင်းချမည်

**နေပြည်တော် ဇန်နဝါရီ ၁၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန်ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ (၃၄) သန်းဖြင့် စက်သုံးဆီမှာယူတင်သွင်းခဲ့သည့် ကုမ္ပဏီ (၂၆) ခုမှ ဒီဇယ်ဆီဂါလန် (၁၂ ဒသမ ၅၄) သန်းခန့်ကို အထူးဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၁၁ ရက်မှစတင်၍ ကုမ္ပဏီ (၁၇) ခုမှ တိုင်းဒေသကြီး/ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင် စုစုပေါင်း (၁၈၆) ဆိုင်တွင် စတင်ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် စက်သုံးဆီ အရောင်းဆိုင်များတွင် ဒီဇယ်ဆီများကို ဖော်ပြပါ မြန်မာ့ရေနံနှင့်ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော ရည်ညွှန်းဈေးနှုန်းအတိုင်း ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး နေ့စဉ် ဒီဇယ်ဆီဈေးနှုန်းများအား မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း၏ www.mpta.org.mmတွင် နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။

စားသုံးသူပြည်သူများအနေဖြင့် ဒီဇယ်ဆီများကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် သတ်မှတ်စက်သုံးဆီ အရောင်းဆိုင်များတွင် သတ်မှတ်ဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဖုန်း ၀၉-၆၆၄၀၇၅၆၈၊ ၀၉-၆၆၄၅၉၆၃၂၇၊ ၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂၀၈၂၆ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၂၅၀၂၇၀၊ မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း ဖုန်း ၀၉-၄၂၀၀၆၇၉၄ တို့ကို ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

***ယမန်နေ့မှအဆက်***

### ဧရာဝတီတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Shwe Byain Phyu | SBP ( ZaLonn ) | အဒါးလမ်းနှင့် ပုပ္ပါးလမ်းထောင့် ၊ လမ်းမတော်မြောက်ရပ်ကွက်၊ ဇလွန်မြို့ |
| | | SBP ( Kyan Khinn ) | တလိုင်းကွင်းကျေးရွာ၊ ကြံခင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| | | SBP ( MyanAung ) | အမှတ်(၂)ရပ်ကွက်၊ စာတဲလမ်း၊ မြန်အောင်မြို့ |
| | | SBP( KyoneMaNgae) | ဆင်တုန်းကျေးရွာအုပ်စု၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ |
| | | SBP ( InnGaPu ) | မဲဇလီဒလကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၂ | Kyaw San Co.,Ltd | KS(016) | ဆင်တုန်းကျေးရွာအုပ်စု၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ |
| | | KS(020) | မဲဇလီဒလကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ |
| | | KS(023) | ထိပ်ဝကြီးကျေးရွာအုပ်စု၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၃ | Petro King Co.,Ltd | OK Energy (Pathein) | ရန်ကုန်-ပုသိမ်လမ်းမကြီးဘေး |
| ၄ | Myint Myat Htut Khaung | MMHK – PT | ကမ်းနားလမ်း၊ ရေပေါ်ဈေးအနီး၊ (၂) ရပ်ကွက်၊ ပုသိမ်မြို့ |
| | | YKK (MUP) | ဘုရားလမ်းနှင့် မြို့ရှောင်လမ်းထောင့် ၊ (၂) ရပ်ကွက်၊ မအူပင်မြို့ |
| | | YKK (DDY) | ဒေးဒရဲတံတားအနီး၊ ချဉ်းကပ်လမ်း၊ (၂) ရပ်ကွက်၊ ဒေးဒရဲမြို့ |
| ၅ | Aye Nyein Thar | Petro K Pathein | ပုသိမ်-မုံရွာ-ရေးလမ်းမကြီး ၊ ပုသိမ်မြို့နယ် |
| ၆ | Best Oil Co; Ltd | PT Power (ပုသိမ်) | ကိုးဆူကျေးရွာ၊ ပုသိမ်-မုံရွာလမ်းမကြီး ပုသိမ်မြို့ |

### ကချင်ပြည်နယ်တွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Best Oil Co; Ltd | BOC (မိုးညှင်း) | မန္တလေး-မြစ်ကြီးနားကားလမ်းမကြီးနှင့် မိုးညှင်းမြို့ရှောင်လမ်းဆုံ၊ အင်ကြင်းကုန်းကျေးရွာ မိုးညှင်းမြို့ |
| | | BOC (ဖန်းမော်) | ၃မိုင်၊ ရွှေပြည်သာရပ်ကွက်၊ ဗန်းမော်-မြစ်ကြီးနားလမ်း၊ ဗန်းမော်မြို့။ |

### မွန်ပြည်နယ်တွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | မြတ်မေတ္တာမွန် | MMTM– Mawlamyaing | ကျိုက်ခမီလမ်း၊ မော်လမြိုင် |
| ၂ | Kyaw San Co.,Ltd | KS(014) | ကျခတ်ငူကျေးရွာအုပ်စု၊ ပေါင်မြို့၊ မွန်ပြည်နယ်။ |
| | | KS(013) | တာပသွန်ကျေးရွာအုပ်စု၊ မုဒုံမြို့၊ မွန်ပြည်နယ်။ |
| | | KS(015) | ဒူးရင်းဆိပ်ကျေးရွာအုပ်စု၊ သထုံမြို့၊ မွန်ပြည်နယ်။ |
| | | KS(028) | ကျုံးဟောင်းရွာသစ်ကျေးရွာ ၊ ရေးမြို့ ၊ မွန်ပြည်နယ်။ |
| ၃ | Khine Khine Phyo Int'l Trading Co Ltd | Ready | တူးမြောင်းရွာ၊ ရေးမြို့နယ် |
| ၄ | Anawar Hlwam Co.,Ltd | Yadana Petrol Station (သံဖြူဇရပ်) | သံဖြူဇရပ်၊ ဝဲရတ်ကျေးရွာအုပ်စု၊ ဝဲသွန်ချောင်းရွာ၊ မွန်ပြည်နယ်။ |
| | | Yadana Petrol Station (ရေး) | တနင်္သာရီတိုင်းဒေသကြီး၊ အဏ္ဏဝါရပ်ကွက်၊ ရေးမြို့၊ မွန်ပြည်နယ် |
| ၅ | Best Oil Co; Ltd | PT Power (မုတ္တမ) | မုတ္တမကျေးရွာ ပေါင်မြို့ |
| | | PT Power (မုပွန်) | ကျောက်ပြားစက်ရုံဝင်း၊ မုပွန်ရပ်ကွက် မော်လမြိုင်မြို့ |
| | | PT Power (ကျိုက်ထို) | ရန်ကုန်- မော်လမြိုင် အဝေးပြေးလမ်းမကြီး၊ မိုင်တိုင် ၁၁၁မိုင် ၄ဖာလုံ ၊ ကျိုက်ထိုမြို့။ |

### ရခိုင်ပြည်နယ်တွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Kyaw San Co.,Ltd | KS(012) | ဂွမြို့မရပ်ကွက်၊ ဂွမြို့၊ ရခိုင်ပြည်နယ်။ |
| | | KS(017) | အောက်ကျေးရွာအုပ်စု၊ အမ်းမြို့၊ ရခိုင်ပြည်နယ်။ |
| | | KS(006) | မန်းကျည်မြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။ |
| | | KS(002) | အံတော်ကွင်း ဒွါရဝတီမြို့သစ်၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်။ |
| | | KS(021) | ကိုင်းရှည်ကျေးရွာ ၊ တောင်ကုတ်မြို့၊ ရခိုင်ပြည်နယ်။ |
| | | KS(022) | လင်းမူတောင်ကျေးရွာအုပ်စု၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်။ |

### ရှမ်းပြည်နယ်တွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Shwe Byain Phyu Co.,Ltd | SBP ( Muse ) | မော်တောင်းကျေးရွာ၊ မော်တောင်းအုပ်စု၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့ |
| ၂ | Kyaw San Co.,Ltd | KS(029) | ကြိမ်ဂနိုင်ကျေးရွာ၊ နောင်ချိုမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ |
| | | KS(005) | မိုင်ယုကျေးရွာ၊ (၁၀၅) မိုင် ၊ မူဆယ်မြို့နယ် ၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ |
| | | KS(004) | ကိုးနဝင်းတောင်ခြေတံတားကြီးရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း။ |
| | | KS(010) | ခိုမုန်းကျေးရွာအုပ်စု၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ |
| | | KS(011) | ပန်စောက်မိန်းကျေးရွာအုပ်စု၊ သီပေါမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ |
| | | KS(003) | နောင်ဖော့ကျေးရွာအုပ်စု၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ |
| | | KS(007) | သာမိုင်ခန့်ကျေးရွာ၊ အောင်ပန်းကလောမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း။ |
| | | KS(018) | အော်ယော်ရပ်ကွက်၊ ပင်းတယမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း။ |
| ၃ | Asia Energy Co., Ltd. | Asia Energy (မူဆယ်) | တိုးဂိတ်အနီး ၁၀၅ မိုင်ဆီဆိုင်တန်း၊ မိုင်းယုကျေးရွာ |
| ၄ | Best Oil Co; Ltd | BOC (လားရှိုး) | မန္တလေး-မူဆယ်ကားလမ်းမကြီးဘေး၊ လားရှိုးမြို့ရှောင်လမ်းဆုံအနီး၊ မယ်ဟန်ကျေးရွာ |
| | | BOC (မူဆယ်) | မန္တလေး-မူဆယ်ကားလမ်းမကြီးဘေး၊ မော်တောင်းကျေးရွာအုပ်စု၊ မူဆယ်မြို့နယ် |
| | | BOC (ရွာငံ) | ရွာငံ – အောင်ပန်းလမ်းမကြီး၊ ရွာငံမြို့။ |
| | | BOC (အောင်ပန်း) | အမှတ်(၂၂) ပြည်ထောင်စုလမ်းမကြီးဘေး၊ ကလောတိုးလ်ဂိတ်အနီး၊ ကလောမြို့ |
| | | BOC (တောင်လေးလုံး) | အမှတ် (၉/၂ )ပြည်ထောင်စုလမ်းမကြီးဘေး၊ |
| | | BOC (နမ့်စန်) | ထင်းရှူးမြိုင်ကျေးရွာ၊ နမ့်စန်မြို့ |
| | | BOC (ရွှေဇင်ယော်-၅) | မင်္ဂလာဦးရပ်ကွက်၊ တောင်ကြီးမြို့ |
| | | BOC (ရွှေဇင်ယော်-၄) | ဗိုလ်ချုပ်အောင်ဆန်းလမ်း ၊ မြကန်သာလမ်းထောင့် ၊ ညောင်ရွှေဟော်ကုန်းရပ်ကွက် ၊ တောင်ကြီးမြို့။ |
| | | BOC (ချယ်ရီ) | တောင်ကြီး-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီး ၊ တောင်ကြီးမြို့။ |

# ရန်ကုန်စီးတီးတက္ကစီအသင်း(ယာယီ)ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စတင်ဖွဲ့စည်းပေး

ရန်ကုန် ဇန်နဝါရီ ၁၅

**ရန်ကုန်မြို့အတွင်း ပြေးဆွဲလျက်ရှိသော စီးတီးတက္ကစီယာဉ်များအား စည်းကမ်းထိန်းသိမ်းရန်၊ စနစ်တကျ ခရီးသည် ပို့ဆောင်ရေးကို ယုံကြည်စိတ်ချစွာ ဝန်ဆောင်မှုပေးနိုင်ရန်နှင့် အုပ်ချုပ်မှုဆိုင်ရာ စနစ်တကျစီမံမှု ပြုနိုင်ရန်တို့အတွက် ရန်ကုန်စီးတီးတက္ကစီအသင်း(ယာယီ)ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စတင်ဖွဲ့စည်းပေးလိုက်ပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှု ကော်မတီ(YRTC) ရုံးမှ သိရသည်။**



ရန်ကုန်မြို့ စီးတီးတက္ကစီတစ်စီးကို YRTC စည်းကမ်းထိန်းသိမ်းရေးနှင့် စစ်ဆေးရေးအဖွဲ့က စစ်ဆေးနေစဉ်။

### ဥပဒေပညာရှင် အကြံပေးအဖွဲ့များ ပါဝင်

အဆိုပါ ရန်ကုန်စီးတီးတက္ကစီ အသင်း(ယာယီ)တွင် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC)မှ အဖွဲ့ဝင် ၂၅ ဦးနှင့် အသင်းအတွက် လိုအပ်သော ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများ ရေးဆွဲနိုင်ရန် ဥပဒေပညာရှင် အကြံပေးအဖွဲ့များ ပါဝင်ပြီး အသင်းအတွက် စည်းမျဉ်း စည်းကမ်း မူကြမ်းများကိုများ မကြာမီတွင် စတင်ကာ ရေးဆွဲတော့မည်ဖြစ်သည်။

"အခုနောက်ပိုင်း ဘတ်စ်ကားမှတ်တိုင် လမ်းဆုံ/လမ်းခွ၊ လမ်းကွေ့/လမ်းထောင့်နဲ့ မျဉ်းဝါကွက်တွေအတွင်းမှာ ရပ်ဆိုင်းနေတဲ့ စီးတီးတက္ကစီ ယာဉ်တွေကို စည်းကမ်းချက်နဲ့အညီ ထိထိရောက်ရောက် အရေးယူသွားမှာပါ။ အဲဒီလိုတွေ ရပ်နားထားတာကြောင့် ယာဉ်ကြောပိတ်ဆို့မှုတွေ အပြင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်တွေက ခဏခဏ ဖြစ်ပေါ်လို့ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှု ကော်မတီ(YRTC)ရဲ့ စည်းကမ်း ထိန်းသိမ်းရေးနဲ့ စစ်ဆေးရေးအဖွဲ့က အခုဆိုရင် ပညာပေးကာလအဖြစ် စတင်ဆောင်ရွက်နေပါတယ်။ အဲဒီပညာပေးကာလပြီးဆုံးတာနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်နဲ့အညီ စည်းကမ်းဖောက်ဖျက်တဲ့ စီးတီးတက္ကစီတွေကို လုပ်ကိုင် လိုင်စင်ရပ်ဆိုင်းခြင်း အပြင် ပိတ်သိမ်းခြင်းတွေအထိ အရေးယူ သွားမှာပါ။ ခရီးသွားပြည်သူတွေအနေနဲ့ စည်းကမ်းဖောက်တဲ့ စီးတီးတက္ကစီယာဉ်တွေ တွေ့ရှိပါကလည်း YRTC ရဲ့ Call Center ကို တိုင်ကြားနိုင်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှု ကော်မတီ (YRTC)မှ တွဲဖက် အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောကြားသည်။

### ခရီးသည်များ လုံခြုံမှုရှိစေရန်

ရန်ကုန်တိုင်း ဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှု ကော်မတီ (YRTC) ဦးဆောင်မှုဖြင့် ပေါ်ပေါက်လာသော ရန်ကုန်စီးတီးတက္ကစီ အသင်း(ယာယီ)၏ ရည်ရွယ်ချက်များမှာ ရန်ကုန်စီးတီးတက္ကစီ ယာဉ်များ စနစ်တကျရှိစေရန်နှင့် ယာဉ်/ ယာဉ်မောင်း မှတ်တမ်း အချက်အလက်များ ပြည့်စုံစွာ ထားရှိ ဆောင်ရွက်ရန်၊ စီးတီး တက္ကစီယာဉ် ရပ်နားရန် ဂိတ်နေရာများ သတ်မှတ်ဆောင်ရွက်ရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျလိုက်နာနိုင်ရေးနှင့် ယာဉ်မတော်တဆဖြစ်စဉ် လျော့နည်း ပပျောက်စေရေး ကြပ်မတ် ဆောင်ရွက်နိုင်ရန်နှင့် စီးတီးတက္ကစီယာဉ်မောင်းများ၏ ကျွမ်းကျင်မှု၊ ယာဉ်မောင်းလိုင်စင် သတ်မှတ်ချက်များ ပြည့်စုံမှုရှိ/ မရှိ စနစ်တကျ စိစစ်ပြီးမှသာ စီးတီးတက္ကစီ မောင်းနှင်ခွင့်ပြုနိုင်ရေးနှင့် ခရီးသည်များ လုံခြုံမှုရှိစေရန်နှင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး ထိန်းသိမ်းဆောင်ရွက်ရန် တို့ ဖြစ်သည်။

### နယ်လိုင်စင်ရယူထားသည့် ယာဉ်များ

ထို့အပြင် ယာဉ်ငှားရမ်းခများကို သွားရောက်မည့် ခရီးအကွာအဝေးပေါ်မူတည်၍ ညှိနှိုင်းသတ်မှတ်နိုင်ရန်၊ စီးတီးတက္ကစီယာဉ်များကို မှတ်သားရန်လွယ်ကူသော အရောင်/ အမှတ်အသားတစ်ပြေးညီ သတ်မှတ်ဆောင်ရွက်နိုင်ရန်၊ မြို့တော်အင်္ဂါရပ်နှင့် ပြည့်စုံသော အရည်အသွေး/ ယာဉ်ထုတ်လုပ်သည့်ခုနှစ် မြင့်မားသော ဘယ်မောင်းယာဉ်များ အစားထိုးလဲလှယ် မြှင့်တင်နိုင်ရေး ဆောင်ရွက်ရန် စီးတီးတက္ကစီယာဉ်မောင်းများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသင်တန်း/ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးနိုင်ရန်၊ ခရီးသည်များ ယာဉ်စီးနင်းအသုံးပြုလိုသည့် အချိန်တွင် လွယ်ကူလျင်မြန်စွာ ချိတ်ဆက်ခေါ်ယူနိုင်သည့် Call Center နှင့် နည်းပညာအသုံးပြုသည့် စနစ်များ ဆောင်ရွက်ပေးနိုင်ရန်၊ စီးတီးတက္ကစီယာဉ်များ စနစ်တကျ ထိန်းသိမ်းနိုင်ရန်၊ လုံခြုံမှုစနစ် ဆောင်ရွက်နိုင်ရန်အတွက် GPS/ Control Center များဖြင့် စောင့်ကြည့်ထိန်းချုပ်သည့်စနစ် ဆောင်ရွက်နိုင်ရန်၊ စီးတီးတက္ကစီယာဉ်အားလုံး အလုံးစုံအာမခံထားရှိ ဆောင်ရွက်နိုင်ရန်နှင့် စီးတီးတက္ကစီ အသင်းတွင် မပါဝင်သော နယ်လိုင်စင်ရယူထားသည့်ယာဉ်များနှင့်ပတ်သက်၍ မူဝါဒချမှတ် ဆောင်ရွက်နိုင်ရန်တို့ဖြစ်ကြောင်း သိရသည်။ **မြင့်မိုရ်၊ ဓာတ်ပုံ- မင်းထက်**

---

# စာပေဗိမာန်စာမူဆုရ စာအုပ်များ ဖြန့်ချိရောင်းချ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန် စာမူဆု၊ ဝတ္ထုတိုပေါင်းချုပ် ပထမဆုရရှိသည့် စာရေးဆရာမ နန္ဒာခင် (သက္ကလမြေ) ၏ **"အဖေ့ခြံ နှင့် အခြားရသ ဝတ္ထုတိုများ"** စာအုပ်၊ ကလေးစာပေ ပထမဆုရရှိသည့် စာရေးဆရာ ကန့်ဘလူ ခင်မောင်ဆွေ၏ **"စက္ကူကျားနှင့် ရွှံ့ရုပ်နွား ကလေးကဗျာများ"** စာအုပ်နှင့် ဝတ္ထုရှည် ဒုတိယဆုရရှိသည့် စာရေးဆရာမောင်အင်း (ဥက္ကံ) ၏ **"သဲရေစစ်"** စာအုပ်တို့ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

စာရေးဆရာမ နန္ဒာခင် (သက္ကလမြေ) ၏ "အဖေ့ခြံ နှင့် အခြားရသ



ဝတ္ထုတိုများ" စာအုပ်၌ ပွဲ၊ မှား၊ ယူ၊ နှီးစက်၊ ရောင်ပြန်၊ အလုပ်ဂုဏ်၊ အဖေ့ခြံ၊ သစ္စာပန်း၊ ရွှေနားဖူးလေးတစ်ရန်၊ နလုံးသားကိုအလှဆင်စသည့် ဝတ္ထုတို ၁၀ ပုဒ် ပါဝင်၍ ဇာတ်ပွဲမကြည့်ဖူးသော မိန်းမငယ်တစ်ဦးက ပွဲကြည့်ရဖို့အရေး ကြံရာကျပန်းအလုပ်လုပ်၊ ငွေစု ကြိုးစားခဲ့ရပြီး ပွဲခင်းထဲရောက်သည့်အခါ သူမျှော်လင့်မထားသော စိတ်ညစ်စရာ၊ စိတ်ကသိကအောက်ဖြစ်စရာများ ကြုံရပုံကို ရေးဖွဲ့ထားသော ပွဲ၊ လောဘကြောင့် ကျူးလွန်ခဲ့သော မသမာမှုများသည် နောင်တစ်ချိန်တွင် ကျူးလွန်ခဲ့သူ၏အနာဂတ်မျိုးဆက်အတွက် ဆိုးကျိုးသက်ရောက်တတ်ပုံကို ရေးဖွဲ့ထားသော မှား၊ ပေးလှူခြင်းမှန်သမျှသည် သံသရာအတွက် ရယူခြင်းဖြစ်ကြောင်း သတင်းစကားပါးထားသော ယူ၊ အိမ်တစ်အိမ်တွင် အဘွားဖြစ်သူသည် တစ်အိမ်လုံး၏ အရေးအပါဆုံး မိသားစုဝင်ဖြစ်ကြောင်း ဖော်ကျူးထားသည့် နှီးစက် စသည့်ဝတ္ထုလေးများကို ရှင်းလင်းပြေပြစ်သော အဖွဲ့အနွဲ့များဖြင့် တန်ဆာဆင် ရေးဖွဲ့ထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး ၎င်းစာအုပ်ကို ရောင်းဈေး ငွေကျပ် ၂၀၀၀ ဖြင့် ဝယ်ယူနိုင်ပါသည်။

စာရေးဆရာ ကန့်ဘလူခင်မောင်ဆွေ၏ "စက္ကူကျားနှင့် ရွှံ့ရုပ်နွား ကလေးကဗျာများ" စာအုပ်၌ ကဗျာအပုဒ်ပေါင်း ၇၆ ပုဒ် ပါဝင်၍ တိရစ္ဆာန်မူရာဖွဲ့၊ အရွယ်အစား၊ အနည်းအများ၊ အတိုအရှည် စသည့် ပုံပန်းသဏ္ဌာန် အတိုင်းအတာ ပမာဏဖွဲ့၊ စကားပုံဖွဲ့၊ သတ်ပုံဖွဲ့၊ မြို့ဖွဲ့၊ လူ့အမူအရာ သိမ်းသွင်းသောအဖွဲ့ စသည်ဖြင့် ကဗျာအဖွဲ့မျိုးစုံသည့် အပြင် အကြောင်းအရာ ပါးပါးလျလျလေးများကို အပြလှလှ၊ အသံချိုချို ကလေးအလိုက်တသိဖြင့် မြင်လွယ်၊ ကြားလွယ်၊ ခံစားလွယ်သော



စကားလုံးများဖြင့် ဖွဲ့စည်းထားသောကြောင့် မူကြိုအရွယ်မှ ပထမတန်းအရွယ်အထိ ကလေးများအတွက် ရွတ်ဆိုလွယ်၊ နားဝင်လွယ်၊ နားစွဲလွယ်သော ကဗျာစာအုပ်ကောင်း တစ်အုပ်ဖြစ်ပြီး ၎င်းစာအုပ်ကို ရောင်းဈေး ငွေကျပ် ၃၀၀၀ ဖြင့် ဝယ်ယူနိုင်ပါသည်။



စာရေးဆရာ မောင်အင်း (ဥက္ကံ) ၏ "သဲရေစစ်" စာအုပ်၌ တောရွာ ဓလေ့ကို အခြေခံကာ ရေးဖွဲ့ထားသော စာအုပ်ကောင်း တစ်အုပ်ဖြစ်၍ မြို့ကြီးသားများ နားမလည်နိုင်သည့် တောဓလေ့ အငွေ့အသက်တို့ များစွာပါဝင်ပြီး တောရွာများမှ ဗဟုသုတများကို "မျိုးကောင်းပင်သန် ပျိုးမှန်သီး၊ သံကိုပုံသွင်း နန္ဒင်းဆေးဖြစ်၊ အသည်းနှင့် ချစ်ရဲသူ၊ သဲရေစစ်" စသည့် အခန်းပေါင်း ၁၅ ခန်းဖြင့် ရသမြောက်စွာ ရေးဖွဲ့တင်ပြထား ပြီး ၎င်းစာအုပ်ကို ရောင်းဈေး ငွေကျပ် ၂၀၀၀ ဖြင့် ဝယ်ယူနိုင်ပါသည်။

အဆိုပါ စာအုပ်များကို အမှတ် ၅၂၉ - ၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း နှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ မော်တော်ယာဉ်များ၊ လက်ကိုင်ဖုန်း Hand Set နှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၄ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေး စခန်းရှိ အကောက်ခွန် ဦးစီးဌာနနှင့် ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများပြုလုပ်ခဲ့ရာ Hino Profia Truck ယာဉ်အမှတ်၊ 7M-8900 ၁၂ ဘီးယာဉ်ပေါ်တွင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ သယ်ဆောင်လာသော Mobile Phone Hand Set အမျိုးမျိုး ၇၄၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၈၇၆၆၇၀၀)၊ Power Bank ၅၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၅၀၀၀၀)နှင့် Phone Charger Cable ၃၈၅ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၇၅၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသော Hino Profia Truck ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)တို့ကို ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးအမှု လေးမှု၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၆၈၉၄၂၀၀)အား အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရောဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးရာ ရေကြည်မြို့နယ် ပန်းပုကွင်းကျေးရွာရှိ ခြံဝင်းတစ်ခုအတွင်း၌ တရားမဝင်တောင်သရက်ခွဲသား (၀ ဒသမ ၈၀၁) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၂၅၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ယနေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းရှိ အကောက်ခွန်ဦးစီးဌာနနှင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ပြုလုပ်စဉ် Mitsubishi Fuso Truck ယာဉ်အမှတ်၊ 4K-7217 (၁၂)ဘီးယာဉ်ပေါ်၌ သွင်းကုန်ကြေညာလွှာတွင် ဖော်ပြပါရှိခြင်း မရှိဘဲ သယ်ဆောင်လာသော (Adda အမှတ်တံဆိပ်) မိုးတွင်းစီးဖိနပ် ၄၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ သယ်ဆောင်လာသော Mitsubishi Fuso Truck ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀) တို့ကို ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးအမှု နှစ်မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀) ကို အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ပဲခူး၊ တောင်ငူနှင့် သာယာဝတီခရိုင် သစ်တောကြိုးဝိုင်းများအတွင်းရှိ တရားမဝင် ကျွန်းသစ် ၁၅ ဒသမ ၆၉၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၇၇၅၀၀)နှင့် သစ်မာ ၁၅ ဒသမ ၄၀၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၅၇၈၀၀)၊ စုစုပေါင်းသစ်မျိုးစုံ ၃၁ ဒသမ ၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၃၅၃၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



ထပ်မံ၍ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးခဲ့ရာ ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် တရားမဝင်သစ်မျိုးစုံ ၁၃ ဒသမ ၀၃ တန်နှင့် ချိန်းဆော တစ်လက် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၅၄၇၉၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှု၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၀၆၈၄၅၄၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



ဇန်နဝါရီ ၁၅ ရက်က အနောက်ပိုင်းခရိုင်ဦးစီးမှူး(လဝက) ဦးအောင်ဇော်မိုး၊ ကြည့်မြင်တိုင်မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးညီညီ တို့နှင့်အတူ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနဝန်ထမ်းများက လှိုင်မြစ်တစ်ဖက်ကမ်းရှိ ခါတော်မီကျောင်းတိုက်၌ အေးရွာ၊ ဘလုတ်ညွန့်၊ စက်ကလေးရပ်ကွက်များအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပြီး ပန်းခင်းစီမံချက်အကြောင်း သိကောင်းစရာများကို ဟောပြောစဉ်။ ကိုကြီးတင်

## ပြည်ကြီးတံခွန်နှင့် မိုင်းဆတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၄ ရက် နံနက် ၁၁ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် (ခ)ရပ်ကွက် ၁၁၅ လမ်းနှင့် ၅၈ လမ်းထောင့်တွင် နိုင်နိုင်ငြိမ်း(ခ)မောင်ငြိမ်းနှင့် သန်းထက်အောင်တို့ကို CROWN အမျိုးအစား ယာဉ်ဖြင့်လည်းကောင်း၊ ချစ်မင်းအား ဆိုင်ကယ်တစ်စီးဖြင့်လည်းကောင်း မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ နိုင်နိုင်ငြိမ်း(ခ)မောင်ငြိမ်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို လည်းကောင်း။

ထို့အတူ ဇန်နဝါရီ ၁၄ ရက် ည ၈ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် မိုင်းတွမ်း(တောင်ပေါ်) ကျေးရွာအုပ်စု ပါခါးကျေးရွာအနီးတွင် အမျိုးသား နှစ်ဦး(စိစစ်ဆဲ) မောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးအား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ဆိုင်ကယ်များအား လမ်းဘေးတွင်ရပ်တန့်၍ ထွက်ပြေးသွားသဖြင့် ဆိုင်ကယ်များပေါ်တွင် တင်ဆောင်ထားသည့် ဆာလာအိတ် နှစ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## အာဆီယံ ယူ-၂၃ ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအသင်းကို ကစားသမား ၃၀ ဖြင့် ဖွဲ့စည်း

**ရန်ကုန် ဇန်နဝါရီ ၁၅**

မြန်မာ ယူ-၂၃ အသင်းသည် ဖေဖော်ဝါရီတွင်ယှဉ်ပြိုင်ရမည့် ၂၀၂၂ အာဆီယံ ယူ-၂၃ ပြိုင်ပွဲယှဉ်ပြိုင်ရန် ပဏာမကစားသမား ၃၀ ရွေးချယ်ထားသည်။

မြန်မာ ယူ-၂၃ အသင်းသည် ဇန်နဝါရီ ၁၀ ရက်မှစတင်ကာ စခန်းဝင်လေ့ကျင့်နေပြီး နည်းပြချုပ်အဖြစ် ပိုပေ့ါဗ်က ဆက်လက်ကိုင်တွယ်နေသည်။ ယင်းအသင်းကို ၂၀၂၁ ခုနှစ် အောက်တိုဘာလကုန်ပိုင်းက ယှဉ်ပြိုင်ကစားသည့် ၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲယှဉ်ပြိုင်ခဲ့သည့်အသင်းကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်သလို ပဏာမလူစာရင်းတွင် စပိန်ဒုတိယတန်းကလပ် လီဟာနက်စ်လူငယ်အသင်းတွင် ကစားနေသည့် တောင်ပံတိုက်စစ်ကစားသမား အာသာဖလည်း ပါဝင်နေသည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲအပါအဝင် ၃၁ ကြိမ်မြောက် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲအတွက်ပါ တစ်ပေါင်းတည်း ပြင်ဆင်နေခြင်းဖြစ်ပြီး အာဆီယံ ယူ-၂၃ ပြိုင်ပွဲအတွက် ပြင်ဆင်ချိန် တစ်လကျော်ရရှိမည်ဖြစ်သည်။

၂၀၂၂ အာဆီယံ ယူ-၂၃ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၆ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (ခ) တွင် လက်ရှိချန်ပီယံ အင်ဒိုနီးရှား၊ မလေးရှား၊ လာအိုအသင်းတို့နှင့် ကျရောက်နေသည်။ ယင်းပြိုင်ပွဲတွင် အရှေ့တောင်အာရှ ၁၁ နိုင်ငံစလုံး ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က)တွင် အိမ်ရှင် ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ တီမော၊ အုပ်စု (ဂ) တွင် ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူအသင်းတို့ ပါဝင်နေသည်။ ယင်းပြိုင်ပွဲကို တတိယအကြိမ်ကျင်းပခြင်းဖြစ်ပြီး ၂၀၀၅ နှင့် ၂၀၁၉ ခုနှစ်တို့တွင် နှစ်ကြိမ်ကျင်းပခဲ့သည်။

**ရဲရင့်လွင်**

❍ *ကျောဖုံးမှ*

ဗီယက်၊ ပူလီဆစ်၊ လူကာကူ၊ ကန်တေ၊ ကိုဗာဆစ်စသည့် အဓိကကစားသမားအများစုဖြင့် မန်စီးတီးအသင်းကို ရင်ဆိုင်လာခဲ့သည်။

ယခုနှစ်ရာသီတွင် ခြေစွမ်းထက်မြက်နေသည့် အသင်းကြီးနှစ်သင်း ထိပ်တိုက်တွေ့ဆုံသည့် ပွဲစဉ်ဖြစ်သည့်အပြင် အမှတ်ပေးဇယား အဆင့်(၁)နှင့်(၂)နေရာမှ အသင်းအချင်းချင်းတွေ့ဆုံသည့် ပွဲစဉ်ဖြစ်သည့်အလျောက် ပွဲမှာပြိုင်ဆိုင်မှုပြင်းထန်ခဲ့သော်လည်း မိနစ် ၆၀ ကျော်သည်အထိ သွင်းဂိုးများ မြင်တွေ့ခဲ့ရခြင်း မရှိချေ။ သို့သော်လည်း မန်စီးတီးအသင်းအတွက်တစ်လုံးတည်းသော သွင်းဂိုးကို မိနစ်၇၀တွင် ကန်ဆယ်လို၏ဖန်တီးမှုမှတစ်ဆင့် ဒီဘရိုင်းက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ချယ်ဆီးအသင်း ချေပဂိုးရရှိရေးကြိုးစားလာသော်လည်း အသင်းစွမ်းဆောင်ရည်ပိုင်း လိုအပ်ချက်ရှိနေသည့်အတွက် ချေပဂိုးနှင့်ဝေးကွာခဲ့ပြီး ရှုံးပွဲနှင့်ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

ယခုပွဲစဉ်တွင် မန်စီးတီးအသင်းက ဂိုးကန်သွင်းမှု ၁၁ ကြိမ်အထိ ရှိခဲ့သော်လည်း ချယ်ဆီးအသင်းက လေးကြိမ်သာ ပြုလုပ်နိုင်ခဲ့သည်။

အခြားပွဲစဉ်ရလဒ်များအဖြစ် နယူးကာဆယ်နှင့် ဝက်ဖို့ဒ်ပွဲမှာ တစ်ဂိုးစီ သရေဖြစ်ခဲ့ပြီး နော့ဝှစ်နှင့် အဲဗာတန်တို့ပွဲတွင် နော့ဝှစ်က နှစ်ဂိုး -တစ်ဂိုးဖြင့် အနိုင်ရသည်။ ဝုလ်နှင့် ဆောက်သမ်တန်တို့ပွဲတွင် ဝုလ်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

MOEE
YESC
အိမ်ပိတ်၍ အပြင်သွားမည်ဆိုပါက လျှပ်စစ်မိန်းခလုတ်ကိုလည်း ပိတ်ပြီးမှ သွားသင့်ပါသည်။



## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ဗိုလ်မင်းရောင်လမ်း၊မြေကွက်အမှတ်(၆၇)၊အကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိဦးဝင်းကြိုင်(၉/ပသက(နိုင်)၀၁၃၃၆၅)(PTI-025355)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအဆောက်အဦးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကိုအမည်ပေါက်ပိုင်ရှင်ဦးဝင်းကြိုင်(၉/ပသက(နိုင်)၀၁၃၃၆၅)(PTI-025355)ထံမှကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်တို့ထံသို့ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ကျော်လှိုင် LL.B, အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)

ဒေါ်သိမ့်သိမ့်ယမင်း LL.B, အထက်တန်းရှေ့နေ(စဉ်-၄၀၈၉၄)

ဖုန်း -၀၉၄၂၁၀၇၄၆၉၇၄ ၊ ၀၉၂၅၄၃၃၂၃၁၂


# မြိုင်မြို့နယ်၌ ဆောင်းသီးနှံများ စိုက်ပျိုးရောင်းချ၍ နေ့စဉ်ဝင်ငွေရရှိ

**မြိုင် ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်တွင် တောင်သူများ ဆောင်းသီးနှံများ စိုက်ပျိုးရောင်းချ၍ နေ့စဉ်ဝင်ငွေများ ရရှိလျက်ရှိကြောင်း သိရသည်။

မြိုင်မြို့နယ်တွင် စားဖိုဆောင်အတွက် ဆောင်းသီးနှံများဖြစ်သည့် ကြက်သွန်နီ၊ ကြက်သွန်ဖြူများ စိုက်ပျိုးလျက်ရှိပြီး ဟင်းသီးဟင်းရွက်များဖြစ်သည့် မုန်ညင်း၊ ကိုက်လံ၊ ကန်စွန်း၊ ချဉ်ပေါင်၊ မုန်လာဥ၊ ခရမ်းသီး၊ ရုံးပတီ စသည့်သီးနှံများ စိုက်ပျိုးရောင်းချ၍ နေ့စဉ်ဝင်ငွေရရှိလျက်ရှိကြောင်း၊ ဖောက်သည်ဈေးအနေဖြင့် မုန်ညင်း၊ ကိုက်လံ တစ်စည်းလျှင် ငွေကျပ် ၂၅၀၊ နံနံပင်၊ ချဉ်ပေါင်၊ ကန်စွန်းတစ်စည်းလျှင် ငွေကျပ် ၁၀၀ ဖြင့် ရောင်းချရကြောင်း သိရသည်။ စားဖိုဆောင်သုံးသီးနှံစိုက်ပျိုးသူ တောင်သူတစ်ဦး၏ခြံတွင် တစ်မျိုးလျှင် အစည်း ၂၀၀ ခန့် ရောင်းချရ၍ နေ့စဉ်ဝင်ငွေများရရှိလျက်ရှိသည်။

မြိုင်မြို့နယ်တွင် ဆောင်းသီးနှံများကို သံပုရာခြံ၊ ဖျုံသီး၊ ကျောက်ကန် စသည့်ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြပြီး အချို့ကျေးရွာများတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးစားသုံးကြသူများကြောင်း သိရသည်။

**သူရ(ပုံတောင်)**






# အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေနဲ့ သင်တန်းပေါင်း ၁၁၇ ကြိမ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား နှစ်ထောင်ကျော် မွေးထုတ်ပေးခဲ့ပါတယ်


ဒေါ်ငြိမ်းအေး (ညွှန်ကြားရေးမှူး)


ဦးခွန်ထွန်းထွန်းလှ (နည်းပြဆရာ)


ကိုရန်ဖြိုးအောင်


ကိုကျော်မင်းအောင်


ကိုကျော်ထက်အောင်

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ပို့ချသည့် အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းနည်းပညာ သင်တန်းဆင်းပွဲအခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ဝန်ပြန်ကျေးရွာ နေမျိုးနွယ်ပရိယတ္တိစာသင်တိုက် ဝဲကြီးကျောင်း၌ ယနေ့နံနက် ၁၀နာရီက ကျင်းပသည်။**

အဆိုပါ သင်တန်းကို ဇန်နဝါရီ ၅ ရက်မှ ဇန်နဝါရီ ၁၄ ရက်အထိ ၁၀ ရက် ရက်တိုသင်တန်း ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကာ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းတက်ရောက်ခဲ့သည့် သင်တန်းသားများ၏ အတွေ့အကြုံများနှင့် တာဝန်ရှိသူများကို မြန်မာ့အလင်း သတင်းစာမှ တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။

**ဒေါ်ငြိမ်းအေး(ညွှန်ကြားရေးမှူး)**
**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

ကျေးရွာတွေမှာ လျှပ်စစ်မီးတွေ ပိုမိုရရှိလာတဲ့အတွက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေနဲ့ လျှပ်စစ်မီးနဲ့ပတ်သက်ပြီး ဘေးအန္တရာယ်ကင်းရှင်းရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတို့ကို အဓိကထားရည်ရွယ်ပြီး သင်တန်းတွေ ပို့ချပေးပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေနဲ့ မီနီဘတ်ဂျက်အတွင်း သင်တန်းပေါင်း ၁၈၀ ဖွင့်လှစ်ပို့ချဖို့ လျာထားပါတယ်။ ယခုအထိ မီနီဘတ်ဂျက်အတွင်း သင်တန်းပေါင်း ၁၁၇ ကြိမ် ဖွင့်လှစ်ပို့ချနိုင်ခဲ့ပြီး သင်တန်းသား နှစ်ထောင်ကျော်ကို မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။

အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေနဲ့ ပို့ချပေးတဲ့ သင်တန်းအများအပြားရှိပါတယ်။ စားသောက်ကုန်၊ အလှကုန်၊ လူသုံးကုန်၊ သုတေသနနဲ့ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်း၊ စက်မှုလက်မှုနဲ့ဆိုင်တဲ့ တွင်ခုံ၊ ဝပ်ရှော့၊ ဝရိန်၊တစ်လုံးထိုးအင်ဂျင်သင်တန်း၊လျှပ်စစ်နဲ့ဆိုင်တဲ့ အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း နည်းပညာသင်တန်း၊ ဒဲ့အပြင်ယွန်းပညာနဲ့ဆိုင်တဲ့သင်တန်း၊ ရက်ကန်းပညာနဲ့ဆိုင်တဲ့ သင်တန်းတွေကိုလည်း ပို့ချပေးလျက်ရှိပါတယ်။ သင်တန်းပို့ချတဲ့အခါ ဒေသရဲ့ပေါများတဲ့ သယံဇာတများကို အခြေခံပြီး တန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်လုပ်နိုင်ဖို့ အခမဲ့ရက်တို၊ ရက်ရှည်သင်တန်းတွေ ပို့ချပေးပါတယ်။

**ဦးခွန်ထွန်းထွန်းလှ(နည်းပြဆရာ)**
**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

လျှပ်စစ်ပညာနဲ့ပတ်သက်ပြီး ပြည်သူတွေ အသက်မွေးဝမ်းကျောင်းမှုတစ်ခုအဖြစ် အထောက်အကူပြုနိုင်အောင် သင်ကြားပေးပါတယ်။ ယခုသင်တန်းကို အခြေခံ လျှပ်စစ်သဘောတရားကနေ အိမ်တွင်း လျှပ်စစ်သွယ်တန်းမှု အဆင့်ဆင့်၊ ဘရေကာတွက်ချက်မှု၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဥပဒေနည်းဥပဒေဆိုင်ရာ အကြောင်းအရာတွေကို အဓိကသင်ကြားပေးပါတယ်။

ဒီသင်တန်းဆင်းသွားတဲ့ သင်တန်းသားတွေအနေနဲ့ လျှပ်စစ်လုပ်ငန်းခွင်တွေမှာ ကျွမ်းကျင်လုပ်သားများအဖြစ် လုပ်ကိုင်နိုင်မှာဖြစ်ပြီး အဆင့်မြင့်သင်တန်းတွေကိုလည်း ဆက်လက်တက်ရောက်နိုင်မှာဖြစ်ပါတယ်။ သင်တန်းကို စာတွေ့ ၃၀ ရာခိုင်နှုန်းနဲ့ လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပို့ချပေးပြီး ထူးချွန်သင်တန်းသားများကိုလည်း ဆုများချီးမြှင့်ပေးပါတယ်။

**ကိုရန်ဖြိုးအောင်၊ ဝန်ပြန်ကျေးရွာ**
**(သင်တန်းသား)**

ကျွန်တော်က ဝန်ပြန်ရွာမှာ နေပါတယ်။ လျှပ်စစ်လုပ်ငန်းကို လုပ်ကိုင်နေသူဖြစ်ပါတယ်။ ဒီအခြေခံ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း နည်းပညာသင်တန်း တက်ရောက်ခဲ့တဲ့အတွက် စာတွေ့၊ လက်တွေ့နဲ့ လျှပ်စစ်ကို အန္တရာယ်ကင်းကင်း အသုံးပြုနိုင်တဲ့ ကျွမ်းကျင်မှုတွေ ရရှိပါတယ်။ အခြေခံကျကျ သင်ယူခဲ့ရတဲ့အတွက် ဒီသင်တန်းကရရှိတဲ့ ပညာတွေနဲ့ အသက်မွေးဝမ်းကျောင်းပြုပြီး ပြည်သူတွေကို အကျိုးပြုသွားမှာဖြစ်ပါတယ်။

**ကိုကျော်မင်းအောင်၊ ဝန်ပြန်ကျေးရွာ**
**(သင်တန်းသား)**

ကျွန်တော်က ဒီအခြေခံအိမ်တွင်း လျှပ်စစ်သွယ်တန်းခြင်း နည်းပညာ သင်တန်းမှာ ထူးချွန်ဆုရရှိခဲ့ပါတယ်။ ကျွန်တော်နဲ့အတူတူတက်တဲ့ သင်တန်းသားတွေမှာလည်း သင်တန်းနည်းပြဆရာအနေနဲ့ အသေးစိတ်အချက်အလက်တွေကို စာတွေ့လက်တွေ့ သင်ကြားပေးတဲ့အတွက် ကျွမ်းကျင်တဲ့အဆင့်ကို တတ်မြောက်ကြပါတယ်။ ဒီသင်တန်းက ၁၀ ရက်သင်တန်းဖြစ်ပေမယ့် ကျွန်တော့်ဘဝ အသက်မွေးဝမ်းကျောင်းဖို့ အများကြီး အထောက်အကူဖြစ်ပါတယ်။

**ကိုကျော်ထက်အောင်၊ ဝန်ပြန်ရွာ**
**(သင်တန်းသား)**

ဒီသင်တန်းမှာ ဝိုင်ယာကြိုးဆက်တာ၊ ဝိုင်ယာခွာတာ၊ ဆော့ကတ်ဂျိုင်းတာတွေ၊ ဘယ်နေရာမှာ ဘယ်လိုသုံးသင့်တယ်ဆိုတဲ့ အခြေခံကျကျ သင်ကြားပြသပေးတာတွေက ကျွန်တော်တို့အတွက် အလွန်အကျိုးရှိပါတယ်။ အခုဆိုရင် ကျွန်တော့်အနေနဲ့ ကိုယ့်အိမ်ကိုယ် လျှပ်စစ်တပ်ဆင်နိုင်တဲ့အထိ တတ်မြောက်နေပါပြီ။ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အခမဲ့ပို့ချပေးတဲ့သင်တန်းတွေကို လူငယ်တွေအနေနဲ့ တက်ခွင့်ရတဲ့အခါ တက်ရောက်သင်ယူကြပါ။ ဒီလိုသင်တန်းတွေ များများဖွင့်လှစ်ပို့ချပေးနိုင်ရင် ကျေးလက်နေ အခြေခံပြည်သူတွေအနေနဲ့ အသက်မွေးဝမ်းကျောင်း ပညာရပ်အနေဖြင့်သော်လည်းကောင်း၊ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်၍သော်လည်းကောင်း မိသားစုဝင်ငွေများ တိုးပွားနိုင်မှာဖြစ်ပါတယ်။ တာဝန်ရှိသူအားလုံးကိုလည်း ဒီလိုထိရောက်တဲ့ ရက်တိုသင်တန်းတွေ ပို့ချပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ဘီ**


သင်တန်းသားများ၏ လက်တွေ့မီးတပ်ဆင်ထားမှုကို ပြသစဉ်။

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့တွင် တက်ရောက်ကုသမှုခံယူသည့် လူနာများအတွက် (FDA အသိအမှတ်ပြု) ဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးများ၊ ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ၊ ဆေးရုံသုံးပစ္စည်းများ(Consumables) များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **လျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက်** - ၁၇-၁-၂၀၂၂ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၁-၁-၂၀၂၂ ရက် ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက ရုံးချိန်အတွင်း ပြည်နယ်ပြည်သူ့ဆေးရုံကြီး ဘားအံမြို့ ဖုန်း-၀၅၈-၂၁၂၅၁တွင် စုံစမ်းနိုင်ပါသည်။

**ဆေးနှင့်ဆေးပစ္စည်းဝယ်ယူရေး တင်ဒါကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ (အောက်တိုဘာလမှ မတ်လ)အထိ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး(မူလ)ရန်ပုံငွေဖြင့် လမ်းလုပ်ငန်းအရေအတွက်(၄)ခု Lot(၂)ခုနှင့် စစ်ကိုင်းတိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးဝင်းအတွင်း 11/04 KV, 100KVA Transformer (၁)လုံး၊ 11 KV Line (၂၀၀)ပေ၊ 400 V(၃၀၀)ပေ သွယ်တန်းခြင်းအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာစတင်ရောင်းချရမည့်ရက်/အချိန်** | - ၁၇-၁-၂၀၂၂ ရက် (ရုံးချိန်အတွင်း) |
| (ခ) | **အိတ်ဖွင့်တင်ဒါလျှောက်လွှာရောင်းချမည့်နောက်ဆုံးရက်** | - ၃၁-၁-၂၀၂၂ ရက် ညနေ ၁၆:၀၀ နာရီ |
| (ဂ) | **PO/ကုမ္ပဏီဖွဲ့စည်းပုံ/အခွန်ကင်းရှင်းကြောင်းအထောက်အထား/Bank Statement တင်ပြရမည့်ရက်** | - ၃၁-၁-၂၀၂၂ ရက် နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၀၀ နာရီထိ |
| (ဃ) | **တင်ဒါစာအိတ်(A)/စာအိတ်(B)လက်ခံခြင်းနှင့် တင်ဒါစာအိတ်(B)ဖွင့်ဖောက်စစ်ဆေးမည့်ရက်** | - ၁-၂-၂၀၂၂ ရက် |
| (င) | **တင်ဒါစာအိတ်(A) ဖွင့်ဖောက်မည့်ရက်** | - ၂-၂-၂၀၂၂ ရက် |
| (စ) | **တင်ဒါစာအိတ်(A)/စာအိတ်(B) ဖွင့်ဖောက်စစ်ဆေးမည့်နေရာ** | - တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ချင်းတွင်းခန်းမ၊ မုံရွာမြို့ |

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း-၀၇၁-၂၆၃၄၉၊ ၂၆၃၅၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၇၁-၂၆၃၄၉၊ ၂၆၃၅၉**

## ဖခင်အမည်မှန်

ကြို့ပင်ကောက်မြို့နယ်၊ ရွှေပန်းတော အထက၊ အဋ္ဌမတန်း(ခ)မှ မောင်ကောင်းဇင်ထက်၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဝင်း ၇/ကပက(နိုင်) ၀၈၉၁၆၀ ဖြစ်ပါကြောင်း။

**ဦးအောင်နိုင်ဝင်း**

## ဖခင်အမည်မှန်

မြောက်ဦးမြို့၊ အထက-၂၊ နဝမတန်း (B)မှ မခင်ရွှေစိုး၏ ဖခင် ဦးတင်မိုးလှိုင်၏ အမည်မှန်မှာ ဦးသိန်းချေ ၁၁/မဥန(နိုင်) ၀၃၉၆၂၇ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8J/3157 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/1812 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**


**သင့်စီးပွားရေး**
**လုပ်ငန်းများ**
**အောင်မြင်ဖို့**
**မြန်မာ့အလင်း**
**သတင်းစာတွင်**
**ကြော်ငြာစို့**


## ဖခင်အမည်မှန်

မြောက်ဦးမြို့၊ အောင်သီရိမူလွန်ကျောင်း၊ ပဉ္စမတန်းမှ မမေသက်ခိုင်နှင့် ပထမတန်းမှ မထွေးထွေးခိုင်တို့၏ ဖခင် ဦးတင်မိုးလှိုင်၏ အမည်မှန်မှာ ဦးသိန်းချေ ၁၁/မဥန(နိုင်)၀၃၉၆၂၇ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1N/7554 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးထွန်း ၁၂/ဥကတ(နိုင်)၁၇၈၂၆၁ က (ကမ-၃) ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)
## အနုပညာဌာနခွဲ(ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့်ပြဇာတ်)များတွင် တာဝန်ထမ်းဆောင်ရန်နည်းပြ (ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ရုပ်ရှင်နှင့်ပြဇာတ်) နှင့် စာပေပညာဌာနခွဲတွင် တာဝန်ထမ်းဆောင်ရန် နည်းပြ(မြန်မာစာ)၊ နည်းပြ(ယဉ်ကျေးမှုသမိုင်း)နှင့် နည်းပြ(အင်္ဂလိပ်စာ)
## ရာထူးနေရာများခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)ရှိ အနုပညာဌာနခွဲ (ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့်ပြဇာတ်)များတွင် တာဝန်ထမ်းဆောင်ရန် နည်းပြ (ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်)နှင့် စာပေ ပညာဌာနခွဲတွင် တာဝန်ထမ်းဆောင်ရန် နည်းပြ(မြန်မာစာ)၊ နည်းပြ(ယဉ်ကျေးမှုသမိုင်း)နှင့်နည်းပြ(အင်္ဂလိပ်စာ) ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသူများကို အောက်ဖော်ပြပါအရေအတွက်အတိုင်း ရွေးချယ်ခန့်အပ်သွားမည်ဖြစ်ပါသည်-

| စဉ် | ရာထူး | လစာနှုန်း | ရာထူးနေရာ |
|---|---|---|---|
| (က) | နည်းပြ (ဂီတ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၈ နေရာ |
| (ခ) | နည်းပြ (သဘင်) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၁၀ နေရာ |
| (ဂ) | နည်းပြ (ပန်းချီ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၇ နေရာ |
| (ဃ) | နည်းပြ (ပန်းပု) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၅ နေရာ |
| (င) | နည်းပြ (ရုပ်ရှင်နှင့်ပြဇာတ်) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၅ နေရာ |
| (စ) | နည်းပြ (မြန်မာစာ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၂ နေရာ |
| (ဆ) | နည်းပြ (ယဉ်ကျေးမှုသမိုင်း) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၁ နေရာ |
| (ဇ) | နည်းပြ (အင်္ဂလိပ်စာ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၂ နေရာ |

၂။ နည်းပြ (ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့်ပြဇာတ်) ရာထူးနေရာများအတွက် အောက်ဖော်ပြပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) သက်ဆိုင်ရာ အထူးပြုဘာသာရပ်များအလိုက် မဟာဝိဇ္ဇာဘွဲ့ရရှိပြီးသူ(သို့မဟုတ်) မဟာဝိဇ္ဇာအရည်အချင်းစစ် သင်တန်းတက်ရောက်ရန် အဆင့်မီသူ ဖြစ်ရမည်။
(ခ) အသက်(၃၀)ထက်မကျော်ရ ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်၃၅နှစ်ထက် မကျော်ရ။ (၂၀၂၂ခုနှစ် ဇန်နဝါရီ ၃၁ရက်အထိ)
(ဂ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ နည်းပြ(မြန်မာစာ)၊ နည်းပြ(ယဉ်ကျေးမှုသမိုင်း)နှင့် နည်းပြ(အင်္ဂလိပ်စာ) ရာထူးနေရာများ အတွက် အောက်ဖော်ပြပါ အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) နည်းပြ(မြန်မာစာ)ရာထူးအတွက် မဟာဝိဇ္ဇာဘွဲ့(မြန်မာစာ)ရရှိပြီးသူ၊ နည်းပြ(ယဉ်ကျေးမှုသမိုင်း) ရာထူးအတွက် မဟာဝိဇ္ဇာဘွဲ့(သမိုင်း)ရရှိပြီးသူ၊ နည်းပြ(အင်္ဂလိပ်စာ) ရာထူးအတွက် မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)ရရှိပြီးသူ ဖြစ်ရမည်။
(ခ) အသက် ၃၀ ထက်မကျော်ရ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်ထက် မကျော်ရ။ (၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်အထိ)
(ဂ) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

၄။ လျှောက်ထားလိုသူများသည် အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)၊ စီမံရေးရာဌာနခွဲရုံးခန်းသို့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်မှ ၃၁ ရက်အထိ ရုံးချိန်အတွင်း လာရောက်လျှောက်ထားရမည်ဖြစ်ပါသည်-

(က) CV Form(၆ လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ ၂ ပုံ)
(ခ) နိုင်ငံသားစိစစ်ရေးကတ်၊ ဝန်ထမ်းကတ်(မိတ္တူ)
(ဂ) အခြေခံပညာအထက်တန်းအောင်လက်မှတ်(မိတ္တူ)
(ဃ) အထူးပြုဘာသာရပ်အလိုက် မဟာဘွဲ့လက်မှတ်၊ အရည်အချင်းစစ်သင်တန်းတက်ရောက်ရန် အဆင့်မီကြောင်း ဘွဲ့လက်မှတ်၊ အမှတ်စာရင်း
(င) မိမိနေထိုင်ရာဒေသမှ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရဲစခန်းတို့မှ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)
(စ) ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ ထောက်ခံချက်(မူရင်း)
(ဆ) သက်ဆိုင်ရာအထူးပြုဘာသာရပ်များဖြင့် ဆောင်ရွက်ခဲ့ဖူးသော ပညာရပ်ဆိုင်ရာ/လုပ်ငန်းဆိုင်ရာ ဖော်ပြချက်နှင့် အထောက်အထားများ။

၅။ ရေးဖြေစစ်ဆေးခြင်းကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ နံနက် ၁၀:၀၀ နာရီတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၌ စစ်ဆေးသွားမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများအား လူတွေ့၊ လက်တွေ့စစ်ဆေးမည့်အစီအစဉ်ကို အချိန်မီထပ်မံ အကြောင်းကြားသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ဖုန်း-၀၈၅-၄၀၁၈၂၊ ၀၈၅-၄၀၁၈၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)**

## မွေးသက္ကရာဇ်အမှန်

ဦးတင်လှ၏သား သံဖြူဇရပ်မြို့(မူလွန်)တောင်ဖလုကျေးရွာ Grade-7 မှ မောင်ခန့်ဝေယံ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၁၀-၂၀၀၈ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ဦးချစ်ရွှေ၏သား သံဖြူဇရပ်မြို့(မူလွန်)တောင်ဖလုကျေးရွာ Grade-7 မှ မောင်နေလင်း၏မိခင် ဒေါ်မိငယ်၏ အမည်မှန်မှာ ဒေါ်မငယ် ၁၀/မဒန(နိုင်) ၀၉၂၁၆၁ ဖြစ်ပါကြောင်း။

**ဒေါ်မငယ်**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ပဲခူးမြို့၊ ကလျာဏီရပ်ကွက်၊ ရွှေသာလျောင်းလမ်းမတန်း၊ အမှတ်(၆၅၃/ခ)နေ ဒေါ်စန်းစန်းဝင်း ၇/ပခန(နိုင်)၃၄၆၈၁၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းဝင်းနှင့် ဦးလှိုင်ဝင်း ၇/ပခန(နိုင်) ၁၇၈၇၆၃ (ဘ)ဦးမြင့်အောင်တို့မှာ လွန်ခဲ့သည့် ၂၀၀၅ ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းလာခဲ့ရာမှ စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိသဖြင့် ၂၈-၁၂-၂၀၁၈ ရက်တွင် ပဲခူးခရိုင်တရားရုံး၌ ကျမ်းသစ္စာပြုလွှာပုံတင်အမှတ်(၁၆၄/ ၂၀၁၈) ဖြင့် နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းခဲ့ကြပြီးဖြစ်ပါသည်။ ထိုနေ့မှာပင် နှစ်ဦးပိုင်ပစ္စည်းများနှင့်ပတ်သက်၍ "လင်မယားနှစ်ဦးပိုင် ပစ္စည်းခွဲဝေခြင်းကတိစာချုပ်"ချုပ်ဆို၍ ခွဲဝေရှင်းလင်းပြီးလည်းဖြစ်ပါသည်။ ထို့ကြောင့်-

၁။ ပဲခူးမြို့၊ ကလျာဏီရပ်ကွက်၊ ခမေစုအရှေ့ရပ်၊ ဦးပိုင်အမှတ်(၇ခ)၊ အကျယ်အဝန်းအားဖြင့် ၀ ဒသမ ၀၄၀ ဧကအတိုင်းရှိ ဘိုးဘပိုင်မြေတစ်ကွက်နှင့် ၎င်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် ပဲခူးမြို့ကလျာဏီရပ်ကွက်၊ ရွှေသာလျောင်းလမ်းမတန်း၊ အမှတ်(၆၅၃/ခ)ဟုခေါ်တွင်သည့် (၃)ထပ်တိုက် အိမ် (၁)လုံး၊

၂။ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ကျိုက်ထီးရိုးစေတီတော်၊ ကျီးပါးစပ်လမ်းပေါ်ရှိ ဆိုင်ခန်းအမှတ်(၃၃၉)တွင် ဖွင့်လှစ်ထားသည့် "နေလ"အထည်ဆိုင်တို့မှာ ဦးလှိုင်ဝင်းနှင့် လုံးဝပတ်သက်မှုမရှိတော့ဘဲ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးတည်း အကြွင်းမဲ့ပိုင်ဆိုင်သည့်ပစ္စည်းများဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစောရိုဝယ်ဘတင် LL.B** | **ဒေါ်တင်ဇာကျော်သိန်း LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၁၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၁၀)** |

**အမှတ်(၆၄)၊ ဂေါ်သဇင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့၊**
**ဖုန်း-၀၉-၉၇၀၉၃၆၇၂၄၊ ၀၉-၉၇၆၄၁၈၄၆၆**

## အထွေထွေကိုယ်စားလှယ်လွှဲစာပျက်ပြယ်ပြီးဖြစ်ကြောင်း
## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ(၄)လမ်း၊ အမှတ်(၅၇၂/ခ)နေ ဒေါ်မြင့်ကြည် ၁၂/ဥကတ(နိုင်)၀၆၃၀၂၃၏ မိခင်ဖြစ်သူ ဒေါ်တင်လှိုင် ၁၂/ဥကတ(နိုင်)၀၅၉၆၃၄ သည်ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ စက်မှုဇုန်၊ (၈)ရပ်ကွက်၊ (၂)လမ်း၊ အမှတ်(၄၁)နေ ဦးသောင်းထိုက် ၁၂/ဥကတ(နိုင်)၀၁၁၃၁၇ သို့ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၁၈-၁၂-၂၀၁၄ရက်၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၂၈၆၃/၂၀၁၄)အား လွှဲအပ်ခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏မိခင်ဖြစ်သူ ဒေါ်တင်လှိုင် ၁၂/ဥကတ(နိုင်)၀၅၉၆၃၄သည် ၈-၇-၂၀၁၆ ရက်တွင် ကွယ်လွန်ပြီးဖြစ်သဖြင့် အထက်ဖော်ပြပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၂၈၆၃/၂၀၁၄) သည် ၈-၇-၂၀၁၆ ရက်မှစ၍ ပျက်ပြယ်ပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်မြင့်ကြည်** | **ဒေါ်ဝင်းပပစန္ဒာ** |
| **၁၂/ဥကတ(နိုင်)၀၆၃၀၂၃** | **LL.B, D.B.L, D.M.L, D.I.L** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၄)** |
| | **တိုက်အမှတ်(၁၅/၉၁)၊ (တတိယထပ်-ညာ)၊** |
| | **ပတ္တမြားလမ်း၊ (င/က)ရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်** |
| | **ဖုန်း-၀၉-၄၂၁၁၂၄၈၀၇** |

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)
## အနုပညာဌာနခွဲ(ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့်ပြဇာတ်)များတွင် တာဝန်ထမ်းဆောင်ရန်နည်းပြ (ဂီတ၊သဘင်၊ ပန်းချီ၊ ပန်းပု၊ရုပ်ရှင်နှင့်ပြဇာတ်)နှင့် စာပေပညာဌာနခွဲတွင် တာဝန်ထမ်းဆောင်ရန် နည်းပြ (မြန်မာစာ)၊ နည်းပြ (ယဉ်ကျေးမှုသမိုင်း)နှင့် နည်းပြ (အင်္ဂလိပ်စာ)
## ရာထူးနေရာများခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ရှိ အနုပညာဌာနခွဲ (ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့်ပြဇာတ်)များတွင် တာဝန်ထမ်းဆောင်ရန်နည်းပြ (ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့်ပြဇာတ်) နှင့် စာပေပညာဌာနခွဲတွင် တာဝန်ထမ်းဆောင်ရန် နည်းပြ(မြန်မာစာ)၊ နည်းပြ(ယဉ်ကျေးမှုသမိုင်း)နှင့် နည်းပြ(အင်္ဂလိပ်စာ) ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသူများကို အောက်ဖော်ပြပါအရေအတွက်အတိုင်း ရွေးချယ်ခန့်အပ်သွားမည်ဖြစ်ပါသည်-

| စဉ် | ရာထူး | လစာနှုန်း | ရာထူးနေရာ |
|---|---|---|---|
| (က) | နည်းပြ (ဂီတ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၉ နေရာ |
| (ခ) | နည်းပြ (သဘင်) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၇ နေရာ |
| (ဂ) | နည်းပြ (ပန်းချီ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၆ နေရာ |
| (ဃ) | နည်းပြ (ပန်းပု) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၅ နေရာ |
| (င) | နည်းပြ (ရုပ်ရှင်နှင့်ပြဇာတ်) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၃ နေရာ |
| (စ) | နည်းပြ (မြန်မာစာ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၂ နေရာ |
| (ဆ) | နည်းပြ (အင်္ဂလိပ်စာ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၃ နေရာ |
| (ဇ) | နည်းပြ (ယဉ်ကျေးမှုသမိုင်း) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၂ နေရာ |

၂။ နည်းပြ((ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့်ပြဇာတ်)ရာထူးနေရာများအတွက် အောက်ဖော်ပြပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) သက်ဆိုင်ရာ အထူးပြုဘာသာရပ်များအလိုက် မဟာဝိဇ္ဇာဘွဲ့ရရှိပြီးသူ(သို့မဟုတ်) မဟာဝိဇ္ဇာအရည်အချင်းစစ် သင်တန်းတက်ရောက်ရန် အဆင့်မီသူ ဖြစ်ရမည်၊
(ခ) အသက်(၃၀)ထက်မကျော်ရ ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် ၃၅နှစ်ထက်မကျော်ရ၊
(ဂ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ နည်းပြ(မြန်မာစာ)၊ နည်းပြ(ယဉ်ကျေးမှုသမိုင်း)နှင့် နည်းပြ(အင်္ဂလိပ်စာ) ရာထူးနေရာများအတွက် အောက်ဖော်ပြပါ အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) နည်းပြ(မြန်မာစာ)ရာထူးအတွက် မဟာဝိဇ္ဇာဘွဲ့(မြန်မာစာ)ရရှိပြီးသူ၊ နည်းပြ(ယဉ်ကျေးမှုသမိုင်း) ရာထူးအတွက် မဟာဝိဇ္ဇာဘွဲ့(သမိုင်း)ရရှိပြီးသူ၊ နည်းပြ(အင်္ဂလိပ်စာ)ရာထူးအတွက် မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)ရရှိပြီးသူ ဖြစ်ရမည်၊
(ခ) အသက် ၃၀ နှစ်ထက်မကျော်ရ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်ထက် မကျော်ရ၊ (၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်အထိ)
(ဂ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၄။ လျှောက်ထားလိုသူများသည် အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ စီမံရေးရာဌာနခွဲရုံးခန်းသို့ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၄ ရက်မှ ၃၁ ရက်အထိ ရုံးချိန်အတွင်း လာရောက်လျှောက်ထားရမည်ဖြစ်ပါသည်-

(က) CV Form(၆ လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ ၂ ပုံ)
(ခ) နိုင်ငံသားစိစစ်ရေးကတ်၊ ဝန်ထမ်းကတ်(မိတ္တူ)
(ဂ) အခြေခံပညာအထက်တန်းအောင်လက်မှတ်(မိတ္တူ)
(ဃ) အထူးပြုဘာသာရပ်အလိုက် မဟာဘွဲ့လက်မှတ်၊ အရည်အချင်းစစ်သင်တန်းတက်ရောက်ရန် အဆင့်မီကြောင်း ဘွဲ့လက်မှတ်၊ အမှတ်စာရင်း၊
(င) မိမိနေထိုင်ရာဒေသမှ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရဲစခန်းတို့မှ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)၊
(စ) ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ထောက်ခံချက်(မူရင်း)၊
(ဆ) သက်ဆိုင်ရာအထူးပြုဘာသာရပ်များဖြင့် ဆောင်ရွက်ခဲ့ဖူးသော ပညာရပ်ဆိုင်ရာ/လုပ်ငန်းဆိုင်ရာ ဖော်ပြချက်နှင့် အထောက်အထားများ၊

၅။ ရေးဖြေစစ်ဆေးခြင်းကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ နံနက် ၁၀ နာရီတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌ စစ်ဆေးသွားမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများအား လူတွေ့၊ လက်တွေ့စစ်ဆေးမည့်အစီအစဉ်ကို အချိန်မီထပ်မံ အကြောင်းကြားသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ဖုန်း-၀၁၃၅၉၀၂၆၃၊ ၀၁-၃၅၉၀၂၅၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ ၂၀
## မော်လမြိုင်ခရိုင်တရားရုံးတော်
## ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၁၂၆

| | | |
|---|---|---|
| ဒေါ်ကြည်ကြည်ဝင်း | **နှင့်** | ၁။ ဦးဆန်းဦး |
| | | ၂။ ဒေါ်စန်းစန်းနွယ် |
| **တရားလို** | | **တရားပြိုင်များ** |

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ ဇေယျာ(၂)လမ်း၊ အမှတ်(၁၀၈၂)နေ ဦးဆန်းဦး ၊ ဒေါ်စန်းစန်းနွယ် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ် တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို ရေစစ္စတြီမှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၁၄ရက်၊ (၁၃၈၃ခုနှစ် တပို့တွဲလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်း လင်းရန်ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇန်နဝါရီ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန္ဒမျိုး)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မော်လမြိုင်ခရိုင်တရားရုံး**

## မိဘအမည်မှန်

ဘားအံမြို့၊ အလက(နှစ်ခြား)ကျောင်း သတ္တမတန်းမှ စောဝေယံအောင်၏ မိဘအမည်မှန်မှာ ဦးဝင်းမြင့်နှင့် ဒေါ်နန်းသဇင်ဦး ဖြစ်ပါကြောင်း။

**ဦးဝင်းမြင့်၊ ဒေါ်နန်းသဇင်ဦး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက် အမှတ်(၆၉၀)၊ မြေကွက်တည်နေရာ အမှတ်(၆၉၀)၊ ဖြဟ္မစိုရ်လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးအုံ့ဇော် ၁၂/ဥကတ(နိုင်)၀၃၈၄၂၂၊ ဒေါ်ခင်ခင်ငွေး ၁၂/ဥကတ(နိုင်)၀၃၈၄၅၂ အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအုံ့ဇော် ၊ ဒေါ်ခင်ခင်ငွေး မြေကွက်အား အမည်ပေါက်တစ်ဦး ဖြစ်သူ ဦးအုံ့ဇော် (ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ခင်ခင်ငွေး ၁၂/ဥကတ(နိုင်) ၀၃၈၄၅၂မှ ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ (၁၀၆၄/၂၂-၁၁-၂၀၂၁) ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## တစ်ဦးတည်း ဖြစ်ကြောင်း

ဦးချစ်အောင်၏သား သံဖြူဇရပ်မြို့နယ်၊ ပင်ကျေးရွာ၊ ဘလောက်ပိုင်းနေ ဦးမင်းငွေအောင်နှင့် ဦးငွေအောင် ၁၀/သဖရ(နိုင်)၀၅၆၇၂၆ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမင်းငွေအောင်(ခ)ဦးငွေအောင်**

# အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၇၄ လမ်း၊ မြို့မဒဂုံးလမ်းထောင့်၊ တံခွန်တိုင်အဝိုင်းအနီးတွင် တည်ရှိသော ကျင်းလုံမြန်မာ ကုမ္ပဏီလီမိတက် (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၉၀၉၄၂၁၆၃)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်-

**ကုန်အမှတ်တံဆိပ်မှတ်ပုံတင်စာချုပ်အမှတ် (၁၉၉၆/၂၀၂၁)**

ကျွန်ုပ်၏မိတ်ဆွေသည် "အားမာန်"စက်ယန္တရားဟု အဓိပ္ပာယ်ရှိသော ARRMAN machinery ကုန်အမှတ်တံဆိပ်ကို အသုံးပြု၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း၌ ရေမော်တာ/ရေစုပ်စက်/ကွန်ပရက်စာ အမျိုးမျိုး၊ ရေပိုက်နှင့် ရေပိုက်အပိုပစ္စည်းအမျိုးမျိုး၊ အင်ဂျင်/မီးစက်နှင့် အပိုပစ္စည်းအမျိုးမျိုး၊ တွင်ခုံသုံး/လက်သမားသုံး ပစ္စည်းအမျိုးမျိုး၊ မြက်ရိတ်စက်အမျိုးမျိုး၊ ဒိုင်နမို/မော်တာအမျိုးမျိုး၊ စားသောက်ကုန်ဆိုင်ရာ/ဆောက်လုပ်ရေးလုပ်ငန်းသုံးဆိုင်ရာ စက်ပစ္စည်းနှင့် အပိုပစ္စည်းအမျိုးမျိုး၊ စိုက်ပျိုးမြေပြုပြင်ရေး လုပ်ငန်းသုံးစက်ပစ္စည်းအမျိုးမျိုး၊ ဆေးဖျန်းစက်အမျိုးမျိုးနှင့် အပိုပစ္စည်းအမျိုးမျိုး၊ ကားဆေးပန့်အမျိုးမျိုး၊ လေပိုက်အမျိုးမျိုး စသည့်စက်ပစ္စည်းအမျိုးမျိုးနှင့် ၎င်းတို့နှင့်ပတ်သက်သော အပိုပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ကြေညာစာချုပ်အမှတ် (၂၇၉၁/၂၀၁၃)အရနှင့် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ကြေညာစာချုပ်အမှတ်(၁၉၉၆/၂၀၂၁)အရတို့ဖြင့် ကုန်အမှတ်တံဆိပ်အား တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး မြန်မာပြည်တစ်ဝန်းလုံးသို့ ထုတ်လုပ်၊ ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျင်းလုံမြန်မာ ကုမ္ပဏီလီမိတက်မှ တစ်ဦးတည်းမူပိုင်အဖြစ် ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူးရောင်းချသော "အားမာန်" စက်ယန္တရားဟု အဓိပ္ပာယ်ရှိသော ARRMAN machinery ကုန်အမှတ်တံဆိပ်နှင့် ပတ်သက်၍ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ တိုက်ရိုက်၍သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပသုံးစွဲ၍ ကပ်နှိပ်တင်သွင်း၊ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏အကျိုးစီးပွားကို ထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | | |
|---|---|---|---|
| ဒေါ်ကြည်ကြည်ဝင်း | ဒေါ်အိအိလွင် | ဦးထက်နောင်ဦး | ဒေါ်ပွင့်ရည်ဦး |
| (တရားလွှတ်တော်ရှေ့နေ) | (တရားလွှတ်တော်ရှေ့နေ) | (အထက်တန်းရှေ့နေ) | (အထက်တန်းရှေ့နေ) |
| စဉ်-၁၁၂၆၃ | စဉ်-၁၁၃၄၃ | စဉ်-၄၆၄၄၇ | စဉ်-၅၀၅၉၇ |

ဖုန်း-၀၉-၂၀၃၂၆၈၅၊ ၀၉-၇၇၄၄၈၁၅၄၉၊ ၀၉-၂၀၂၀၄၇၇၊ ၀၉-၄၃၁၉၁၃၇၁
လမ်း ၆၀၊ ၂၇x၂၈ လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

# ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ (၁၆)လမ်း၊ မြေကွက်အမှတ်(၆၁၁)ရှိ ဦးအေးလွင်၊ ဦးအေးအမည်ပေါက်ပိုင်ဆိုင်သောဧရိယာအကျယ်အဝန်း (၂၅x၅၀)ပေ မြေကွက်နှင့် မြေပေါ်တွင်ဆောက်လုပ်ထားသော ဦးတင်နိုင် ၁၂/ပဗတ(နိုင်)၀၁၄၇၈၈ A.M.T Construction CO.,LTD. ပိုင်ဆိုင်သည့် ဧရိယာ (၁၂ ၁/၂x ၅၀)ပေ အကျယ်အဝန်းရှိ ပထမထပ်(ယာခြမ်း) နေအိမ်တိုက်ခန်းအား အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ငွေတချို့တစ်ဝက်ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယုယုခင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၀၇/၁၃)
အမှတ် ၄၇၇၊ သုမိတ္တာ(၁၃)လမ်း၊ (၁)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၂၀၇၇၄၄၈၇

# မြေနှင့် တစ်ထပ်အိမ်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၅၁၉)၊ အကျယ်အဝန်းအားဖြင့် ၄၄ ပေ x ၆၀ ပေ အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (ခြေရင်းခြမ်း) အကျယ်အဝန်းအားဖြင့် ၂၀ ပေ x ၆၀ ပေ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက် လက်ဝယ်ရှိသူ ဦးနိုင်လင်းအောင် ၁၂/ဥကတ(နိုင်)၁၅၉၃၂၀ က တရားဝင်ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူ တာဝန်ခံရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေ ဦးသန့်ဇင်ဦး ၇/လပတ(နိုင်)၀၉၄၈၇၀ မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းမူရင်းများ စုံလင်စွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခဲ့ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဦးသန့်ဇင်ဦး | ဦးလှမြင့် (LL.B,D.B.L) |
| ၇/လပတ(နိုင်)၀၉၄၈၇၀ | တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၂၂) |
| | ရုံးအမှတ်(၁၆၁/A3)၊ မြေညီထပ်၊ |
| | ကျိုက္ကဆံလမ်း၊ နတ်မောက်ရပ်ကွက်၊ |
| | တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၅၀၆၅ |

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၆၁၈၉၂ ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုနိုင် ၁၀/မလမ(နိုင်)၁၄၁၀၂၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2B/3894, Hino KM 300, Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်လချမ်း ၁၀/သထန(နိုင်)၁၀၂၈၃၈ က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သထုံ)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၂၉၂၂၄ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမင်းသန်း ၈/ရစက(နိုင်)၁၂၁၇၃၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၂ယ/၉၆၁၇၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရင်ဌေး ၁၀/မဒန(နိုင်)၂၁၅၀၂၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး မော်လမြိုင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5N/6189 ယာဉ်လက်ဝယ်ရှိသူ ဦးအေးထွန်း ၁၀/မဒန(နိုင်)၂၀၆၉၂၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး မော်လမြိုင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/97997,Yun 125, M/C ယာဉ်လက်ဝယ်ရှိသူ Yun Co., Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၅၇၂၄၉, Honda Click ND 125 M, MC ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မိုးအောင် ၁၀/ပမန(နိုင်)၁၉၃၂၆၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သထုံ)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6N/8006, HIGER KLQ 685663, BUS ယာဉ်လက်ဝယ်ရှိသူ ဒေါ်နော်စနိုးဗိုက် ၇/တငန(နိုင်)၁၂၇၄၉၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး (ဘားအံမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ယ/၇၆၆၀၈ Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထက် ၈/ရနခ(နိုင်)၁၁၁၅၉၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3P/1201 Mazda Bongo SK82V Delivery Van (4x2)R (white)ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ပြာလှိုင် ၇/ကတခ(နိုင်)၀၆၂၉၈၆ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2B/8621၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3K/2532 Suzuki Ertiga, S/W ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုလေး ၁၂/ဥကတ(နိုင်)၀၆၆၇၄၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5M/6189, ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇီဝ ၁၀/သဖရ(နိုင်)၀၇၉၈၇၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9C/7580, Honda CRV, S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးဦး ၁၀/မလမ(နိုင်)၀၆၄၅၈၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၉၂၂၉၃ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးပိုင် ၁၀/ခဆန(နိုင်)၁၁၇၂၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## တိုင်းဒေသကြီး/ ပြည်နယ်/ နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ ကျောင်းနှင့်ဌာနများတွင် လစ်လပ်လျက်ရှိသော အမှုထမ်းရာထူးနေရာများအတွက်
# လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်းနှင့် ဌာနများအတွက် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံပြီး လျှောက်ထားလိုသူများသည် လျှောက်လွှာများကို နီးစပ်ရာ တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျောင်းများတွင် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး၊ လစာနှုန်း | ပညာအရည်အချင်း | ခန့်အပ်မည့်ဦးရေ |
|---|---|---|---|
| (က) | စက်မှုကျွမ်းကျင်(၅) (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | GTHS(BT, EcT, ET, AMT, MT, MPT, IT, RACT) သင်တန်းဆင်း/ ITC လက်မှတ်ရရှိသူ | (၁၀၀ )ဦး |

၂။ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်ကိုက်ညီသူများအား အလုပ်လျှောက်လွှာခေါ်ယူသွားမည်ဖြစ်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) (၃၁-၁-၂၀၂၂)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)ထက် မကျော်သူဖြစ်ရမည်။
(ဂ) လုပ်ငန်းလိုအပ်ချက်အရ တိုင်းရင်းသားဒေသခံများကို ဦးစားပေး ရွေးချယ်ခန့်ထားမည်။
(ဃ) ဝန်ထမ်းအဖြစ်ခန့်ထားခြင်းခံရပါက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနတွင် တစ်ဆက်တည်း လုပ်သက်အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(င) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(စ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။
(ဆ) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

၃။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)နှင့် နီးစပ်ရာ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့်ဌာနများတွင် ထုတ်ယူ၍ လျှောက်လွှာများကို (၁၅-၂-၂၀၂၂)ရက်နေ့ နောက်ဆုံးထားပြီး အောက်ဖော်ပြပါ စာရွက်စာတမ်းများပူးတွဲလျက် နီးစပ်ရာကျောင်းများသို့ တိုက်ရိုက်တင်သွင်း လျှောက်ထားရမည်-

(က) GTHS(BT, EcT, ET, AMT, MT, MPT, IT, RACT)သင်တန်းဆင်း လက်မှတ်နှင့် ဒုတိယနှစ် အမှတ်စာရင်းမိတ္တူ / ITC သင်တန်းဆင်း လက်မှတ်နှင့် အမှတ်စာရင်း မိတ္တူ။
(ခ) (၆)လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ၊ အသက်အထောက်အထားအတွက် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။
(ဂ) (၁)နှစ်အတွင်း ပြုလုပ်ထားသော သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင် မိတ္တူ။
(ဃ) (၁)လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ မူရင်း။
(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း။
(စ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်မူရင်း။

၄။ အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသည့် လျှောက်ထားလာသူ GTHS (BT, EcT, ET, AMT, MT, MPT, IT, RACT)သင်တန်းဆင်းများ/ ITC လက်မှတ်ရရှိသူများအား မိမိလျှောက်လွှာတင်သွင်းခဲ့သည့် သက်ဆိုင်ရာကောလိပ်၊ သိပ္ပံနှင့် ကျောင်းများတွင် လူတွေ့စစ်ဆေးမှု ပြုလုပ်မည်ဖြစ်ပါသည်။

၅။ လူတွေ့စစ်ဆေးချိန်တွင် (GTHS သင်တန်းဆင်းလက်မှတ်၊ ဒုတိယနှစ် အမှတ်စာရင်း၊ ITC သင်တန်းဆင်းလက်မှတ်၊ အမှတ်စာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အလုပ်သမားမှတ်ပုံတင်)မူရင်းများ တင်ပြနိုင်ရမည်။

၆။ လူတွေ့အောင်မြင်သူစာရင်းနှင့် ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရသူများစာရင်းအား နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် ဌာနများတွင် ကြေညာသွားမည် ဖြစ်ပါသည်။

၇။ လျှောက်လွှာနှင့်စပ်လျဉ်း၍ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို (လုံးဝ)လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ လူတွေ့ဖြေဆိုခွင့် ကတ်ပြားများကို (၁၆-၂-၂၀၂၂) ရက်နေ့နှင့် (၁၇-၂-၂၀၂၂) ရက်နေ့များတွင် မိမိတို့ လျှောက်ထားခဲ့သည့် ကျောင်းနှင့် ဌာနများ၌ ရုံးချိန်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့်အတူ ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူရမည် ဖြစ်ပါသည်။

၉။ လူတွေ့စစ်ဆေးခြင်းကို (၁၉-၂-၂၀၂၂)ရက်နေ့၊ နံနက်(၉:၀၀)နာရီအချိန်တွင် ကျင်းပဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁၀။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မိမိလျှောက်ထားသည့် သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် ဌာနများတွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၃၃၆၇ ယာဉ်လက်ဝယ်ရှိသူ ဦးလှညွန့် ၁၀/မလမ(နိုင်)၂၄၃၇၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

# ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ ပဒုမ္မာလမ်း၊ တိုက်အမှတ်-၃/၅ဟုခေါ်တွင်သော မြေပေါ်တွင် တည်ဆောက်ထားသည့် (၃)ထပ်တိုက်၏ (ဒုတိယ)ထပ်အခန်းအမှတ်(၈)ဧရိယာ (အလျားပေ ၁၅xအနံပေ ၅၀) အကျယ်အဝန်းရှိသောတိုက်ခန်း(၁)ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချသူ ဒေါ်ညွန့်ညွန့်လွင် ၁၂/စခန(နိုင်)၀၀၅၃၃၀ မှ လက်ရှိပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းကြောင်းဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်က တိုက်ခန်း၏ ကာလတန်ဖိုးငွေအားလုံးအား လက်ငင်းအပြေအကျေ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့် ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

တိုက်ခန်းဝယ်ယူသူ
ဦးငွေလျှံတိုးအေး ၁၂/စခန(နိုင်)၀၇၃၉၉၇
အမှတ်(၄၁၄)၊ ပြည်ထောင်စုလမ်းမကြီး၊ ၂၅ ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၉၆၂၅၉၆၂၀၃၊ ၀၉-၇၇၅၂၅၄၄၇

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**ယနေ့ မာ တိ ကာ**

**အိန္ဒိယနိုင်ငံ၌ ကိုဗစ်- ၁၉ ကာကွယ်ဆေးမထိုးထားသူများတွင် သေဆုံးမှုအများဆုံးဖြစ်**

နိုင်ငံတကာသတင်း စာ - ၁၃

**၁၄-၁-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများ ပြုလုပ်သည့် (၁၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း**

သတင်းစာရှင်းလင်းပွဲ စာ - ၁၆

## ယခုနှစ် ကော်ဖီရာသီတွင် ပြည်ပနိုင်ငံများသို့ တန်ချိန် ၄၅၀ မှ ၅၀၀ ကြား တင်ပို့သွားမည်

ပြင်ဦးလွင် ဇန်နဝါရီ ၁၅

ယခုနှစ်ကော်ဖီရာသီတွင် ပြည်ပနိုင်ငံများသို့ ကော်ဖီတန်ချိန် ၄၅၀ မှ ၅၀၀ ကြား တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း ပြင်ဦးလွင်မြို့နယ် ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာနမှ သိရသည်။

လက်ရှိအချိန်တွင် ကော်ဖီများ စတင်ထွက်ရှိနေပြီး၊ အရည်အသွေးကောင်းကော်ဖီများ အနေဖြင့် ဒီဇင်ဘာလမှ မတ်လအတွင်း ထွက်ရှိကြောင်း၊ ယခုနှစ်ထွက်ရှိလာမည့် ကော်ဖီများကို ပြည်ပနိုင်ငံများဖြစ်သည့် အမေရိကန်၊

*စာမျက်နှာ ၁၂ ကော်လံ ၄* ✻



## ချယ်ဆီးကို အနိုင်ယူပြီး မန်စီးတီးအသင်း အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်

ပရီမီယာလိဂ်ပွဲစဉ် (၂၂) မှ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် ဂွါဒီယိုလာ၏ မန်စီးတီးအသင်းနှင့် တူချယ်၏ ချယ်ဆီးအသင်းတို့ပွဲစဉ်ကို ဇန်နဝါရီ ၁၅ ရက် ညပိုင်းက အီတီဟက်၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက ဒီဘရိုင်း၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် ချယ်ဆီးအသင်းကို အနိုင်ရရှိခဲ့သည်။ မန်စီးတီးအသင်းသည် ယခုပွဲစဉ် အနိုင်ရရှိမှုကြောင့် ပရီမီယာလိဂ် ၂၂ ပွဲ ကစားပြီး ရမှတ် ၅၆ မှတ်နှင့်အတူ ၁၃ မှတ်အသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

ယခုပွဲစဉ်တွင် မန်စီးတီးအသင်းသည် မာရက်ဇ်၊ ဇင်ချန်ကိုတို့ ပါဝင်လာနိုင်ခြင်းမရှိသော်လည်း အားထားရသည့် စတားလင်း၊ ဖိုဒင်၊ ဂရီးလစ်ချ်၊ ဒီဘရိုင်းတို့ကို အသုံးပြုကာ ချယ်ဆီးအသင်းကို ရင်ဆိုင်လာခဲ့သည်။ ချယ်ဆီးအသင်းကလည်း ကိုဗစ်-၁၉ ကူးစက်ခံထားရသည့် ကစားသမားနှင့် ဒဏ်ရာရရှိနေသည့် ကစားသမားတို့ကို ချန်လှပ်ကာ

*စာမျက်နှာ ၂၆ ကော်လံ ၃* ○



မန်စီးတီးကစားသမား ဒီဘရိုင်း ချယ်ဆီးအသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

## အိုမီခရွန်ရောဂါပိုးတွေ့ရှိသူ ၁၀ ဦး ထပ်မံတွေ့ရှိ

**SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း**

(၁၅ - ၁ - ၂၀၂၂) ရက်နေ့

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် "ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း"များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ ကယ်ဆယ်ရေးလေယာဉ် (Relief Flight) များဖြင့် ပြန်လည်ဝင်ရောက်လာသူများတွင် SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးတွေ့ရှိမှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာ၍ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူများ၏ ခွဲစိတ်ခွဲနမူနာများအနက် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုး တွေ့ရှိနိုင်သည့်

*စာမျက်နှာ ၁၂ ကော်လံ ၁* ◆

**ဇန်နဝါရီ ၁၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ**

| | |
|---|---|
| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် | ၁၇၀ ဦး |
| ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ | ၂ ဦး |
| ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်း | ၁.၅၃ % |